NYI SAY
MYANMAR EBOOK CREATOR


# ပန်းချီခရီးသည်

ပန်းချီမောင်ငွေထွန်း



www.facebook.com/NyisayEbookCreator
www.nyisay.com

# ပန်းချီခါကြီးသည်
# ပန်းချီမောင်ငွေထွန်း



www.facebook.com/theim.soe.3
မှ
စာအုပ်လှူဒါန်းပါသည်

www.facebook.com/NyisayEbookCreator
www.nyisay.com

## ပန်းချီမာတိကာ

ပန်းချီသည်စိတ်၏အစာ ၁
ပထမဦးဆုံးပန်းချီခရီးသည် ၂၅

အခန်း ၁ ပဲခူး

ဟင်္သာနှစ်ကောင် ၂၉
စိန်သာလျှောင်း ၃၁
ရွှေမော်ဓော ၃၂
ရွှေသာလျှောင်း ၃၃
မဟာစေတီ ၃၄
ကျိုက်ပွန် ၃၆
ပဲခူးကြိုးတံတား ၃၈

အခန်း ၂ မန္တလေး

မြွေကြီးနှစ်ကောင် ၃၉
ဈေးချိုနာရီစင် ၄၀
မန္တလေးတက္ကသိုလ် ၄၁
မြို့ရိုးနှင့်မန်းတောင် ၄၂
မင်္ဂလာတံတား ၄၃
ကျော်ဟိုးတံခါးဖေါက် ၄၄
စွယ်တော်စင် ၄[illegible]
မင်းတုန်းမင်းအုတ်ဂူ ၄၆
နန်းတော်အုတ်ခုံ ၄၇
ဗဟိုရ်စည်စင် ၄၈
မန်းတောင်နှင့်သုခမ္မာဇရပ် ၄၉
ဗျာဒိတ်ပေးရုပ်တော်မူ ၅၀
ကျောက်တော်ကြီး ၅၁
စန္ဒာမုနိ ၅၂
ကုသိုလ်တော် ၅၄
အတုမရှိကျောင်း ၅၅

www.facebook.com/NyisayEbookCreator
www.nyisay.com

ရွှေနန်းတော်ကျောင်း ၅၆
ကင်းဝန်မင်းကြီးဂူ ၅၇
ရွှေအင်ပင်ကျောင်း ၅၈
မဟာမြတ်မုနိ ၅၈

အခန်း ၃ အမရပူရ

ဘိုးတော်ဘုရားအုတ်ဂူ ၆၀
ဦးပိန်တံတား ၆၁
ကျောက်တော်ကြီး ၆၂
ပုထိုးတော်ကြီး ၆၃
ကြက်နှစ်နန်း ၆၃

အခန်း ၄ အင်းဝ

နန်းမြင့်ဗဟိုရ်စင် ၆၅
မဟာအောင်မြေဘုံစံကျောင်း ၆၆

အခန်း ၅ စစ်ကိုင်း

ကောင်းမှုတော် ၆၈
ထူပါရုံ ၇၀
ဆင်များရှင် ၇၁
စစ်ကိုင်းတောင်(လွှမ်းစေတီ-ဆွမ်းဦးပုညရှင်) ၇၃
စစ်ကိုင်းဦးဘိုးသင်း ၇၄

အခန်း ၆ မင်းကွန်း

မင်းကွန်းခေါင်းလောင်းကြီး ၇၄
မင်းကွန်းဘုရားကြီး ၇၆
မင်းကွန်းခြင်္သေ့ကြီး ၇၇

အခန်း ၇ မေမြို့

မေမြို့(ပြင်ဦးလွင်) ၇၈

အခန်း ၈ နာဂတောင်တန်း

ချင်းတွင်းမြစ် ၈၀
ခန္တီးလေယာဉ်ကွင်း ၈၁
ခန္တီးရှမ်းအမျိုးသမီး ၈၂
နာဂအမျိုးသမီး ၈၂
ညီစေညာစေ ၈၅
မောင်ရှင်လောင်း ၈၆
ရှင်လောင်းလှည့်ပွဲ ၈၇
ရှင်လောင်းတား ၈၇

www.facebook.com/NyisayEbookCreator
www.nyisay.com


| | | | |
|---|---|---|---|
| ဆင်သေရွာ | ၈၈ | ဟော့ကွန်ချောင်းဆုံ | ၁၀၆ |
| ဆင်သေတရုပ်တန်း | ၈၉ | အပျိုလှူပျို-ပန် | ၁၀၇ |
| ကျူုးကျော်တရုပ်ဖြူ | ၉၀ | ပန်-စုပေါင်းခန်းမ | ၁၀၈ |
| နာဂခရီးသည် | ၉၁ | ခေါင်ရည်ချို | ၁၀၉ |
| လောင်ဆောက်ရွာ | ၉၁ | တည်ငြိမ်ချောလှ နာဂမ | ၁၁၁ |
| တောင်ပေါ်ပန်း | ၉၂ | လေသာတောင် | ၁၁၂ |
| ဟတ္ထိရွာ | ၉၃ | ဆတ်သေရွာသူ | ၁၁၃ |
| အုန်းမောင်း | ၉၄ | ကယ်ဝီးချေး | ၁၁၅ |
| အောင်ပွဲ၏အမှတ်အသား | ၉၅ | တောင်ကြားတံတား | ၁၁၅ |
| နာဂအိမ်ရှင်မ | ၉၆ | တောသစ်ရွာ | ၁၁၇ |
| တောင်ယာသစ်သို့ | ၉၇ | စစ်သူရဲကောင်း | ၁၁၈ |
| လုံငေါက်ရွာ | ၉၈ | ထန်ပါကွေ့ရွာ | ၁၂၀ |
| တောင်ယာတဲ | ၉၉ | ဝါဖြတ်ပိုင်းငင့် | ၁၂၁ |
| နာဂသင်္ကေတ | ၉၉ | တညူငန်းရွာ | ၁၂၃ |
| နောက်လော်ရွာ | ၁၀၀ | နာဂရွာသူကြီး | ၁၂၃ |
| ပုံညိုနာဂ | ၁၀၁ | မီးလင်းဖို | ၁၂၅ |
| အုန်းမောင်းသံ | ၁၀၂ | နန့်စလိမ်ချောင်းဆုံရွာ | ၁၂၆ |
| ပန်-ရွာ၏ ခန်းမ | ၁၀၄ | နာဂလူငယ် | ၁၂၇ |
| တောင်ကျရေ | ၁၀၅ | အောင်ပွဲပြန် | ၁၂၇ |

www.facebook.com/NyisayEbookCreator
www.nyisay.com

အခန်း ၉ မြောက်ပိုင်းရှမ်းပြည်

ရေပူစမ်း ၁၂၉
လွယ်ဂျယ် ၁၃၀
ပွဲခင်းဈေး ၁၃၂
သကျမာရဇိန်အောင်တော်မူစေတီ ၁၃၃
ပန်းပန်တပွင့် ၁၃၄
ငါးရက်တဈေး ၁၃၅
အရက်ဈေး ၁၃၇

အခန်း ၁၀ ပူတာအိုအထက် ကချင်ပြည်နယ်ခြား

မချမ်းဘော့နယ်ခြား ၁၃၉

အခန်း ၁၁ မဟာရန်ကုန်

အမျိုးသားစီးပွားရေးသို့ ၁၄၃

www.facebook.com/NyisayEbookCreator
www.nyisay.com

# ပန်းချီသည်စိတ်၏အစ

ရန်ကုန်ဘဆွေ

ပန်းချီ မောင်ငွေထွန်းထံမှ စာတစောင်ရသည်။
မိမိသည် စာအုပ်ထုတ်ဝေရန် မှတ်ပုံတင်ရသဖြင့် ပန်းချီနှင့် ပတ်သက်သည့် စာအုပ်များ ထုတ်ဝေမည် ဖြစ်ကြောင်း။ မိမိ ပထမဆုံး ထုတ်ဝေမည့်စာအုပ်သည် မိမိ၏ ခရီးသွားမှတ်တမ်းများဖြစ်ကြောင်း။ ထိုမှတ်တမ်းသည် ဦးလေးနှင့်အတူ လပေါင်းများစွာ ခရီးသွားကြစဉ်က ရေးဆွဲခဲ့သည့်ပုံတို့ အများဆုံးပါလျက်ရှိသောကြောင့်၊ ပန်းချီရေးသူလည်းဖြစ်၊ စာရေးသူလည်းဖြစ်၊ အတူခရီးသွားလာ ရေးဆွဲခဲ့ဘူးသူလည်း ဖြစ်သော ဦးလေး၏ အမှာကိုအထူးလိုလားလျက်ရှိကြောင်း၊ စသည်-စသည်တို့ ဖြစ်၏။

မောင်ငွေထွန်း၏စာကို ဖတ်ပြီးလျှင် စာရေးသူက ပြုံးမိ၏။ ထို့နောက် သနားမိ၏။

အင်း....ရေးရပေတော့မည်။

ရေးမည်ဆိုက အခြေအမြစ်ကစ ရေးရပေမည်။

အနုပညာသည် အမျိုးအစားတို့အထဲ၌ ပန်းချီ အနုပညာတို့သည်၊ လုပ်ငန်းအရ နိုင်ငံရေးနှင့် အလှမ်းကွာလွန်းစွာ ရပ်တည် လုပ်ဆောင်ကြရသည်။

ပန်းချီ အနုပညာသည် ပန်းပုပညာသည်တို့နှင့် နှိုင်းစာလျှင် သဘင်ပညာသည် စာရေးဖွဲ့သူ ပညာသည်တို့သည် နိုင်ငံရေးတို့နှင့် ပို၍ နီးစပ်ကြသည်။ နိုင်ငံရေးနှင့် နီးကပ်စွာ ရပ်တည် လှုပ်ရှားကြရသော ပညာသည်တို့ ဖြစ်ကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

ထိုအခါ သဘင်ပညာသည်နှင့် စာရေးဖွဲ့သူ ပညာသည်တို့သည် အများသော ပြည်သူ လူတန်းစားအားလုံးတို့ထက်ငင်း၊ ပန်းချီ-ပန်းပု အနုပညာသည်တို့ထက်ငင်း၊ နိုင်ငံရေးကို ပို၍ နားလည်ကြသည်။ နိုင်ငံရေး၌ အဝါးဝကြသည်။ အချို့ နိုင်ငံရေး၌ အမြီးပေါက်နေသည့် ဂျပိုးကြီးများပင် ဖြစ်နေကြသည်။

ဤ၌လည်း သဘင်သည်နှင့် စာရေးဖွဲ့သူတို့ ခြားနားချက် ရှိကြပါသေးသည်။

သဘင် အနုပညာသည်တို့သည် ကျော်ကြားမှုနှင့် ပရိသတ် အားပေးအားမြှောက် ခံရမှုတို့ အတွက် မိမိတို့၏ ပင်ကိုယ် အရည်အသွေး အပေါ်၌သာ တည်နေမှု ရှိကြရသော်လည်း....

ထိုအနုပညာသည်တို့သည်၊ သမိုင်းအဆက်ဆက်ကတည်းက နိုင်ငံရေး-အုပ်ချုပ်ရေးတို့၌ တံခိုးသြဇာရှိသူ အုပ်စိုးသူတို့၏ အခိုင်းခံအဖြစ် အကြိုက်ကိုသာ လိုက်ပါပြုလုပ်ရလေ့ရှိ၏။

အကယ်၍ အုပ်စိုးသူတို့က ထိုသူတို့အား အရူးကဲ့သို့ငင်း၊ ကလေးကဲ့သို့ငင်း၊ သဘောထား၍ ခွင့်လွှတ်ပါသည်ဆိုပါမှ....

ထိုသူတို့သည် ပွဲကြည့်ပရိသတ်တို့က အလွန် ပြောချင်နေကြပါလျက်၊ မပြောဝံ့၍ အောင့်ထားရသည့် စကားများ၊ အဖြစ်သနစ်များကို အပြစ်မဖြစ်လေအောင် ကွေ့ရှောင်လျက်၊ ပရိသတ်ကြီးအလည်၌ ပြောချပြလိုက်မှုမျိုးဖြင့် အုပ်ချုပ်သူ တံခိုးအာဏာရှင်တို့အား လက်ဖြင့်ထောက်ပြလိုက်သကဲ့သို့ ဖြင်စေ သိစေမှုမျိုးသာ အနည်းအကျဉ်း ရှိခဲ့ဘူးကြသည်။ သဘင်သည်တို့ အနေဖြင့် ဤမျှသာ ရှိခဲ့ကြသည်။

စာရေးဖွဲ့သူတို့အနေဖြင့်လည်း ဤနည်းနှင်နှင် ဖြစ်ခဲ့ ရှိခဲ့ရပါသည်ဟု ဆိုလိုက ဆိုနိုင်သော်လည်း စင်စစ်မတူကြပါ။

သက်ဦးဆံပိုင် ဘုရင်မင်းတရားကြီးများ လက်ထက်ကပင် ဘုရင်ကို မြှောက်ထိုးပင့်ကော် ပြုလုပ်၍....

မဟာဗြဟ္မာ လျှာကုဋေဖြင့်၊ ဆန်းနေဂိုဏ်းညီ ဂါထာစီ၍....အရှင်၏ တကယ့် ဘုန်းတော်ဂုဏ်တော်တို့ကို ချီးကျူးလျှောက်ထားသည့်တိုင် ကုန်နိုင်လိမ့်မည် မဟုတ်ပါဟု ဆိုစေဦး....

www.facebook.com/NyisayEbookCreator
www.nyisay.com

ဝိဇယပြဇာတ်ကဲ့သို့သော ပြဇာတ်မျိုးဖြင့် ဘုရင်ကို လက်ညှိုးထိုး ပြ၏။ ရေသည် ပြဇာတ်ကဲ့သို့သော ပြဇာတ်မျိုးဖြင့် ဘုရင့်အပေါ်၌ ဆရာလုပ်၏။ သက်ဦးဆံပိုင် ဘုရင်တို့၏ လက်ထက်၌ပင် စာရေးဖွဲ့ကြသူတို့၌ ဤသို့သော 'လူလယ်' ပြုလုပ်မှုမျိုး များစွာ ရှိခဲ့ကြ၏။

သက်ဦးဆံပိုင်ခေတ်မှ လွတ်မြောက်၍ နယ်ချဲ့သမားတို့၏ သွေးစုတ်မှု လက်အောက်သို့ ရောက်ကြသောအခါ၊ စာရေးဖွဲ့သူ အနုပညာသည်တို့သည် ခတ်ပြောင်ပြောင်ပင် လမ်းနှစ်သွယ်ခွဲ၍ ရေးသားလာကြသည်။

တလမ်းသည် နိုင်ငံရေး ဖြစ်၍၊ တလမ်းသည် ဇိမ်ခံစာပေ ရေးသားရေး ဖြစ်သည်။

ဤနေရာ၌ ဇိမ်ခံစာပေ ဖြစ်သည်ဆိုသဖြင့် စာရေးသူတို့က စိတ်ဆိုးကြမည်လား မသိ၊ အမှန်မှာ အနုပညာရပ် မှန်သမျှတို့သည်၊ ဇိမ်ခံပစ္စည်းတို့ကို ဖန်တီးကြရသည့် ပညာရပ်တွေချည်း ဖြစ်ကြပါသည်။

လူတစုံတယောက်သည် အမျိုးသား သီချင်းတပုဒ်ကို ကြားရခြင်းအားဖြင့် ကြက်သီးမွေးညှင်းထခြင်း၊ ရင်တလှပ်လှပ်ခုန်ခြင်း၊ တကိုယ်လုံး သွေးပူလျက် မျက်နှာနီခြင်း၊ချွေးစို့ခြင်းတို့ဖြစ်လာရသည်ဆိုအံ့။ထိုသီချင်းသည် ဇာတိမာန်-ဇာတိသွေး တက်ကြွလာသည့် သီချင်းတပုဒ် ဖြစ်၏။ ဥဿမငှာယိဘာဝမြောက်သောကြောင့် ကြားရသူတို့အား ဝီရရသ-ဟု ခေါ်သော ဇိမ်ခံစရာအရသာမျိုးပေါ်စေသည့်သီချင်းဖြစ်၏။ တီးလုံးဖြစ်၏။ ထိုသို့မဖြစ်က ရသာပျက်၏။ ရသာပျက်က ဇိမ်ပျက်၏။ ဇိမ်ပစ္စည်း မဖြစ်လာ။

အနုပညာ၌ ဇိမ်ပစ္စည်း မဖြစ်လာက အနုပညာ မဖြစ်လာ။

ဤဇိမ်ပစ္စည်း ထုတ်လုပ်မှု ပညာရပ်တို့၌ စာရေးဖွဲ့ခြင်း ပညာရပ်သည်၊ နိုင်ငံရေး-အုပ်ချုပ်ရေး စသည်တို့နှင့် အလွန် နီးကပ်စွာ လုပ်ဆောင်ကြရသည်။ ထို့ကြောင့် သက်ဦးဆံပိုင် စနစ်အောက်မှ လွတ်မြောက်၍ နယ်ချဲ့သမားတို့၏ သွေးစုတ်ခေတ် လက်အောက်သို့ ရောက်လာကြသောအခါ

www.facebook.com/NyisayEbookCreator
www.nyisay.com

နိုင်ငံရေးစာပေကိုငှ်း၊ ဇိမ်စာပေကိုငှ်း၊ နိုင်ငံရေးနှင့် ဇိမ် စာပေကို ပေါင်းစပ်၍သော်ငှ်း ရေးဖွဲ့လာကြ၏။ စာရေးသူတို့ အစဉ်လေးစားခဲ့သော အချို့ ဆရာကြီးတို့ကမူ၊ နိုင်ငံရေးအစား ပိုမို သိက္ခာရှိ၍ ပိုမို ကျယ်ပြန့်သော လူမှုရေးတို့ကိုငှ်း၊ လူမှုရေးနှင့် ဇိမ်စာပေတို့ကိုငှ်း ပေါင်းစပ်၍ ရေးဖွဲ့တတ်ကြ၏။

ဤသည်ကို ဖေါ်ပြနေသည်မှာ စာရေးဖွဲ့မှု အနုပညာသည်၊ နိုင်ငံရေးနှင့် မည်မျှ နီးစပ်ပါသည်ဆိုသည့် အကြောင်းကို အခိုင်အလုံ ပေါ်ပြလို၍ ဖြစ်၏။

ကျနော်တို့ မျက်မှောက်ခေတ် နိုင်ငံရေးသမိုင်းကို ပြန်ကြည့်ကြပါစို့။

ဘကြီးဘဲဖေ၊ ကွယ်လွန်သူသမတကြီး ဦးချစ်လှိုင်၊ ဦးစု(ထိုသမတကြီးများကား အင်္ဂလိပ်လက်အောက် ၌ပင် လူထုက မိမိတို့သဘောအတိုင်းအတင်း သမတဘွဲ့ပေးထားခြင်း ခံရသူများ ဖြစ်သည်။) ဂဠုန်ဦးစော၊ ဒေါက်တာဘမော်၊ အားလုံးနိုင်ငံရေး ‘စာရေးသူ’များဖြစ်ကြ၏။ ဗိုလ်ချုပ်အောင်ဆန်းသည် အိုးဝေ မဂ္ဂဇင်း၊ စာတည်းချုပ်ဟောင်း ဖြစ်၏။ ကိုယ်တိုင်ရေးသော စာတွေများလှ၏။ ဦးဗဆွေကြီးသည် ‘ကက်သလိန်း ဂွက်ထော်’ ဟူသော နာမည်ကြီး ‘သရော်’စာပေ၊ ပြောက်ကျားတိုက်နည်း ဟူသော နိုင်ငံရေးစာပေတို့ကို ရေးခဲ့သူ ဖြစ်၏။ ဝန်ကြီးချုပ်ဟောင်း ဦးနုကား ဗမာပြည်၌ သာမက၊ ကမ္ဘာကပါ သိလာရသော စာရေးဖွဲ့သူ ဖြစ်၏။ သခင်ကို စတင်ခဲ့သော နိုင်ငံရေးသမားဟောင်းကြီးတဦးဖြစ်သူ ဆရာကြီး သခင်ဗသောင်းကား လူတိုင်သိ စာပေသမားကြီးပါတည်း။ ဗိုလ်ချုပ်ကြီးနေဝင်းကို ကြည့်ပါဦး။ အင်္ဂလိပ်ခေတ်၌ သခင်တွေ ဝုန်းကနဲ ပေါ်လာကြကာ အခြား နိုင်ငံရေး အဖွဲ့အစည်းတို့နှင့် ယှဉ်ပြိုင်လျက်၊မြူရွေးကောက်ပွဲ စသည်တို့၌ ဝင်ရောက်အရွေးခံကြစဉ်က ကိုယ်တိုင်ထုတ်ဝေသူ၊ ကိုယ်တိုင်စာတည်းချုပ်၊ ကိုယ်တိုင် သတင်းထောက် ပြုလုပ်လျက်၊ နယ်ချဲ့သမားနှင့် တကွအခြားသော အတိုက်အခံ အဖွဲ့တို့ကိုပါ ခွဆဲလာခဲ့သော နိုင်ငံရေး ‘စာရေးသူ’သတင်းစာဆရာတဦး ဖြစ်ခဲ့ဘူး၏။

www.facebook.com/NyisayEbookCreator
www.nyisay.com

ဝန်ကြီးချုပ်ဟောင်း ဦးနု၏ မြေတောင်မြှောက်ပေးခဲ့မှုဖြင့် စာပေလောကၡ ထင်ပေါ် ကျော်ကြားလာခဲ့ရသော စာရေးဖွဲ့သူ ဦးသိန်းဖေမြင့် အကြောင်းကိုကား ထုတ်ဖော် ရှင်းလင်းပြရန်ပင် မလို။ သို့သော် ဦးသိန်းဖေမြင့်သည်လည်း ဝန်ကြီးချုပ်ဟောင်း ဦးနုကဲ့သို့ပင် ဇာတ်စာပေနှင့် နိုင်ငံရေးစာပေ နှစ်မျိုးလုံးကို ရေးသူဖြစ်၏။ သခင်သန်းထွန်းလည်း ထိုနှစ်မျိုးလုံးရေးသည့် အမျိုးအစားၡပါ၏။ သခင်သန်းထွန်း၏ 'စကားလက်ဆောင်'သည် ဖတ်သူတိုင်းတို့၏ မျက်နှာၡ အပြုံးပန်းကို ပွင့်လာစေသည့် ခေတ်သစ် စာပေ လောကကို တုန်လှုပ်သွားစေသော သရော်စာကောင်းတခု ဖြစ်ခဲ့ဘူး၏။ တယောသံဖြင့် အလွမ်းကို ဖွဲ့နိုင်လွန်းလှသော အနုပညာရှင် သခင်စိုးမူကား နိုင်ငံရေး စာရေးဖွဲ့သူ သက်သက်သာ ဖြစ်လေသည်။

ဤသည်တို့ကိုကြည့်လျှင် စာရေးဖွဲ့မှု အနုပညာ၏ အလုပ်ဆက်ဆံရေးသည်၊ လူမှုရေး-နိုင်ငံရေး တို့ၡ အကျုံးဝင်ကြောင်း တွေ့ကြ သိကြပေလိမ့်မည်။

ပန်းချီရေးဆွဲမှု အနုပညာကား ထိုသို့မဟုတ်ပါ။ ပန်းချီရေးဆွဲမှုသည် လူအများတို့နှင့် ဆက်ဆံရသော လူမှုပန်းချီရေးဆွဲခြင်း အတတ်နှင့် လူအများတို့နှင့် ဆက်ဆံရန် မလိုသော သီးသန့် ဇိမ်ခံပစ္စည်း ထုတ်လုပ်သည့် ပန်းချီရေးဆွဲခြင်း အတတ်နှစ်မျိုး ရှိသည်။

ထိုနှစ်မျိုးအနက် လူအများတို့နှင့် ဆက်ဆံရသော ပန်းချီရေးဆွဲခြင်း အတတ်တွင် လူထုအား သွေးဆောင် ကြော်ငြာရသော (ဝါ) ဝါဒဖြန့်ရသော ကြော်ငြာရေးဆွဲခြင်းအတတ်၊ လူသုံးကုန်ပစ္စည်းတို့ၡ လူတို့ လူချင်တပ်မက်လာအောင် ရေးခြယ်ရသော အလှအပရေးခြယ်မှုအတတ်၊ လူသုံးကုန်ပစ္စည်း ဖန်တီးရသော ပုံစံ ထုတ်လုပ်ခြင်းအတတ် စသည်တို့ ပါရှိသည်။ ဇိမ်ခံ ပန်းချီ၊ သို့မဟုတ် ရသပန်းချီရေးဆွဲခြင်းကား ထိုသို့မဟုတ်။

သဘာဝၡ မြင်သော အရာအကြောင်းတို့ကို ပန်းချီရေးဆွဲသူက မြင်လိုက်ရသဖြင့် မိမိ၏ရင်ၡ ပေါ်လာသည့် ခံစားရချက်ကို ပုံပန်းဆေးရောင်တို့ဖြင့် အမိအရ ဖမ်းလီ ရေးဆွဲထားလိုက်ခြင်းမျှသာ ဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

လူအများတို့နှင့် ထိတွေ့ဆက်ဆံရသော ပန်းချီ(Commercial Art) နှင့် ဇိမ်ခံ ပန်းချီ (Fine Art) တို့ကို လူတို့ သုံးစွဲကြပုံခြင်း မတူကြ။

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက လက်ညှိုးဖြင့် တည့်တည့်ထိုးလျက်၊ "မင်းကိုအလိုရှိသည်" (I Want You) ယူသော ကြော်ငြာအရုပ်ကြီးများ၊ အောက်တိုဘာ တော်လှန်ရေးနေ့၌ မျက်နှာမော့မော့၊နှာခေါင်း ချွန်ချွန်၊ မုတ်ဆိတ်ချွန်ချွန်နှင့် လီနင်ပုံများ။ တရုပ်ပြည် တပြည်လုံး နေရာမရွေး တွေ့နိုင်ကြသော မော်စီတုံး ရုပ်ပုံများ၊ သတင်းစာ မဂ္ဂဇင်းတို့၌ တွေ့ကြရသော ဝတ္ထုကြောင်း ရုပ်ပုံများ။ ကြော်ငြာရုပ်ပုံများ။ နေ့တိုင်း မြင်တွေ့နေရသော တိုက်တာ အဆောက်အဦ ပုံစံများ။ မော်တော်ကားပုံစံများ။ ပန်းကန်ခွက်ယောက် ပုံစံ များ။ ခြယ်လှယ်ထားသော ပုံစံများ။

ဇိမ်ခံပန်းချီ (ဝ၁) ရသပန်းချီရေးသော ပန်းချီဆရာတို့ နည်းအမျိုးမျိုးဖြင့် ဝယ်၍မရသော ဆီဆေး အဖြူတို့ဖြင့် ဗိုလ်ချုပ်ဈေးထဲ၌ ထမိတထည် ဆယ့်ငါးကျပ်ဖြင့် လက်မလယ်နိုင်အောင် ရေးခြယ်ပေးနေသည့် လုံချီ ဒီဇိုင်းရေးသူတို့၏ ဒီဇိုင်းများ။ တိုက်တွေအိမ်တွေကို လှပအောင် ဆေးရောင်စပ်၍သုတ်သူများ ကုန် တိုက်များကို အလှအပ ပြင်ဆင်ခင်းကျင်းသူများ စသည် စသည်တို့သည် လူအများနှင့် ထိတွေ့ဆက်ဆံရသော ပန်းချီဖြစ်သည်။ (Commercial Art) ၌ အကျုံးဝင်သော ပန်းချီတို့ ဖြစ်သည်။

ဇိမ်ခံပန်းချီ (Fine Art) ကား ထိုအမျိုးအစားတို့ကဲ့သို့ လူမှုဆက်ဆံရေးတွင် မကျယ်ပြန့်၊ ကျယ် ပြန့်လျှင်လည်း ဇိမ်ခံပန်းချီ (Fine Art) မဖြစ်နိုင်။သဘောကိုက ရှားပါးမှု၌ သီးသန့် ရပ်တည်လျက်ရှိရ၏။

ဇိမ်ခံပန်းချီ၏ သဘောကို ဖေါ်ပြရလျှင် တလောက တောင်ကြီးမြို့၌ ကွယ်လွန်သွားရှာသော ဗိုလ်မှူး ကိုင်ရို၏ ပြောစကားဖြင့် ရှင်းပြရပေမည်။

ဗိုလ်မှူးကိုင်ရိုသည် နေ့မှန်းမသိ-ညဥ့်မှန်းမသိ အလုပ်လုပ်သူဖြစ်၏။ ဆာသည်ဟူ၍လည်း မရှိ၊ စိတ်ညစ် သည် ဟူ၍လည်းမရှိ၊ ပင်ပန်းသည်ဟူ၍လည်းမရှိ၊အိပ်ရေးပျက်သည်ဟူ၍လည်းမရှိ၊ စာရေးသူနှင့် ရင်းနှီးကြစဉ်

www.facebook.com/NyisayEbookCreator
www.nyisay.com

ဏ သူသည် တရက်လျှင် သုံးနာရီမျှသာအိပ်၏။ ကျန်းမာတောင့်တင်းသူ၊ ကိုယ်လုံးကိုယ်ထည်ကြီးသူဖြစ်သောကြောင့်၊ အရပ်မနိမ့်လှသော်လည်း ပုတိုက်တိုက် ဂင်တိုတိုဟု ထင်ရ၏။

တခါတွင် သတင်းစာကိစ္စတခုဖြင့် စာရေးသူ မုံရွာသို့သွားရာ၊ မုံရွာနယ်၌ တာဝန်ကျနေသော ဗိုလ်မှူးကိုင်ရှိနှင့် တွေ့ရ၏။ ခင်မင်ခဲ့ဘူးသော ရဲဘော်-ရဲဘက်ဖြစ်သောကြောင့် စာရေးသူအား စစ်သားသုံး 'ရမ်' အရက်ခြောက်ပုလင်းလာပေးသည်။ တနာရီကျော်ကျော်လောက် ဟိုအကြောင်း-သည်အကြောင်း ပြောကြပြီး၍ ပြန်ကာနီး၌ ဗိုလ်မှူးကိုင်ရှိက ပြော၏။

"ဒီအရပ်က အားကြီးပူတယ် အကိုကြီး။ ကျွန်တော်အလုပ်ကပြန်လို့ အိမ်ရောက်ယင် အိမ်ထဲဝင်လိုက်တာနဲ့ ရင်ထဲမှာအေးသွားအောင် ရေကြည်ကြည်ကလေးပါတဲ့ ပန်းချီကားတချပ်လောက် လိုချင်တယ်။ အဲဒီပန်းချီကားသာရှိယင် ရင်ထဲမှာ အေးချမ်းသွားပြီး ခေါင်းထဲကလဲ ကြည်လင်လာမှာဘဲ။ အမောလဲပြေသွားမှာဘဲ။ ကျနော့်ကို အဲဒီလိုပန်းချီကားမျိုးတချပ်လောက် ဆွဲပေးစမ်းပါ။ အိမ်ထဲမှာဝင်ဝင်ခြင်းမြင်ရအောင် ချိတ်ထားမယ်။ ညနေခမ်းမှာထိုင်ပြီး ဘိနပ်ချွတ်ယင်း အဲဒီပန်းချီကားကိုကြည့်မယ်။ ကျနော်တကယ့်ကိုအမောပြေသွားမှာဘဲ။ အကိုကြီးတောင်းတဲ့ဈေးပေးပါ့မယ်။ အကိုကြီး ဆက်ဆက်ရေးပေးစမ်းပါ"

စာရေးသူက "ရေးပေးပါ့မယ်၊ခင်ဗျား ပိုက်ဆံမပေးရပါဘူး"ဟု ပြောခဲ့၏။ယခုအထိ ရေးမပေးဖြစ်၊ ဗိုလ်မှူးကိုင်ရှိကား တောင်ကြီး၌ ကွယ်လွန်သွားရှာလေပြီ။

ဗိုလ်မှူးကိုင်ရှိပြောသောစကားသည် (Fine Art) ခေါ် ဗိမ်ခံပန်းချီ (ဝါ) ရသပန်းချီကား၏ အရည်အချင်းကို သရုပ်ဖော်သော စကားပင် ဖြစ်၏။

ကျွန်တော်တို့သည် အစားအစာကို ချက်ပြုတ်စားသောက်ကြရာ၌ စားကောင်းစေရန်နှင့် ကိုယ်ခန္ဓာအတွက် ကျန်းမာသန်စွမ်း အင်အားရှိစေရန် ချက်ပြုတ် စားသောက်ကြရသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

အစားအစာတခုသည် စားမကောင်း၍မဖြစ် စားကောင်းရပေမည်။ ပဲပြုတ်ကို စားကောင်းစေရန် ဆီဆမ်း၊ ဆား၊ ကြက်သွန် စသည်တို့ သင့်တင့်အောင်ထည့်သဖြင့် ဤသို့ ပြုလုပ်ရပါမည်လားဟု ဇိမ်ခံလိုသူ ဇိမ်ယူလိုသူအဖြစ် စွပ်စွဲ၍မရ၊ အစာဖြစ်က စားကောင်းရမည်။ အရသာရှိရမည်။ ထို့ပြင် အားဖြစ်ရမည်။ ကျန်းမာရမည်။ စားသောက်ဘွယ်တို့သည် ရုပ်၏အစာ ဖြစ်လေသည်။

ထို့အတူ စိတ်၏အစာတို့လည်း ရှိသေး၏။ အလုပ်ပင်ပန်းသဖြင့် စိတ်မောလူမော ဖြစ်လာသူ တစုံတယောက်သည်၊ ရေအေးအေးချိုးလျက် သန့်ရှင်း ပေါ့ပါးသော အဝတ်သစ်ကလေးကိုဝတ်ကာ၊ကော်ဖီပူပူလေးတခွက်၊ သို့မဟုတ် အရက်ပေါ့ကလေးတခွက်သောက်၍ မြစ်ဆိပ်ကမ်းဘက်သို့ လမ်းလျှောက် ထွက်သွားသည် ဆိုပါစို့။

ထို့နောက် တိမ်ရောင်ကလေး ပုဇွန်ဆီတောက်နေသည့် နေကလေးရီရီတွင် ဧရာဝတီမြစ်၏ သောင်ပြင် ကမ်းစပ်၌ သွားရောက်ထိုင်နေမိကာ မြင်နေရသည့် ရှုခင်း၏ အေးချမ်းသာယာမှုအတွင်း၌ နစ်မြောနေမိသည် ဆိုပါစို့။

မှောင်ရီပျိုးရာမှ ရှုခင်းကိုမှုမြင်ရလောက်သောအချိန်၊မြစ်ပြင်တွင်တဖြူးဖြူး တိုက်ခတ်နေသည့် လေအေးကြောင့် ထိုသူ၏တကိုယ်လုံး အတော်ချည်း အေးစိမ့်လာသောအချိန်။

ထိုအချိန်သို့ရောက်သဖြင့် ထိုသူသည် နေရာမှထ၍ အိမ်သို့ပြန်လာသောအခါ၊ စိတ်သစ်လူသစ်ဖြစ်လျက် လန်းဆန်းလာရလိမ့်မည်မှာ သေချာ၏။ အလုပ်ခွင်၌ မောပန်း စိတ်ရှုပ်လာခဲ့ရသမျှတို့ ပြေပျောက်သွားရ၊ ပေါ့ပါးသွားရမည်မှာ သေချာ၏။

ရသဖော်ပန်းချီကား ရေးဆွဲသူတို့သည်၊ ထိုသဘာဝ၏ သာယာသော၊ ကြည်နူးဘွယ်ကောင်းသော၊ အေးမြသောအလှကို စုတ်ချက်တို့ဖြင့်ဖမ်းဆီးကာ ပိတ်ကားပြင်ပေါ်၌ သိုလှောင်လျက် ယူဆောင်လာခဲ့ခြင်း ဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

ရသဖော် ပန်းချီဆရာသည် သဘာဝ၏ လှသော အေးသော ညနေဆည်းဆာကို စုတ်ချက်ဖြင့်ဖမ်းဆီး၍ ပိတ်ကားပြင်ပေါ်၌ သိုလှောင် ယူဆောင်လာသောအခါ ရောဝတီမြစ်ပြင်နှင့် ဝေးကွာလှသော သဲတော၊ ဖုတ်တော၊ ထန်းတော၊ ကုန်းကျင်းတို့၌ နေထိုင် အလုပ် လုပ်သူသည် မိမိအိမ်ခန်းအတွင်း၌ပင် ရောဝတီမြစ်၏ အေးချမ်းသာယာသောဆည်းဆာကို ငေးမောလျက် ထိုဆည်းဆာ၏ကြည်နူးမှုအလှတွင် နှားနေနိုင်၏။ စိတ် အမောဖြေနိုင်၏။

ဤသို့ စိတ်အမောဖြေခြင်းကို ဇိမ်ခံခြင်းဟု ခေါ်ဆိုက ခေါ်ဆိုနိုင်ကြသည်။ လူတို့ စိတ်အမော ဖြေသည့် လူတို့စိတ်နားနေရာရိပ်သာ၊ သောင်ကမ်းဖြစ်သည့် တေးသီချင်းများ၊ တီးလုံးများ၊ ကဗျာများ၊ ဝတ္ထုစာများ၊ ကပွဲများ၊ ပန်းချီကားများ စသည်စသည်တို့သည် တစုံတခုသော ဇိမ်ခံဘွယ်အရသာ (ဝါ) နားနေ နှစ်မြောဘွယ်အရသာ တခုခု ရှိကြရမည်။

ထိုအရသာ မပါရှိလျှင် (ဝါ)ဇိမ်ခံစရာ မပါရှိလျှင် ထို တေး၊ ကဗျာ၊ တီးလုံး၊ ပွဲ၊ ဝတ္ထု၊ ပန်းချီကား စသည်တို့သည် တန်ဘိုး မဲ့လေသည်။

ထို့ကြောင့် ထိုစိတ်၏ နားနေရာ စိတ်၏အစာဖြစ်သော အရာဝတ္ထုတို့ကို ဖန်တီးရန်အတွက် သက္ကဋ္ဌဆရာတို့က ရသ ကိုးမျိုးမှ သန်ရာ သန်ရာ တမျိုးမျိုး ဖော်စပ်ယူနိုင်အောင် နည်းလမ်းများထားပစ်ခဲ့သည်။

ဥပမာ သိင်္ဂါရ ရသ ပေါ်စေသော တေး၊ ကဗျာ၊ ဝတ္ထုစာ၊ ပန်းချီကား စသည်တို့ ဖန်တီးရန်အတွက်

ဥယျာဉ် ရေကန်၊ ဗိမာန် ဆည်းဆာ၊ တန်းဆာဝတ်စား၊ ပျိုသူများအပြင်၊ နုထွားငယ်ရွယ်၊ သားသူငယ်နှင့်၊ မြစ်လယ်သောင်စပ်၊ ဇရပ်တန်ဆောင်း၊ ဂူကျောင်းဘုရား၊ မိုးသားတိမ်လိပ်၊ တောင်

www.facebook.com/NyisayEbookCreator
www.nyisay.com

ထိပ်လဆန်း၊ ညချမ်း ပန်းပင်၊ ကွင်းပြင်ကျယ်ပြော၊ ထိုသဘောလည်း၊ပွားပေါ် ဥဒ္ဒီပန ဝိဘာဝ၊ ဖြစ်ရ
ပေါ်ရ သိင်္ဂါရ ရသ။

ဟု ညွှန်ပြထားခဲ့၏။ သိင်္ဂါရ ရသ ပေါ်စေသော စာ၊ ပန်းချီ၊ တေး ကဗျာ တို့ ဖန်တီးရန်အတွက် ထိုသိင်္ဂါရ ရသကို ဖြစ်ပေါ်စေသော၊ ဖြစ်ပေါ်ရန် ဖန်တီးပေးတတ်သော ဥယျာဉ် ရေကန် စသည်များ၊ ဆည်းဆာချိန်များ၊လဆန်းရက်၏ လနှင့် ညချမ်းများ၊ ချစ်စဖွယ် ကလေးငယ်များ၊အဝတ်သစ်တို့ဖြင့် ဖီးလိမ်း ပြင်ဆင်ထားကြသော ယောကျ်ားပျို၊ မိန်းမပျိုများ စသည်စသည်တို့သည် *ရတိ-ခေါ်သည့် အဖြစ်သို့ ရောက်စေသော * သိင်္ဂါရ ရသပေါ်အောင် ဝိုင်းဝန်းပို့ဆောင်ပေးတတ်သော အကြောင်းအရာများ ဖြစ်ကြသည်ဟု အတိအလင်းဆိုထား၏။ ထိုအကြောင်းအဖြစ်များအတွက် အဖြူရောင်၊ အမဲရောင်နှင့် ခိုရောင်တို့ လွှမ်းသော အရောင်တို့ဖြင့် ရေးခြယ်နိုင်သည့် သဘောကိုလည်း ဖော်ပြထား၏။

သိင်္ဂါရ ရသကို ဖြစ်စေသော ဖြစ်တတ်သော တဏှာနှင့်ပတ်သက်၍ 'သင္ဂြဟတနသံယုတ်၊ဇောသုတ်'၌

" 'တဏှာ'ဟူသည် ကျင်နာခံကပ် နှိပ်စက်တတ်သော ရောဂါဆိုးကြီးဖြစ်၏။အိုင်း အမာ ဖြစ်၏။ စူးဝင်တတ်သော မြား ငြောင့် ဖြစ်၏"ဟု ဖော်ပြ၏။

မဇ္ဈိမနိကာယ် မာဂန္ဒိယသုတ်၌လည်း"နူနာစွဲသောသူသည် မိမိအနာကို ကုတ်ဖဲ့၍ သာယာမှုရှိသကဲ့သို့" ဟု ဖော်ပြထား၏။

ပန်းချီ ရေးဆွဲသူ တစုံတယောက်သည် သိင်္ဂါရ ရသ ပေါ်စေမည့် ရေးဆွဲရန် အကြောင်းအရာတို့ကို ပင်ပန်းကြီးစွာ ရှာဖွေကြသောအခါ ထိုအချက်များကို တွေ့ကြရ၏။

---

* ရတိ=ချစ်ကြိုက်စိတ်၊ရွှင်မြူးစိတ်ပေါ်စေသောအကြောင်း

* သိင်္ဂါရ ရသ=တကိုယ်လုံး ဖွာတောင့်တင်းလျက် တပ်မက်သော၊တပ်လိုသောစိတ်များဖြင့် ထိုး ကျဉ် ထကြွလာသည့် ခံစားရချက်

တိဗက် ပန်းချီဆရာတို့သည် 'တဏှာ'ကို သရုပ်ဖော်ရာ၌ 'လူတဦး လက်ခုပ်တဖက်တည်းဖြင့် ရေခပ်သောက်နေပုံ'ဖြင့် ဖော်ပြ၏။ 'အဝိဇ္ဇာ'ကို ဖော်ရာ၌ 'လူတဦး မောင်းနှင်နေသည့် မျက်မမြင် ကုလားအုပ်တကောင်၏ပုံ" ဖြင့် အာဇန္တလိုဏ်ဂူ ပန်းချီဆရာတို့က ရေးဆွဲပြ၏။ တိဗက် ပန်းချီဆရာတို့ကမူ တုတ်တချောင်းဖြင့် ရမ်းဆသွားနေသော မျက်မမြင် လူတယောက်၏ပုံဖြင့် သရုပ်ဖော်၏။

သိင်္ဂါရ ရသ တိုက်ရိုက် ဖြစ်ပေါ်နေသည့် ခံစားရချက် (ဝေဒနာ)ကို တိဗက် ပန်းချီဆရာတို့က ချစ်သူ နှစ်ဦး လွတ်ထွက်ပျောက်ကွယ်သွားမည် စိုးသကဲ့သို့ အချင်းချင်း တအား ဖိကပ် ပွေ့ဖက်ထားပုံဖြင့် သရုပ်ဖော် ရေးဆွဲ၏။

သိင်္ဂါရ ရသ ပေါ်အောင် ရေးဆွဲမည့် ပန်းချီရေးဆွဲသူတယောက်သည် သိင်္ဂါရ ရသ၏ သဘောနှင့် အခြေအမြစ်ကို ဤသို့ ရှာဖွေရ၏။ ထို့နောက် အကြိမ်ပေါင်းများစွာ စမ်းသပ်ဖန်တီးရေးဆွဲရ၏။

ပန်းချီအကြောင်းကို မသိသူ၊ သို့မဟုတ် သိချင်ယောင်ဆောင်သူ၊ သို့မဟုတ် အပေါ်ယံမျှသာ ရေးဆွဲလိုက်စားသူတို့က တောင့်တင်းလှပသော မိန်းမပျိုတယောက်၏ ကိုယ်လုံးတီးပုံကို တူအောင် ရေးခြယ်ပြလျှင် မြင်လိုက်ကြရသော ယောကျ်ားတိုင်း ထောင်းကနဲ စိတ်ကြွလာလိမ့်မည်။ သိင်္ဂါရ ရသပေါ်သောပန်းချီကား ဖြစ်မည်ဟု ထင်ကြ၏။

ဖြစ်နိုင်ပါသည်။ လူ၏အသိနှင့် တိရစ္ဆာန်၏စိတ်ထားမျိုးရှိသောသူတို့အတွက် ဖြစ်နိုင်ပါသည်'အည်းအား'ဟူသော အသံများ 'ရှီ'ဟူသော လေချွန်သံများပင် ထွက်လာနိုင်ပါသေးသည်။ သို့သော် လူ၏အသိနှင့် လူ၏စိတ်ထားမျိုး ရှိသူတို့အတွက် ထိုသို့ဖြစ်ရန်မလွယ်ပါ။ လှပတောင့်တင်းသော မိန်းမတယောက်၏ ကိုယ်လုံးတီး ပုံကို မြင်ရုံမျှဖြင့် ဘယ်လိုမျှ စိတ်၌မလှုပ်ရှားကြောင်း တကယ် လေ့ကျင့်လိုက်စားလာကြသော ပန်းချီရေးဆွဲကြသူတိုင်း ကိုယ်တွေ့သိပြီး ဖြစ်ကြသည်။ အကြောင်းမူ တကယ်လေ့ကျင့် လိုက်စားလာကြသော ပန်းချီရေးဆွဲကြသူတိုင်းတို့သည် အရွယ်အမျိုးမျိုး၊ မိန်းမအမျိုးမျိုးတို့၏ ကိုယ်လုံးတီးကို တကယ့်လူကိုယ်တိုင်

www.facebook.com/NyisayEbookCreator
www.nyisay.com

အား ကြည့်လျက် မြင်ကွင်းအမျိုးမျိုးမှနေ၍ အကြိမ်ပေါင်း များစွာ ရေးဆွဲဘူးခဲ့ကြသူတွေချည်းဖြစ်ကြသည်။

ထိုစဉ်က အတွေ့အကြုံအရ ပန်းချီရေးဆွဲသူတို့သည် မြင်ရသူတို့အား စိတ်လှုပ်ရှားစေနိုင်သည့် အနေအထားမျိုး ရစေရန် အရေးဆွဲခံမည့် မိန်းမပျိုအား တမျိုးပြီးတမျိုး ပြင်ဆင်နေထိုင်စေပါသော်လည်း နာရီပေါင်းများစွာသော အချိန်ကုန်လာလျက် မြင်ရသူတို့အား ထိခိုက်လှုပ်ရှားစေနိုင်သည့် အနေအထားမျိုး ရှာမတွေ့နိုင်ကြသောကြောင့်ဖြစ်သည်။

ဤသို့ဖြင့် လေ့ကျင့်ပါများ၍၊ တွေးတောကြံစည်စမ်းသပ်ရေးဆွဲပါများ၍ အတွေ့အကြုံကြောင့် တဖြေးဖြေး သိလာကြရသောအခါ ကိုယ်လုံးတီးကို မဖော်ပြပါဘဲနှင့်လည်း ကြည့်မြင်ရသူတို့အား ထောင်းကနဲ စိတ်လှုပ်ရှား ထကြွလာစေအောင် ရေးနိုင်ကြောင်းကို တွေ့သိကြရသည်။

ကမ္ဘာကျော် ပန်းချီဆရာတဦးဖြစ်သော 'ဒဂါး'(Degas)သည် မိန်းမတို့၏ ပြာယာခပ်ပုံ၊ ပေါ့ပေါ့ဆဆ နိုင်ပုံ၊ ပုံဆိုးပန်းဆိုး ပြုလုပ်တတ်ပုံ၊ အချိန်ဖြုန်းတီးတတ်ပုံများကို ကိုယ်လုံးတီးပုံပေါင်း များစွာဖြင့် သရုပ်ဖော် ရေးဆွဲထားခဲ့လေသည်။

ထိုပုံတို့သည် လက်ရာကောင်းသောပုံတို့ဖြစ်လာကြသော်လည်း သိင်္ဂါရ ရသ ပေါ်သောပုံတို့ ဖြစ်မလာကြ။ အချို့ပုံတို့သာလျှင် * ဝိဘစ္ဆ ရသ ပေါ်သော ပုံတို့ဖြစ်လာကြရသည်။ ဤတွင် ဆရာ 'ဒဂါး'သည် မိမိကိုယ် မိမိ မကြေမချမ်းဖြစ်လျက် ညစ်ညမ်းမှုသဘောလည်း မပါသော၊ ကြည့်ရ မြင်ရသူတို့အားလည်း စိတ်ကြွလာစေသော (သိင်္ဂါရ ရသ ပေါ်စေသော) ကားတကားကို ရေးပါမည်ဟု အားခဲလျက် * "မုဒိန်း =Le viol" ဟူသော အမည်ဖြင့်ကားတကားကို ရေးခဲ့ဘူးသည်။

---

* ဝိဘစ္ဆရ ရသ=စက်ဆုတ်ရွံရှာမှုအရသာ
* Le viol. = The Rape = မုဒိန်း

www.facebook.com/NyisayEbookCreator
www.nyisay.com

သို့သော် ထိုပန်းချီကားသည် မြင်ရသူတို့အား ထကြွစေသော သိင်္ဂါရရသ မပေါ်ဘဲ၊ ကရုဏာရသ ပေါ်သည့် သနားကြင်နာဘွယ်ကားတခု ဖြစ်လာခဲ့ရသည်။ မိန်းကလေး၏ ကျောခိုင်းငိုယိုနေပုံနှင့် ယောကျ်ားကြီး၏ နောင်တရနေပုံ မျက်နှာတို့သည် အရသာကို တမျိုးတဖုံ ပြောင်းလဲလာစေခဲ့သည်။

ပန်းချီရေးဆွဲသူတို့သည် မိမိတို့ရေးဆွဲကြသည့် ပန်းချီကားအတွက် ရသ တမျိုးတမျိုး ပေါ်အောင်၊ ပိုင်အောင် ဤမျှ လေ့လာရေးဆွဲကြရသည်။

မြန်မာပြည်၌ သိင်္ဂါရ ရသပေါ်သော ပန်းချီကားကို တခါက မြင်ဘူးရသည်။ မန္တလေးမှ ဆရာကြီး ဦးဘာသက်ရေးသော ရေဆေးပန်းချီကား ဖြစ်၏။

အလွန်ပူ၍ တမျော်တခေါ်ကြီးရှိသော သဲသောင်ပြန့်ကြီး၏ရေစပ်၌ နေပူကြီးကျဲကျဲတွင် ရေလာခပ်သော သူငယ်ယောကျ်ားတယောက်နှင့် မိန်းမငယ်တယောက်တို့ ရေပုံး-ရေအိုး စသည်တို့ကို ဘေး၌ချကာ ဆောင့်ကြောင့်ကလေး တွေထိုင်လျက် တယောက်မျက်နှာတယောက် ကြည့်နေကြခြင်း ဖြစ်၏။ သူတို့သည် တယောက်နှင့်တယောက် ခပ်လှမ်းလှမ်းထိုင်ကြလျက် စကားပြောလိုသော်လည်း ပြောစရာစကားလုံး ရှာမရသလို ဖြစ်နေပုံမျိုး မြင်နေရ၏။ ယောကျ်ားကလေး၏ နက်ကျောကျော ကျောပြင်၌ နေရောင်သည် လက်နေ၏။ သဲပြင်သည် မျက်စိကျိန်းလုလုရှိ၏။ သို့သော် သူတို့နှစ်ယောက်သည် ထိုအပူကိုသိပုံမရ။ သူတို့သည် တယောက်မျက်နှာတယောက် ကြည့်ကြရင်း သူတို့၏ရင်၌ စိမ်းပြာသော ဧရာဝတီမြစ်ရေပြင်မှ လှုပ်ကြွနေသည့် လှိုင်းကလေးများနှင့်အပြိုင် အေးမြနေပုံပေါ်လျက် ရှိ၏။

ထိုပန်းချီကားကို မြင်ရသူတို့သည် ထိုပန်းချီကား၌ပါသော ယောကျ်ားကလေးနှင့် မိန်းကလေးတို့ကို အားကျလျက် တောက်ခေါက်မိကြ၏။ အားကျသောစိတ်ဖြင့် မျက်နှာ၌ သွေးဖျန်းတက်လာကြ၏။ ဤကား သိင်္ဂါရရသ ပေါ်သော ပန်းချီဖြစ်သည်။ ပန်းချီရေးဆွဲသူတို့သည် ထိုရသဖော် ပန်းချီကားမျိုးတို့ကို ရေးဆွဲရန် မလွယ်ကူကြပါ။

www.facebook.com/NyisayEbookCreator
www.nyisay.com

ပထမဆုံး မိမိအားသန်သည့် ရသတမျိုးမျိုးကို ပိုင်အောင် ရေးဆွဲ လေ့ကျင့်ကြရ၏။ တမျိုးကို ပိုင်ပြီးမှ မိမိရေးဆွဲ၍ ဖြစ်နိုင်သေးသော အခြား ရသတမျိုးကိုရအောင် ပိုင်အောင်ဆက်၍ လေ့ကျင့်ကြရ၏။ တမျိုးကိုပိုင်ပြီးမှ မိမိရေးဆွဲ၍ ဖြစ်နိုင်သေးသော အခြားရသကို ရအောင်ပိုင်အောင် ဆက်၍လေ့ကျင့်ရ၏။ ထိုသို့မဟုတ်ဘဲ အရမ်းထင်ရာတွေ ဆက်ရေးနေက လက်ရာကောင်းသော ပန်းချီရေးဆွဲသူသာ ဖြစ်မလာနိုင်။ လူမှုလုပ်ငန်းတို့နှင့် ဆက်ဆံရသောပန်းချီကား( Commercial Art ) ရေးဆွဲသူ ဖြစ်လာနိုင်၏။ စိန်ကောင်း ကျောက်ကောင်း ပတ္တမြားကောင်းတို့နှင့် တူသော ပန်းချီမျိုး ဖန်တီးရေးဆွဲသည့် ရသပန်းချီ (ဝါ) ဇိမ်ပန်းချီ( Fine Art ) ရေးဆွဲသူမျိုး ဖြစ်မလာနိုင်။

ထို့ပြင် အနုပညာသဘောပါသော စာ၊ ကဗျာ၊ ပန်းချီ၊ ဂီတ၊ သဘင် စသည်တို့သည် မြေမှ ထွက်သော ပတ္တမြား ကျောက်မျက်တို့ကဲ့သို့ပင် တခုချင်း ဖြစ်မြောက်ရသော အရာမျိုးဖြစ်၏။ အချိန်တိုင်း အမြဲ အကောင်းမဖြစ်၊ လက်တွေ့သည့်အချိန်မှ ဖြစ်၏။ လက်မတွေ့က မဖြစ်။ ထို့ပြင် အတုယူ၍လည်းမရ၊ ခိုးယူကူးချ၍လည်း မရ။ အတုယူက အတုသာလျှင်ဖြစ်၏။ အစစ် ဖြစ်မလာ။

စာရေးသူတဦး စိတ်ကူးတည့်ချိန်၌ ရေးဖွဲ့လိုက်သော ရသစာပေတပုဒ်ကို အခြား စာရေးသူတို့က လိုက်တု၍ရေးလျှင် အတုသာဖြစ်မည်၊ အတူမဖြစ်။ ပို၍ကောင်းလျှင်လည်း ကောင်းမည်။ ပို၍ ညံ့လျှင်လည်း ညံ့မည်။ မတိမ်းမယိမ်း ဖြစ်လိုကလည်း ဖြစ်မည်။ ပထမရေးသူကဲ့သို့ ထပ်တူမဖြစ်၊ ထပ်တူ ဖြစ်လျှင်လည်း နောက်ရေးသူသည် တုပသူနေရာ၌သာ ရပ်တည် ကျန်ရစ်မည်။

ထို့ကြောင့် စာပေ ပညာသည်၊ သဘင်ပညာသည်၊ ပန်းချီပညာသည်တို့သည် ဒုတိယဖိုးစိန် မဖြစ်ကြရန် အမြဲသတိထားရ၏။ အမြဲကြိုးစားကြရ၏။ မိမိတို့၏ ကိုယ်အင်အား၊ စိတ်အင်အား ကြိုးပမ်း ရှာဖွေမှုအင်အားတည်းဟူသော မိမိပိုင် မြေကွက်အတွင်းမှ ပတ္တမြား ကျောက်မျက်ရတနာတို့နှင့်တူသော ဝတ္ထု၊ စာပေများ၊ တီးလုံးတီးကွက်များ၊ ပန်းချီကားများကို အမြဲတူးဆွ ထုတ်လုပ်နေကြရ၏။ အဆင်သင့်၍ စိတ်ကူး

www.facebook.com/NyisayEbookCreator
www.nyisay.com

မိလျှင် ကျောက်မျက်ရတနာတို့ကဲ့သို့ လူတိုင်းက မြတ်နိုးနှစ်သက်ရသော စာများ၊ တီးလုံးများ၊ ပန်းချီကားများ ပေါ်ထွက်လာတတ်၏။ အဆင်မသင့်က ကြိုးစားပါလျက် မထွက်လာ။

တခါတရံ တခုတလေထွက်ပြီး နောက်ထပ်မထွက်ဘဲ ရှိတတ်၏။ တခါတရံ တခုပြီးတခု သုံးလေးခုမျှ ဆက်တိုက်ထွက်ပြီး ရပ်သွားတတ်၏။ တချို့၌မူ သုံးနှစ်တကြိမ်ခန့်၊ နှစ်နှစ်တကြိမ်ခန့် မှန်မှန်ထွက်တတ်၏။

တသက်လုံး စာရေးမှုဖြင့် အသက်မွေးလာခဲ့သော ဆရာကြီးဦးရန်အောင်သည် သူ့အချိန်နှင့် သူ့အခါ တတိုင်းပြည်လုံး အငမ်းမရ ဝိုင်းအုံလုဖတ်ကြရသော "အညာသားကလေး"ကဲ့သို့ ဝတ္ထုမျိုး နောက်ထပ် ဖန်တီးနိုင်စွမ်း မရှိခဲ့။

အပမ်းတကြီး ကြိုးစားသောကြောင့် ပထမတခါဖြစ်သကဲ့သို့၊ အောင်မြင်သကဲ့သို့ နောက်တကြိမ်လည်း ကြိုးစားက အောင်မြင်နိုင်ပါသည်ဟုဆိုက ဤအနုပညာ (ဝါ) သိမ်မွေ့နက်နဲ ဖမ်းယူမိနိုင်ရန် ခဲယဉ်းသော ပညာ (ဝါ) သုခုမပညာ၌ သက်ဝင်ကြသည့် ပညာရပ် ဟူသမျှတို့သည် တန်ဘိုးရှိသော ပညာရပ်များ ဖြစ်မလာနိုင်။

ထို့ပြင် ဤပညာရပ်တို့သည် လူဘာထောင်ကို သင်ကြားလေ့ကျင့်၍ ပြုလုပ်စေက လူဆယ်ယောက်မျှ တတ်မြောက် ဖြစ်ပေါ်လာနိုင်သည့် ပညာရပ်မျိုးလည်း မဟုတ်။ ဖြစ်ပေါ်လာနိုင်ပါသည်ဆိုကလည်း အနုပညာဟု ခေါ်ဘွယ်ရာမရှိ။

တိုင်းပြည်တပြည်၌ အနုပညာသည်တယောက် ပေါ်ပေါက်လာရန်အတွက် မြေကြီးထဲမှ ကျောက်ကောင်းတလုံး ဖြစ်ပေါ်လာရသကဲ့သို့ လူထုကြီးထဲမှ အနုပညာသည်တယောက် ဖြစ်ပေါ်လာရ၏။ ထိုအနုပညာသည်တို့အထဲမှလည်း ရသမြောက်သော အနုပညာပစ္စည်းတခု ထွက်ပေါ်လာရေးသည် ကျောက်သံပတ္တမြားတို့အထဲမှ တန်ဘိုးရှိသော ကျောက်ကောင်းတလုံး ထွက်လာရသကဲ့သို့ ဖြစ်တောင့်ဖြစ်ခဲ ထွက်ပေါ်လာရ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com

ဤအတိုင်း ပတ္တမြား ကျောက်မျက်တို့နှင့် သဘောချင်းတူသဖြင့် တန်ဖိုးရှိနေသော အနုပညာသည်တို့၏ အနုပညာ ပစ္စည်းများသည် စားသုံးသူလူထုနှင့် ဆက်သွယ်ဆက်ဆံရေးတို့၌ အခြားသောပစ္စည်းတို့နှင့် မတူဘဲ သီးခြား ဆက်သွယ် ဆက်ဆံကြရ၏။

မြန်မာပြည်မှထွက်သော ကျောက်မျက်ရတနာတို့ကို မြန်မာပြည်အတွက် တန်ဖိုးရှိလှသော ဆန်စပါးများ၊ ကျွန်းသစ်များ၊ ရေနံများကဲ့သို့ သဘောထား၍မရ။ အသုံးပြု၍မရ၊ ကျောက်မျက်ရတနာ ကဲ့သို့သာ သဘောထားရမည်။ အသုံးပြုရမည်။ ဤသည်မှာ အနုပညာသည်တို့ ပြုလုပ်ကြသော အနုပညာ ပစ္စည်းနှင့် ထပ်တူထပ်မျှ ဖြစ်သည်။

ထိုအနုပညာသည်နှင့် အနုပညာသည်လုပ် ပစ္စည်းတို့အနက်၊ ရသပန်းချီပစ္စည်းသည် သုံးစွဲသူတို့နှင့် ဆက်ဆံရာ၌ ပို၍ ကျောက်မျက်ရတနာတို့နှင့်တူ၏။ သီးသန့်သဘောရှိ၏။ ထိုပစ္စည်းတို့ သီးသန့်သဘောရှိသလို ထိုပစ္စည်းတို့ကို ထုတ်လုပ်သည့် အနုပညာသည်တို့လည်း သီးသန့်သဘောရှိကြ၏။ သူတို့သည် လူမှုရေး၊ နိုင်ငံရေးတို့နှင့် ကျွမ်းဝင်ဆက်ဆံမှု သိပ်မရှိကြ။

ထိုအခါ လူမှုရေး နိုင်ငံရေးတို့နှင့် ကျွမ်းဝင်ဆက်ဆံမှု ရရှိနေကြသော စာပေအနုပညာသမားတို့က ပန်းချီအနုပညာသမားတို့အပေါ်၌ ခေတ်ကိုမှီ၍ လူလည်လုပ်လာကြ၏။

အားလုံးက မဟုတ်ပါ မျက်နှာလိုချင်နေကြသော အမြီးပေါက်နေသည့် နိုင်ငံရေးဂျပိုးကြီးများ၊ စာပေအချောင်သမားကြီးများ ဖြစ်ကြပါသည်။

သူတို့သည် လုပ်သားပြည်သူခေတ်၌ ဤကား ဖြစ်နိုင်၏၊ ဤကားမဖြစ်နိုင်ဟု မတွေးဆကြဘဲ တိုင်းပြည်နှင့်လူထုအတွက် တကယ်စေတနာမထားကြဘဲ စိုင်းလှန့်အော်ဟစ်ပေးလိုက်ကြ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com

သူတို့သည် "(Like the purpies round their masters, each hopeing that some bones might be thrown to them.)" စကားကဲ့သို့ သခင်၏အနား၌ ဝိုင်းရံနေကြသော ခွေးများကဲ့သို့ သခင်ပစ်လိုက်မည့်အရိုးကို အသီးသီးစောင့်နေကြ၏။

သို့သော် သခင်က အမဲရိုးကို မပစ်လိုက်မိ အိမ်သားတယောက် အလုပ် လုပ်နေသည်ကို လှမ်းတွေ့လိုက်ရ၏။

အိမ်သားတယောက် အလုပ်လုပ်လိုက်ခြင်းကား ပန်းချီပြပွဲ ပြုလုပ်လိုက်ခြင်းပင် ဖြစ်သတည်း။

ထိုအခါ သခင်အနား၌ ဝိုင်းရံနေကြသူတို့အထဲမှ မျက်နှာ ရလိုရငြား ထတည့်၍ အစွမ်းပြလိုက်၏။

ပန်းချီဆရာတွေသည် မနေရှင် အရင်းရှင်တို့၏ ညှော့ခမ်းဆောင်အတွက် ပန်းချီကားများကို ထုတ်လုပ်နေကြသည်။

သံရိုးတို့၏ ပေးကမ်းစွန့်ကြဲမှုကို တောင်းခံရန် မျှော်ကိုးထားသော ပန်းချီကားများ ဖြစ်နေကြသည်။ ပန်းချီကားဈေးတွေ အလွန်ကြီးမြင့်နေကြသဖြင့် လုပ်သားပြည်သူတို့နှင့်မနီးစပ်။

စသည် စသည်တို့ဖြစ်ကြသည်။ ဤတွင် ပန်းချီရေးဆွဲမှုမှတပါး နိုင်ငံရေး' လူမှုရေးတို့၌ အလုပ်အားဖြင့် ကျွမ်းကျင်ဝင်ဆန့်မှုမရှိကြသော ရသ ပန်းချီရေးဆွဲသူတို့အဘို့ မျက်လုံးကလေး ကလယ်ကလယ်နှင့် ဖြစ်လာကြရသည်။ ပန်းချီကားတွေ ဈေးကြီးသည်ဟုဆိုသဖြင့် မည်သို့ ပြုရမှန်းမသိဘဲ ဖြစ်လာကြရသည်။ပန်းချီကားတွေ ဘာ့ကြောင့် ဈေးကြီးရသည့်အကြောင်းကို ရသ ပန်းချီရေးဆွဲသူတို့သာ သိကြသည်။

ပန်းချီရေးဆွဲသူတို့သည် ဆေးပစ္စည်း ရှားပါးလှသောကြောင့် အနီ၊ အပြာ၊ အဝါ၊ အဖြူ၊ အနက် ငါးမျိုးတည်းနှင့် ပန်းချီကားဖြစ်အောင် ရေးမည်ဟု အားခဲထားပါဦး-

www.facebook.com/NyisayEbookCreator
www.nyisay.com

| | | | |
|---|---|---|---|
| အနီ- | Cadmium Scarlet | ၃၇ ကျပ် | ၃၀ ပြား |
| အဝါ- | Cadmium Yellow | ၃၀ ကျပ် | ၄၀ ပြား |
| အပြာ- | Cobalt Blue | ၁၉ ကျပ် | ၈၀ ပြား |
| အနက်- | Ivory Black | ၁၀ ကျပ် | ၈၀ ပြား |

(အဖြူလုံးလုံးဝယ်မရ)

မှောင်ခိုဈေး၌ အဖြူဝယ်လျှင် အငယ် ၄၀ ကျပ် ပေးရ၏။ အကြီး ၈၀ ကျပ် ပေးရ၏။ အထက်ဖော်ပြပါ အနီ၊အဝါ၊ အပြာ၊အနက်ဈေးတို့သည် အစိုးရကုန်တိုက်မှ ထုတ်ရောင်းသောဈေးများဖြစ်၏။

ရေးဆွဲရန် အောက်ခံပိတ်က မှောင်ခိုဈေး၌ တကိုက် ၁၁ ကျပ် ဝယ်ရ၏။ ထိုပတ္တူ ပိတ်ကြမ်းပေါ်၌ အောက်ခံ ဆေးဖြူ ဝယ်သုတ်ရသေး၏။ သစ်သားဖြင့် ပိတ်ကျက်ရန် အတွင်းဘောင်၊ ကားထည့်ရန် အပြင်ဘောင် ပြုလုပ်ရသေး၏။

အပြင်ဘောင်ကို တပေ သုံးကျပ်နှုန်းမှ ခြောက်ကျပ်နှုန်းအထိ လက်သမားဆရာသို့ပေး၍အပ်ရ၏။ အပေါစား ဘောင်မျိုးဖြင့် ရွှေလို ထည့်လိုက တဘောင်ကို ဆယ့်နှစ်ကျပ်နှုန်းလောက်ဖြင့် ရမည်ဖြစ်၏။

ဤသို့ ပြုလုပ်လျှင် ၃၆ လက်မနှင့် ၃၂ လက်မရှိသော ပန်းချီကားတချပ် ရနိုင်၏။ ထိုပန်းချီကားကို အထက်ပါ ဆေးတို့နှင့် စုတ်တံတချောင်းတည်းကို အသုံးပြု၍ရေးလျှင် ဆေးအနက်သာ ကျန်နိုင်တော့၏။ ၁၂၀ ကျပ်တန်စုတ်တံ တဝက်ကျော်မျှ တုံးသွားနိုင်၏။ ထိုမျှ အရင်းအနှီးကုန်ကျသော ရသ ပန်းချီကား တချပ်ကို ပန်းချီရေးဆွဲသူသည် လုပ်သားပြည်သူတို့ ဝယ်နိုင်အောင် မည်သို့သောဈေးဖြင့် ရောင်းပါမည်နည်း။

မိုးကုတ်၌ ကျောက်တူးသော ကျောက်တူးသမားသည် မိမိတွင်းမှ ရလာသော ပတ္တမြားအား နိုင်ငံခြားသားတွေ မရောင်းတဲ့ ကောက်စိုက်သမကလေးတို့အား ပေါပေါလောလော ရောင်းချပေးနိုင်ရန် မည်သို့

www.facebook.com/NyisayEbookCreator
www.nyisay.com

ပြုရပါမလဲဟုတွေးတော၍မရသကဲ့သို့ ရသ ပန်းချီ ရေးဆွဲသူတို့လည်း မည်သို့မျှ တွေးတော၍ မရနိုင်ဘဲ ရှိနေကြ၏။

'မနေရှင်တို့၏ ခန်းမဆောင်မှ ပြည်သူ့ခန်းမဆောင်သို့'ဟူသော နိုင်ငံရေးကပ်ပါးတို့၏ ညာသံပေးမှုကြောင့် တခါကလည်း ပန်းချီရေးဆွဲသူတို့ အိုးနင်း ခွက်နင်းဖြစ်ခဲ့ကြရ၏။

ပန်းချီ ရေးဆွဲသူတို့သည် ပြည်သူနှင့်နီးစပ်သော ဆိုရှယ်လစ်ပန်းချီကားမျိုးတွေ ရေးကြမည်ဟု ဆုံးဖြတ်ကြကာ ပြပွဲတပွဲ၌ ပန်းချီကားတွေရေး၍ တင်လိုက်ကြ၏။ ထိုအခါ ပြပွဲတပွဲလုံး 'နွား'ကားတွေ လွှမ်းမိုးသွား၏။ ကျန်သောကားများကား ရွှေသို့စာစောင်နှင့် သတင်းစာတို့အထဲမှ လုပ်အားပေး ဓာတ်ပုံတွေကို ကူးချလိုက်ကြသော လုပ်အားပေး ပန်းချီကားတွေချည်း ဖြစ်နေကြ၏။ သို့သော် ရောင်းကြရသောအခါ ထိုပြပွဲ၌ ရှားရှားပါးပါး ပါလာသော ဘုရားကားအချို့နှင့် ကောင်မကလေး က နေသည့် ပန်းချီကားတို့သာ ရောင်းလိုက်ရ၏။

ပန်းချီရေးဆွဲသူတို့အဖို့ ဤကဲ့သို့သော အခက်အခဲမျိုးနှင့် တိုးနေကြရစဉ် ဘဝတူ အနုပညာသည်ချင်း ဖြစ်ကြသော စာပေသမား နိုင်ငံရေးကပ်ပါး ဂျပိုးများကလည်း ရသ ပန်းချီ၏ အခြေခံသဘောကို နက်နက်နဲနဲ မလေ့လာဘဲ ပန်းချီရေးဆွဲသူတို့သည် ဘဝမှပုန်းရှောင်၍ အလှအပနောက်သို့ ကောက်ကောက်လိုက်နေကြသည်။ ဘဝသည် အလှထက်စကားကြွယ်သည်။ ပန်းချီရေးဆွဲသူတို့သည် ဘုရားကျောင်းကန်တို့အရိပ်မှ စက်ရုံ လယ်တောသို့ ဆင်းသင့်ကြပြီ စသဖြင့် သခင့်အနီးတွင် ဝိုင်းရံနေရာမှ ညာသံပေး၍ ဟိန်းဟောင်လိုက်သည်တို့ကို ထပ်တလဲလဲ ကြားလာရသောအခါ ပန်းချီရေးဆွဲသူတို့အဖို့ ဘာလုပ်ရမည်မသိဘဲ ဖြစ်လာရသည်။

ပန်းချီကားတွေကို ပြည်သူလူထုအတွက် အကျိုးပြုနိုင်အောင် မည်သို့ပြုလုပ်ကြရပါမလဲဟု နည်းလမ်းရှာလာကြ၊ နည်းလမ်းရှာနေကြသည်။

ရိုးသားသော ပန်းချီရေးဆွဲသူတို့သည် မြန်မာပြည်မှ ဂေါက်သီးအရိုက်ကောင်းသည့် မြအေး တယောက် ဂေါက်သီးရိုက်နေခြင်းသည် မိမိအတွက် မိမိဘာသာ ရိုက်နေခြင်းဖြစ်သော်လည်း ကမ္ဘာမှာထင်ပေါ်လာပါက မြန်မာပြည်သူလူထု၏အကျိုးအတွက် အလိုလို သက်ရောက်လာနိုင်ခြင်းဖြစ်ကြောင်း မစဉ်းစားမိကြရှာ။

အိန္ဒိယမှ အလှမယ် ကုလားမကလေး မယ်ကမ္ဘာဘွဲ့ရခြင်းသည် မိမိဘာသာ လှလိုနေရာမှ အလို အလျောက် အမိအိန္ဒိယပြည်ကြီး၏ အကျိုးပြုရာ ရောက်ကြောင်း မစဉ်းစားမိကြရှာ။

မြန်မာ့ဆိုရှယ်လစ်တိုင်းပြည်ကြီးဘဲ ဖြစ်စေ၊ ဘာတိုင်းပြည်ကြီးဘဲ ဖြစ်စေ၊တိုင်းပြည်၏အကျိုးနှင့်ပန်းချီပညာသည်တို့၏အကျိုးကို တကယ်လိုလား၍ ပန်းချီအကြောင်းကို တကယ်သဘောပေါက်သူတို့ ဖြစ်ကြပါက ပြည်သူ့ဘဝနှင့် အနုပညာကို ပေါင်းကူးတံတား သွယ်ရမည်ဟူသည့် မထူးခြားသော အဓိပ္ပာယ်မဲ့ စကားလုံး လှလှကလေးများကို အံဖတ်ဆို့လုမတတ် အော်နေကြမည့်အစား

ပန်းချီမရေးရလျှင် မနေနိုင်သော ပန်းချီရေးဆွဲသူတို့အတွက် အဆင့်မှီသော သင့်နိုးရာရာ လက်ရာကောင်းများကို ရွေးခြယ်၍ 'ပန်းချီဆေးပေး ကားရေးသွင်း' စနစ်ဖြင့် အစိုးရပိုင် ပန်းချီကား ရောင်းသည့် ပန်းချီပြခန်း အခန်းတခု ထားပေးသင့်သည်။

အဆင့်မမှီသောသူတို့ကိုလည်း အဖွဲ့အစည်းများဖြင့် အဆင့်မှီလာအောင် လေ့ကျင့်မှုပြုပေးသင့်သည်။

လူမှုဆက်ဆံရေး ပန်းချီလုပ်ငန်း၌ မြန်မာ့ဆိုရှယ်လစ်နိုင်ငံအတွက် ပြောင်မြောက်သော ဝါဒဖြန့်ပန်းချီကားတို့ ရေးဆွဲနိုင်သလို ရသ ပန်းချီကားရေးဆွဲသူတို့ကလည်း အကြောင်းပေါ်က ကမ္ဘာသို့ ပြနိုင်သော တန်ဘိုးရှိ မြန်မာ့ပန်းချီကားတို့ ရေးဆွဲနိုင်ရန် သင့်ပေပြီ စသည်ဖြင့်သာ တိုက်တွန်း လမ်းပြဘို့ ရှိလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

ဤသို့လမ်းပြခြင်းအားဖြင့် ဝေါ်လိုက ဝေါ်ပါစေ ပန်းချီရေးရလျှင် ပြီးစတမ်းဟူ၍ စိတ်ထားရှိသော ရသ ပန်းချီသမားတို့လည်း အမြဲရေးနေနိုင်ကြသည်။ အစိုးရအနေဖြင့်လည်း နိုင်ငံခြားဝင်ငွေ ရရှိနိုင်ရသည်။ ထက်မြက်ပြောင်မြောက်သော ပန်းချီရေးဆွဲသူတို့၌လည်း ဝင်ငွေ ရရှိလာနိုင်ကြသည်။

ဤသို့ အဖက်ဖက်၌ အကျိုးရှိစေသည့် နည်းလမ်းမျိုးတို့ကိုကား ဘယ်သို့သော ပန်းချီ အနုပညာသည်တို့ကို ချစ်ပါသည် တိုင်းပြည်နှင့် လုပ်သားပြည်သူတွေ၏ အကျိုးအတွက် ကြည့်ပါသည်ဟု ဆိုသောရွှေဉာဏ်တော်ရှင်များ၏ မဏိတော် ဦးနှောက်တော်တို့အထဲမှ အကြံဉာဏ်များ မထွက်။ မပေး။

ပန်းချီဆရာတို့ကို ကြိမ်းမောင်း ဟိန်းဟောက်ရင်း မနေရှင် အရင်းရှင်တို့အတွက် ဇိမ်ခံရန် ရေးခြယ်သည်ဟု နှိပ်ကွပ်စွပ်စွဲရင်း မိမိတို့ကိုယ်ကို တကယ် လုပ်သားပြည်သူ့ ဘက်တော်သားကြီးဖြစ်လေဟန် ကိုယ်ရည်သွေးသွားကြသည်။

ထိုအခါ ပန်းချီရေးဆွဲကြသူ့ 'ငအ'တို့က အလွန်စိတ်ပျက်စွာ၊ အလွန်အကြံခက်စွာ၊ အလွန်ဝမ်းနည်းစိတ်မောတ် ကျဆင်းစွာ ကြံမှိုင်ကုန်ကြရသည်။

မိမိတို့၏အလုပ်ကို လုပ်သားပြည်သူတို့နှင့် ပေါင်းကူး ဆက်သွယ်နိုင်စေရန် လယ်ရိပ်သောအလုပ်၊ ဆန်အိတ်ထမ်းသောအလုပ်တို့ကို အောက်ခံပုံများပုံ၍ အပေါ်မှ 'ပြည်သူ့လုပ်အားကို အပြည့်အဝပေးကြ' ဟူသော နေရာတိုင်းမှာကပ်၍ ရသည့်စာမျိုးတွေရေး၍ရောင်းရလျှင် ကောင်းမည်လားဟု တွေးသူတို့က တွေးလာကြ၏။အချို့ကလည်း ဆိုရှယ်လစ်နိုင်ငံတွေမှာ ရသ ပန်းချီမရေးရဘူး ထင်ပါရဲ့ဟုဆိုလာကြ၏။

ထို့နောက် ဟိုစာအုပ် ဒီစာအုပ် ကောင်းနိုးရာရာ လက်လှမ်းမှီရာတို့ကို ဆွဲယူကြည့်ကြသောအခါ မိန်းမ အသားအရောင်တို့ကို ရေးရာ၌ ယခုအချိန်အထိ ဤဆရာကြီးကို မှီသူ မရှိသေးဟု ကမ္ဘာ့ပန်းချီပညာရှင်အများစုတို့က ယူဆထားကြသော ကမ္ဘာကျော် ပြင်သစ်ပန်းချီဆရာ 'ရနွား'(Renoir)၏ မိန်းမ ကိုယ်လုံး

www.facebook.com/NyisayEbookCreator
www.nyisay.com

တီး ပန်းချီကားများကို ရှုရှား စသော ဆိုရှယ်လစ်တိုင်းပြည် ပန်းချီပြတိုက်တို့၌ အမြတ်တနိုး သိမ်းထားကြခြင်း၊ ထိုသဘောတို့ကို ရေးဆွဲကြခြင်း စသည်တို့ကို တွေ့မြင်နေကြရပြန်၏။

ဤတွင် ဘာလုပ်ရမည်ဟု မသိကြဘဲ ပန်းချီရေးဆွဲသူတို့ ဟိုနေရာရှုံးစု သည်နေရာရှုံးစု ဖြစ်နေကြရာ ပန်းချီ မောင်ငွေထွန်းသည် မိမိ၏ ပန်းချီလက်ရာများကို လုပ်သားပြည်သူတို့၏အတွင်းသို့ အကျယ်ပြန့်ဆုံး ရောက်ရှိရင်းနှီးလေအောင် ဤသို့ပြုလုပ်ခြင်းဖြစ်လေပြီဟု စာရေးသူက သိ၏။ ထို့ကြောင့်လည်း မောင်ငွေထွန်း၏စာကို ဖတ်၍ ပြုံးမိခြင်းဖြစ်၏၊ ထိုနောက် သနားမိခြင်းလည်း ဖြစ်၏။

မည်သို့ဘဲဖြစ်ဖြစ် မောင်ငွေထွန်း၏ စေတနာ၊ မောင်ငွေထွန်း၏ ကြံစည်ကြိုးစားချက်သည် အချည်းနှီးတော့ မဖြစ်ပါ။ စာဖတ်သူ ပြည်သူလူထုအတွက် အကျိုးရှိသလောက် ရှိကြမည်မှာ သေချာ၏။

သို့သော် အမှန်တရားကို တင်ပြရမည်ဆိုသော် လူနု စိတ်နုနှင့် အပင်ပန်း မခံနိုင်ရှာသော ပန်းချီ မောင်ငွေထွန်းသည် ပန်းချီရေးလိုသည့် ရည်ရွယ်ချက် တခုတည်းဖြင့် အနယ်နယ်အရပ်ရပ်သို့ လှည့်လည် ခရီးသွားခဲ့၏။

စာရေးသူနှင့်အတူလည်း နာဂတောင်တန်းတလျှောက်သို့ရင်း၊ ဗန်းမော် စိန်လုံကမ္ဘား၊ လွယ်ဂျယ် စသည်တို့သို့ရင်း ရောက်ခဲ့ကြ၏။

နာဂတောင်တန်းသို့ သွားစဉ်က လားကြီးပေါ်မှ ခဏခဏ လိမ့်ကျပုံ၊ တည်းခိုသည့်အိမ်မှ လစ်ခနဲ ပျောက်သွား၍ လိုက်ရှာသောအခါ ရွာလယ်တွင် နာဂငယ်ကလေးများ၊ နာဂ ကောင်မကလေးများ ဝိုင်း၍ လျက် တွေ့ရပုံ။

ကောင်မကလေး ကောင်ကလေးတွေကို တခဏချင်း ပုံတူများ ရေးဆွဲယူထားသဖြင့် နာဂအမျိုးသားကြီး၊ အမျိုးသမီးကြီးများက တအံ့တဩ ဝိုင်းကြည့် သဘောကျနေကြပုံတို့ကို သတိရလာ၏။ မြင်ယောင်

www.facebook.com/NyisayEbookCreator
www.nyisay.com

လာ၏။ ထို့နောက် နာဂအပျိုမတို့က စေတနာအိုးကြီး ကွဲကျလာလျက် ခေါင်ရည်တွေ အတင်းဝိုင်းတိုက်ကြသောကြောင့် သတိလွတ်အောင် မူးနေသဖြင့် နာဂအမျိုးသားကြီးတို့က သုံးဖာလုံခန့်ခရီးသို့ ရောက်အောင် ထမ်းလာပို့ရပုံတို့ကို သတိရလာ၏။

ဗန်းမော်နယ် လွယ်ဂျယ်ဘက်သို့ ရောက်ကြသောအခါ၌ကား မောင်ငွေထွန်း၏ ချိုမြမြန္တတ်တွင် 'ကျေးဇူးကဘား' ဟူသော စကားပန်းတပွင့် ဆန်းသစ်စွာ ပွင့်လာခဲ့တော့သည်။ ရှမ်းပျိုဖြူမကလေးတို့၏ ပုံများ၊ ဂျင်းဖောမကလေးတို့၏ပုံများ။

ထို့ပြင် အဖိုးကြီး အဖွားကြီးတို့၏ပုံများ တောတောင်သဘာဝတို့၏ပုံများ ထိုပုံကြမ်းတို့အပြင် အရောင်တွေကို မှတ်လာသည့် အရောင် အစီအစဉ်များ တပုံကြီး ပါလာ၏။

မောင်ငွေထွန်းသည် ထိုပုံတို့ဖြင့် ရသပန်းချီကားများကို ရေးဆွဲမည်ဟု ရည်ရွယ်စုဆောင်းထားခဲ့သည်။ အကယ်၍သာ ထိုပုံကြမ်းတို့အထဲမှ ရသ ပန်းချီကား တခုတလေ ဖြစ်လာခဲ့သော် ထိုဘခုသည် မောင်ငွေထွန်း လှည့်လည်သွားလာရေးဆွဲခဲ့ရသော ရေးဆွဲရကျိုး နပ်ပေမည်၊ ပင်ပန်းရကျိုးနပ်ပေမည်။

ယခုလည်း ထိုသို့ရေးဆွဲရန် ဆေး မဖြုန်းတီးနိုင်၍ ပြည်သူအများတို့ လက်ထဲသို့ ရောက်နိုင်သော ပန်းချီစာအုပ်တအုပ် ဖြစ်မြောက်လာမည်ဆိုပါကလည်း မောင်ငွေထွန်းအတွက် ပန်းချီခရီးသည်အဖြစ် လှည့်လည်ရကျိုး နပ်ပါပြီ။

အို-ပန်းချီ မောင်ငွေထွန်း၊ မဆုတ်မနစ်သောလုံ့လဖြင့် ဆက်လက် ရေးဆွဲပါလေဦး။

ရန်ကုန် ဘဆွေ

www.facebook.com/NyisayEbookCreator
www.nyisay.com

# ပထမ ဦးဆုံး ပန်းချီ ခရီးသည်

ပန်းချီ မောင်ငွေထွန်း

ပြည်ထောင်စုသားများသို့

ဤ'ပန်းချီခရီးသည်' စာအုပ်တအုပ် ဖြစ်ဖြစ်မြောက်မြောက် အောင်အောင် မြင်မြင် ထုတ်ဝေလိုသည့် ဆန္ဒမှာ တထောင့်ကိုးရာငါးဆယ့်ရှစ်ခုနှစ်အတွင်း ကြေးမုံသတင်းစာ၌ 'နာဂပန်းချီ မှတ်တမ်း' ဆောင်းပါးများ ဖော်ပြပြီးဆုံးချိန် ဆယ်နှစ်ကျော်ကျော်ကဖြစ်၏။ 'နာဂပန်းချီမှတ်တမ်း' ဆောင်းပါးများကို ကြေးမုံသတင်းစာတွင် တဆယ့်ခြောက်ပုဒ် တိတိ ရေးသားခဲ့၏။ တဆယ့်ခြောက်ပုဒ်ရှိသော 'နာဂပန်းချီ မှတ်တမ်း'များကို နာဂတောင်ပေါ်ရှိ ရွာစဉ်အလိုက် တရွာတပုဒ် ဖော်ပြခဲ့၏။ ပန်းချီပုံကြမ်းများနှင့် နာဂလူမျိုးအပေါင်းတို့၏ ဓလေ့အကြောင်းရပ်များကိုတရွာတပုဒ်မက ရေးဆွဲမှတ်သား လေ့လာခဲ့၏။ ထိုစဉ်က အချိန်မရ၊ ရသည့်အချိန်နှင့် ရေးလိုက်ရ၍ ရောက်ခဲ့သော ရွာစဉ်အလိုက် ပန်းချီ ပုံကြမ်းများကို သတင်းစာအတွက် ဘလောက်လုပ်နိုင်ရန် ရေးဆွဲပြီး ထိုပန်းချီ သရုပ်ဖော်ပုံကြမ်းများကို ကြည့်၍မှတ်သား လေ့လာခဲ့ရသော အကြောင်းအရာများအား ဆောင်းပါးစာဖြင့် သရုပ်ဖော်ခဲ့ရပါသည်။

'နာဂပန်းချီမှတ်တမ်း'အရင် တထောင့်ကိုးရာငါးဆယ့်ခုနစ်ခုနှစ်ဦးထုတ် 'ရန်ကုန်တက္ကသိုလ် ပဲခူးခရိုင် ကျောင်းသူ ကျောင်းသားများ နှစ်လည်မဂ္ဂဇင်း ၁၉၅၆-၁၉၅၇ တွင် 'ခရီးသည် ပန်းချီ' ဆောင်းပါးအမည်ဖြင့် ပဲခူး အကြောင်း ပန်းချီဆောင်းပါးကို ရေးသားခဲ့ဘူး၏။

www.facebook.com/NyisayEbookCreator
www.nyisay.com

ပဲခူးအကြောင်း 'ခရီးသည် ပန်းချီ' အရင် တထောင့်ကိုးရာ ငါးဆယ့်ခြောက်ခုနှစ် နိုဝင်ဘာလ ရှုမဝ မဂ္ဂဇင်း အတွဲ ၁၀ အမှတ် ၁၁၄ တွင် ပန်းချီဆွဲသူ— စာရေးသူ၏ ပထမဆုံး 'ခရီးသည်ပန်းချီ'ကို ရေးသား ဖော်ပြခဲ့ဘူး၏။

ယခု ဤ'ပန်းချီခရီးသည်' စာအုပ်တွင်

၁။ ခရီးသည် ပန်းချီ— ရှုမဝ မဂ္ဂဇင်း၊ နိုဝင်ဘာလ ၁၉၅၆
၂။ ခရီးသည် ပန်းချီ— ရန်ကုန်တက္ကသိုလ် ပဲခူးခရိုင် ကျောင်းသူကျောင်းသားများ နှစ်ပတ်လည် မဂ္ဂဇင်း ၁၉၅၆-၁၉၅၇
၃။ နာဂပန်းချီမှတ်တမ်း— ကြေးမုံသတင်းစာ၊ ၁၉၅၈ နှစ်အတွင်း တဆယ့်ခြောက်ပုဒ်
၄။ ဒို့သွေးသားများ— ရှုမဝ မဂ္ဂဇင်း ဩဂုတ်လ ၁၉၆၀
၅။ မချမ်းသော့နယ်ခြား— ဗိုလ်တထောင်သတင်းစာ ၂၄ ရက် ဂျွန်လ ၁၉၆၂
၆။ အမျိုးသားစီးပွားရေးသို့— ကြေးမုံသတင်းစာ လွတ်လပ်ရေးအထူးထုတ် ၁၉၆၇

အထက်ပါ ပန်းချီခရီးသည် ဆောင်းပါးများကို တစုတစည်းတည်းဖြစ်စေရန် စုပေါင်းရိုက်နှိပ်ထုတ် ဝေထားခြင်း ဖြစ်ပါသည်။

အမှတ်စဉ်(၁)'ခရီးသည် ပန်းချီ' ရှုမဝ မဂ္ဂဇင်းပါ ဆောင်းပါးစာသားများအားလုံးကို အသစ်ရေး ပြီး မန္တလေးအကြောင်းတွင် မန္တလေးဈေးချိုနှင့် မဟာမြတ်မုနိ ပန်းချီပုံ အသစ် ဆွဲသည့်ထားသည်နှင့်အတူ ပန်းချီပုံသစ်များနှင့် ဆောင်းပါးသစ်များ ထပ်ဖြည့်ရေးထည့်ထားသော ပန်းချီပုံများမှာ ၁။ကျောက်တော် ကြီး (မန္တလေး)၊ ၂။စန္ဒာမုနိ၊ ၃။ကုသိုလ်တော်၊ ၄။အတုမရှိကျောင်း၊ ၅။ရွှေနန်းတော်ကျောင်း (အမရ ပူရအကြောင်းတွင်)၊ ၆။ ဘိုးတော်ဘုရားအုတ်ဂူ၊ ၇။ ဦးပိန်တံတား၊ ၈။ ကျောက်တော်ကြီး (အမရပူရ)၊

www.facebook.com/NyisayEbookCreator
www.nyisay.com

၉။ပုထိုးတော်ကြီး၊ ၁၀။ ရွှေကြက်ကျ-ရွှေကြက်ယက် (အင်းဝအကြောင်းတွင်)၊ ၁၁။ နန်းမြင့်မဟိုစင်၊ ၁၂။ မဟာအောင်မြေဘုံစံကျောင်း(စစ်ကိုင်းအကြောင်းတွင်)၊ ၁၃။ ကောင်းမှုတော်ဘုရား၊ ၁၄။ဆူပါရုံဘုရား၊ ၁၅။ ဆင်မျှားရှင်၊ ၁၆။စစ်ကိုင်းတောင်ရိုး၊ ၁၇။ မင်းကွန်းခေါင်းလောင်းကြီးနှင့် (မေမြို့အကြောင်း)။ ၁၈။မေမြို့နာရီစင် ပန်းချီပုံသစ် ဆောင်းပါးသစ်တို့ ဖြစ်ကြပါသည်။

အမှတ်စဉ်(၂) 'ခရီးသည် ပန်းချီ' ပဲခူးအကြောင်းကို ဆောင်းပါးစာများ မူရင်းအတိုင်း ဖြစ်၍ ဆောင်းပါးအစ ဟသ်ာနှစ်ကောင် ပန်းချီပုံနှင့် နောက်ဆုံး ပဲခူးကြိုးတံတား ပန်းချီပုံကို အသစ် ဆွဲထည့်ထား ပါသည်။

အမှတ်စဉ်(၃) 'နာဂပန်းချီမှတ်တမ်း' ကြေးမုံသတင်းစာပါ ဆောင်းပါး စာမူများမှာ မူရင်းအတိုင်း ဖြစ်ပြီး ပန်းချီပုံ ဆယ်ပုံကို ပြင်ဆင်ရေးဆွဲဖြည့်ထည့်ထားပါသည်။

အမှတ်စဉ်(၄) 'ဒို့သွေးသားများ' ရှုမဝမဂ္ဂဇင်း ပါခဲ့သည့် မူရင်းပန်းချီပုံများနှင့် မူရင်းဆောင်းပါး အတိုင်း ဖြစ်ပါသည်။

အမှတ်စဉ်(၅) 'မချမ်းဘောနယ်ခြား' ဗိုလ်တထောင် သတင်းစာပါခဲ့သည့် မူရင်းပန်းချီပုံနှင့် မူရင်း ဆောင်းပါးအတိုင်း ဖြစ်ပါသည်။

အမှတ်စဉ်(၆) 'အမျိုးသားစီးပွားရေးသို့' ကြေးမုံသတင်းစာ ပါခဲ့သည့် မူရင်းပန်းချီပုံနှင့် မူရင်း ဆောင်းပါးအတိုင်း ပြန်လည်ဖော်ပြထားကြပါသည်။

ဤ 'ပန်းချီ ခရီးသည်'စာအုပ်မျိုးကဲ့သို့ ခရီးသည် မှတ်တမ်းစာအုပ်မျိုးကို နိုင်ငံခြားတိုင်းပြည်ကြီးများမှ ပန်းချီဆရာများ၊ စာရေးဆရာများ၊ ဓာတ်ပုံဆရာများသည် သူတို့ သွားရောက်လေ့လာ လည်ပတ်ခဲ့ကြသော တိုင်းနိုင်ငံအသီးသီးမှ လူမျိုးပေါင်းစုံတို့၏ ယဉ်ကျေးမှုများ ရိုးရာဓလေ့ထုံးတမ်း စဉ်လာများကို ကိုးကွယ်

www.facebook.com/NyisayEbookCreator
www.nyisay.com

ဘာသာ အယူအဆများ နေထိုင်စားသောက် လုပ်ရှားလုပ်ကိုင်မှုများ၊ ဝတ်စား ဆင်ယင်ထုံးဖွဲ့မှုအရောင်အသွေး အပြင်အဆင်များ စသည်တို့ကို ပန်းချီဆရာသည် ပန်းချီဖြင့်မှတ်တမ်းတင်၍ စာရေးဆရာသည် စာပေဖြင့် မှတ်တမ်းတင်ကာ ဓာတ်ပုံဆရာသည် ဓာတ်ပုံရိုက်မှတ်တမ်းတင်ကြပြီး မိမိတို့၏ အတိုင်းတိုင်းအပြည်ပြည် အနယ်နယ်သို့ လှည့်လည်လေ့လာမှတ်သား၍ ရသော မျက်မြင်တွေ့ခဲ့ရ၊ ကိုယ်တွေ့ကြုံခဲ့ရ ထိတွေ့ခံစားရချက်များကို အရင်းအတိုင်း အမှန်ကန်ဆုံး တဆင့်ဖောက်သည်ချကာ ခရီးသည်ဆောင်းပါး မှတ်တမ်းများကို ပန်းချီကားများနှင့်အတူ ဓာတ်ပုံများဖြင့် ပူးတွဲသရုပ်ဖော်၍ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေကြပြီး နိုင်ငံခြားတိုင်းပြည်အသီးသီးသို့ ဖြန့်ချိကြလေသည်။

ဤ'ပန်းချီခရီးသည်'စာအုပ်မျိုးမှာ ပြည်ထောင်စုမြန်မာနိုင်ငံတွင် စာအုပ်ဘအုပ်အဖြစ် တကြိမ်တခါဘူးမျှ မထုတ်ဝေခဲ့၊ မထွက်ဘူးခဲ့သောကြောင့် ပန်းချီဆွဲသူ-စာရေးသူဘဦးအနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတွင် ရှိသင့် ရှိထိုက်သော ဤ'ပန်းချီခရီးသည်'စာအုပ်မျိုးကို ပြည်ထောင်စုသားများသို့ အမှတ်တရရှိစေရန် စေတနာအပြည့်ဖြင့် ပထမဦးဆုံးပန်းချီခရီးသည်စာအုပ် အဖြစ် ပန်းချီရေးဆွဲ စာရေးသား၍ ထုတ်ဝေလိုက်ရပါသည်။

ပန်းချီ မောင်ငွေထွန်း

၁၅ ရက်၊ ကဆုန်လပြည့်နေ့၊ ၁၃၃၀

www.facebook.com/NyisayEbookCreator
www.nyisay.com

ဟင်္သာနှစ်ကောင်။ ။ဗဟုသုတများကို ရှာဖွေလိုသူ တဦးအနေဖြင့်၊ရှေး မြန်မာအနုပညာရှင်ကြီးများ၏ လက်ရာများကို လေ့လာလိုသောဆန္ဒ ဖြစ်ပေါ်လာ၍ ပဲခူးသို့ ခရီးထွက်ခဲ့သည်။ ပဲခူးမှ ရှေးဟောင်းသမိုင်းဝင် စေတီများကိုလိုက်၍ ပန်းချီဆွဲရသည်မှာ မမောနိုင်။ ရိုးရိုး ဘုရားဖူးရသည်နှင့်လည်းမတူဘဲ၊ ရှေးမြန်မာ အနုပညာ လက်ရာများကို သေသေချာချာ လေ့လာနေရသောကြောင့်လားမသိ၊ ရှေးဖြစ်ဟောင်း အောက်မေ့ကာ လွမ်းဆွတ် ကြည်နူးခြင်း ဖြစ်မိခဲ့သည်။

ရောက်ရောက်ချင်းပင် ဟင်္သာကုန်းသို့ ဦးစွာ တက်ရောက်ခဲ့သည်။ အနုပညာ မြောက်လွန်းသော မြန်မာပန်းရံဆရာက ဟင်္သာဖိုပေါ် ဟင်္သာမ နားနေဟန်ကို ရုပ်လုံးဖော်ထားသည်မှာ အံ့မခန်းသောက်ပါပေ။ ထိုပုံကို ကြည့်၍ ပန်းချီရေးသည်။ဟင်္သာနှစ်ကောင်ကိုကြည့်ကာ အတူပါသူက




"ကိုငွေထွန်းနော် ကျုပ်တို့ ပဲခူးသူတွေဟာ ဟင်္သာဖိုပေါ် ဟင်္သာမ နားနေသလိုဘဲ၊ သူတို့က လင်ကိုနိုင်တတ်တယ်လို့ ကြားဘူးတာဘဲဗျာ၊ ဟုတ်တယ်-မဟုတ်

www.facebook.com/NyisayEbookCreator
www.nyisay.com

ဘူး ဆိုတာတော့ ကိုယ်တွေ့ကျမှသိရမှာဘဲဗျ”ဟု ပြောသည်။

ဟသ်္ာကုန်းအကြောင်း သိကောင်းစရာ၊ရာဇဝင်တွင် ဤသို့လာလေသည်။

ဟသ်္ာကုန်းကား သမိုင်းအရ၊ မဟာသက္ကရာဇ် ၁၀၉-၁၁၀တွင်သထုံပြည်တိဿမင်းလက်ထက်ဂဝံပတိမထေရ်၏ ပင့်လျှောက်ချက်အရ၊ ဘုရားရှင်သည် သထုံပြည်သို့ ကြွတော်မူပြီး မဇ္ဈိမဒေသသို့ အပြန်တွင် ရွှေမောဓော်ကုန်းနှင့် အရှေ့အနောက်တည့်တည့် တူရူနေရာ ဘုရားရှင်သည် ရွှေမောဓောတည်ရာကုန်းတွင် ကောင်းကင်မှသက်၍ အရှေ့အရပ်သို့မျက်နှာမူပြီး ကြည့်ရှုတော်မူရာ၊ ဟသ်္ာဖိုမတို့က အဖိုပေါ် အမဆင့်၍ ၎င်းတို့တကိုယ်စာမျှသာရှိသော ကုန်းမြေညွန့်တွင် ရပ်နား၍ နေကြဟန်ကိုမြင်တော်မူပြီး၊ နောင်အခါ ဟသ်္ာဖို-မတို့ ပျံဝဲ ကျက်စားရာ အရပ်၌ ဟံသာဝတီပြည်ကြီး ဖြစ်၍ ငါဘုရား၏ သာသနာတော် စည်ပင်ပြန့်ပွားရာ တိုင်းပြည်ကြီး ဖြစ်လတံ့ဟု ဗျာဒိတ်ကြားတော်မူခဲ့သည်။

ယင်းဗျာဒိတ်ကို အကြောင်းပြု၍ ရသေ့ကြီးဦးခန္တီသည် ဟသ်္ာကုန်းကိုပြုပြင်ပြီး မော်ဓောရှင်နှင့် တန်ဆောင်းလျှာ ဆက်ကာ ပြုလုပ်တည်ထားခဲ့လေရာ၊ယခုထက်တိုင် ပဲခူးပေါ်စ ရာဇဝင်သမယ၏သရုပ်ကိုဆောင်လျက် တည်ရှိနေပေသည်။

ဟသ်္ာနှစ်ကောင်ပုံကိုရေးပြီးသော် ပဲခူးမြို့၏ အရှေ့တောင်ဘက် တမိုင်ခန့်ဝေးသော လှိုင်တီးခေါင်ရှိ ‘စိန်သာလျှောင်း’ သို့ သွားကြသည်။လမ်းတွင် ဟောင်းမြေ့ယိုယွင်းနေသော ဥဿာ၏ကျုံးနှင့် မြို့ရိုးဟောင်းများနှင့် ဘုရားငုတ်တိုင်ယ်များကို တွေ့ရသည်။ ပဒေသရာဇ်ခေတ်က မြန်မာအချင်းချင်း သမီးတောင်းရင်း၊ဆင်ဖြူတောင်းရင်း စစ်တလင်းခင်းနေကြပုံကို စိတ်ကူးထဲတွင် မြင်ယောင်လာသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

စိန်သာလျှောင်း။ ။စိန်သာလျှောင်းသည် ပဲခူး ရွှေသာလျှောင်းနှင့် တပုံစံတည်း ဖြစ်ပေမင့် ရွှေသာ လျှောင်းကဲ့သို့ ခမ်းနားကြီးကျယ်ခြင်းမရှိလှပေ။ရွှေမရှိ၊ တန်ဆောင်းမရှိ၊ အပြာရောင်ကောင်းကင်မှ အလင်း ရောင်နှင့် အပူရှိန်ကို ပေးအပ်သော နေပူထဲတွင် တည်ရှိ လေနေရာမှ ပကတိ ဆိတ်ငြိမ်လှ၏။ ချိုးလည်ပြောက် ကလေးတကောင်မှာ အနီးရှိ ဇီးပင်အိုအထက်မှ ချွဲချွဲ ပျစ်ပျစ်ကူနေသည်။


ဩဘ်-ကြေး ဇည်သံ မနာရသော်လည်း ချိုးကူသံ သာလှချေတကား။

'စိန်သာလျှောင်း'သမိုင်းစဉ်ကို ဤသို့သိခဲ့ရသည်။

ဤလျှောင်းလဲ ကိုယ်တော်ကြီး၏ ဘွဲ့တော်ရင်းမှာ 'ကျိုက်နိဗ္ဗာန်ခန္ဒိုက်ဒုန်' ဟု မွန်သူဟောင်းတို့ မှတ်ယူ ကြသည်။အဓိပ္ပါယ်မှာ ကျိုက်-ဘုရား၊နိဗ္ဗာန်-ပရိနိဗ္ဗာန်၊ ခန္ဒိုက်-ခြေဆင်းခြင်း၊ဒုန်-မြို့၊ ထို့ကြောင့် ရာဇဝင် သုတေ သနအားဖြင့်ကြည့်လျှင် စိန်သာလျှောင်း ဘုရား၏ ခြေ ရင်း၌တည်သော မြို့ရိုးကား ဧကန်မုချ သမလ-ဝိမလ တည်သော ဥဿာပဲခူးဖြစ်ကြောင်းကို ခိုင်လုံစေသော သာဓကတရပ် ဖြစ်လေသည်။ထိုလျှောင်းတော်မူကြီးကို သမလ ဝိမလမင်းဆက်၊ ပထမ မိဂဒိပ္ပမင်းကြီး တည် ထား ကိုးကွယ်ခဲ့ပြီး၊ ခေတ်ဟောင်း မင်းအဆက်ဆက် ကုန်ဆုံး၍ ဗြိတိသျှခေတ်ဆီတွင် အုတ်ရိုးခင်တန်း အဖြစ် ဖြင့် ကျင်လည်ခဲ့ရာမှ အုတ်ကျိုး ကံထရိုက်တာများ အုတ်တူးဖော်ရင်း လျှောင်းတော်မူ၏ ပုံကြမ်းကို တွေ့ရ ၍၊ ကတွင်းခြံ၊ကမာနတ်၊ ဝိုင်တီ၊ မူဝကလ၊ အိုးဘိုရွာ စသော(ဖားဖောင်းတော်)ကွင်း တခုတွင် မှီခို၍နေကြ သော သူတော်ကောင်းအပေါင်းတို့ ပြုပြင်ထားသည်ကို ယခုတိုင် ပြည်သူတို့၏ကောင်းမှုတော်အဖြစ် တည်ရှိနေ ပေသည်။ ဤဘုရားပွဲတော်ကား ရှေးယခင် ခေတ် အဆက်ဆက်တွင် ရေပွဲ၊ ကုန်းပွဲများဖြင့် အလွန် စည် ကား သာယာခဲ့လေသည်။ပွဲတော်လ ကား တပေါင်း လပြည့်။



www.facebook.com/NyisayEbookCreator
www.nyisay.com



ရွှေမော်ဓော။ ။စိန္တိသာလျောင်းမှပြန်သော် 'ရွှေမော်ဓော' သို့ တက်ကြသည်။ ရွှေမော်ဓောမှာ မြန်မာပြည်၏ နာမည်ကြီး ဘုရားတဆူပင်ဖြစ်၏။ ၇ ကြိမ်တိတိ ငလျင်ဒဏ်ကိုခံခဲ့ရ၍ရှေးမင်းအဆက်ဆက်တို့ပြန်လည်တည်ခဲ့ကြပြီး၊ နောက်ဆုံးအကြိမ် ၁၂၉၂ တွင် ကြီးကျယ်စွာပြိုပျက်ခဲ့သော စေတီတော်မြတ်ကိုပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက ခေါင်းဆောင်၍ဆောက်သော လူထုထီးတော်နှင့် တကွ၊ လူထု၏ မော်ဓောရှင်စေတီတော်ကြီး ဖြစ်လာပေသည်။ ကျွန်တော့်မှာ ပြိုကျနေသော ငှက်ပျောဖူးကြီးကိုသာ မျက်စေ့ထဲ၌ ရေးဆွဲစရာအဖြစ် မြင်နေသည်နှင့် ၎င်းကို ပန်းချီရေးခဲ့သည်။

ငှက်ပျောဖူးကြီးသည် ၁၂၇၅ ခုနှစ် ပြိုခဲ့စဉ်က ကျန်ရစ်သော ငှက်ပျောဖူးကြီး ဖြစ်ပေသည်။ ဘုရားပွဲတော်မှာ ၁၅ ရက်တိုင်တိုင် အလွန် စည်ကားစွာ ကျင်းပလေ့ရှိသည်။မြန်မာပြည်၌ အစည်ကားဆုံးသော ဘုရားပွဲတော်ဖြစ်သည်ထင်၏။ပွဲတော်လကားတန်ခူးလ။

ရွှေမော်ဓောမှဆင်းပြီး ပဲခူးမြစ်ကို ကြိုးတံတားဖြင့် ဖြတ်ကူးကာ ရွှေသာလျောင်းသို့ သွားခဲ့သည်။ရွှေသာလျောင်းမှာ ရှေးသည်များ၊ ဘုရားဖူးများဖြင့် အလွန်

www.facebook.com/NyisayEbookCreator
www.nyisay.com

စည်ကားပြီး၊ အနယ်နယ်မှ ပခူး သို့ ဘုရား ဖူး များ အရောက်အများဆုံး ဘုရားကြီး ဖြစ်ပေသည်။ ဘုရား ပရဝဏ် အတွင်း ပြုထားကြသော ဒါနများမှာလည်း နှတ်လူသာစု မနားတမ်းခေါ်ရမည်တည်း။

ရွှေသာလျောင်းကိုယ်ဘော်ကြီးမှာ ပခူးမြို့ကို ပုဂံ သက္ကရာဇ်၁၇၈ သို့မဟုတ် သာသနာသက္ကရာဇ် ၁၃၆၀ တွင် စတင်တည်ဆောင်သော သမလမင်းဆက် ၇ ဆက် မြောက်၊ မိဂဒိပ္ပမင်း တည်ထားခဲ့ရာ ခေတ်အဆက် ဆက်တွင် ပျက်စီးယိုယွင်းပြီး တောချုံဖုံး၍ ကုန်းရိုး ခင်တန်းကြီးသဘွယ် ဖြစ်နေရာ၊ ဗြိတိသျှအစိုးရ လက် ထက် နှဲသဘောခေါ် ကုသား ကံသရိုက်တာကြီး လိုင် စင်ရ အုတ်ကျိုးအုတ်ပဲ့ တူးဖေါ်ရင်း ကိုယ်တော်ကြီး ပုံကြမ်းကိုရ၍ ဘုရားမှန်းသိပြီး ရပ်ရွာမှ ပန်းရံဆရာကြီး ဦးကံ ဦးစီးတည်လေသည်။ပန်းရံအနုထည်ကိုမူမန္တလေး မြို့မှ မင်းတုန်းမင်း လက်စွဲတော် ဆရာရိပ်က တာဝန် ယူ၍ မွမ်းမံခဲ့၏။ ဤသို့ ပခူး၊ဟံသာဝတီနှင့် မန္တလေး ရတနာပုံ၊ မွန်နှင့်မြန်မာ နှစ်ဘာသာရေး၍ ပန်းရံအနု ပညာတွင် အလေးအမြတ် ပြုထိုက်လှသော ရွှေသာ လျောင်း ကိုယ်တော်ကြီးကို ပန်းချီရေးဆွဲခဲ့ရပေသည်။




မှတ်ချက်။ ။ငှင်းသမိုင်း သည် ကျောက်စာ အခိုင် အမာ မတွေ့ရ၍၊ ဓမ္မစေတီမင်း၏ ကောင်းမှုတော် ဖြစ်သည်ဟု ခိုင်မာ သော အကိုးအကားနှင့် ကျောက်စာ တခု ပေါ်ပေါက် ခဲ့ဘူးလေသည်။ ပွဲတော်လကား နှတ်တော်လ။

www.facebook.com/NyisayEbookCreator
www.nyisay.com

**မဟာစေတီ။** ။ရွှေသာလျှောင်းမှ တောင်သို့လားသော်၊ မိုင်ဝက်ခန့်တွင် 'မဟာစေတီ' ရှိသည်။ မဟာစေတီ မရောက်မီ လမ်းတွင် ထန်းပင်များပေါ်၍ ကျွန်တော်တို့သည် ရေတော်ခြင်းကို ထန်းရည်ချိုနှင့် အနားယူ၍ စကားဝိုင်းဖွဲ့ကြသေးသည်။ကျွန်တော်မှာ မဟာစေတီသို့ ရောက်ချင်စိတ် စောနေ၍ အဖော်တို့အား လောပေးရသည်။ မဟာစေတီသို့ ရောက်လျှင် ဘုရင့်နောင် မင်းကြီး ဘုရားတည်နေပုံနှင့် ဓာတုကလျာ မင်းသမီး၏ 'တင့်လှပေဟန်' အလှဂုဏ်များ အကြောင်းကို တွေးမိသေးသည်။ထို့နောက် ထန်းတပင်ရိပ်၌ ထိုင်ကာ ပန်းချီရေးသည်။ မဟာစေတီမှာ တောဘက် ကျလာသည်မို့ ကျေးငှက်တို့ဖြင့် သာယာလှသည်။

မဟာစေတီ၏ သမိုင်းကောက်နုတ်ချက်မှာ—

ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သော တောင်ငူခေတ်၏ တတိယမင်း ဘုရင့်နောင်ကျော်ထင်နော်ရထာ မင်းတရားကြီးသည် ၉၂၁-ခု၊ နတ်တော်လဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့ ရာဇဓါတုကလျာကို မွေးဖွားသန့်စင်သောနေ့၌ပင် ဓာတ်တော်မွေတော်တို့ကို ဌာပနာတော်မူပြီး ၉၂၆ ခုနှစ်တွင်



www.facebook.com/NyisayEbookCreator
www.nyisay.com

ယခု ပဲခူးမြို့တော်ကြီးနှင့် တပြိုင်တည်း တည်ပြီးခဲ့လေသည်။ ထိုအချိန်တွင်ကား မင်းတရားကြီးသည် အကျယ်ဝန်းဆုံးသော မွန်-မြန်မာ လက်နက် နိုင်ငံတော်ကြီး၏ လေးမျက်နှာ တန်ဆောင်းတို့ကို ခံမဖြူသတ္တုအမိုးများ၊ တိုင်များနှင့် ရွှေပုဇွန်ခုံ ငွေပုဇွန်ခုံ အပြားများနှင့် နတ်ဘုံနတ်နန်းတမျှ ကြီးကျယ်ခမ်းနားလှသော တန်ဆောင်းဇရပ်တို့ဖြင့် ရှုမငြီး၊ တအံ့တဩမိန်းမောလောက်သော အဆောက်အဦတို့ဖြင့် စုံနိုင်သမျှစုံပြီး မိုင်နိုင်သမျှ မိုင်ခဲ့သော ဌာနကြီးတခု ဖြစ်ခဲ့လေသည်။

မှတ်ချက်။ ။(ရွှေပုဇွန်ခုံ ငွေပုဇွန်ခုံမှာ၊ ရွှေတိဂုံစေတီတော်ကြီးတွင် ကပ်သော ရွှေသင်္ကန်းပြားကဲ့သို့အထူးခြား ဖြစ်ခေလသည်။)

ပုံတော်မှာ ရွှေတိဂုံ၊ ရွှေမောဓော စသည်များကဲ့သို့ မဟုတ်ဘဲ၊ သီဟိုဠ် မဟာစေတီကို နမူနာယူ၍ တည်သောကြောင့် ပေါင်းချောင်အိုးဟန်ရှိလေသည်။ စေတီတော်မှာ ၉၂၆ ခုနှစ်ဘင် ပြီး၍ ၂ နှစ်မျှ အကြာ ၉၂၈ ခုနှစ်တွင် ထပ်မံ၍ ပြုပြင်ရာ မင်းတရားကြီးပင် ထပ်မံ တည်ရပြန်သည်။ တည်ပြီးနောက် ၉၆၀ ခုနှစ် ဟံသာဝတီ မပျက်မီမှာပင် ထပ်မံကာပြုပြင်ရာ ဗြိတိသျှခေတ်တွင် ပဲခူးမြို့မှ ဦးငယ်၊ ဦးထွန်းအောင် စသည့်သူတို့က ဝိုင်းဝန်းတည်ပြန်ရာ ပြီးလုနီးမှ ပြိုပျက်မည့် နိမိတ်ပြသောကြောင့် ပတ်ထားရသော သံပတ်ကြီးများကို တွေ့မြင်ရပေသည်။ ဗြိတိသျှခေတ် ကုန်ခါနီးတွင် ဦးစံဝနှင့် ကျောင်းဆရာကြီး ဦးသက်တင်တို့က ကမကထပြုလုပ်ပြီး အသင်းအပင်းဖွဲ့ကာ 'ဝိဇ္ဇာခရဲ ပုဂ္ဂလဝိသေသ' ဟု မြန်မာပြည်၌ ကျော်ကြားသော ကြို့ကုန်းရာကျော် ဆရာတော်ဘုရားကြီးလက်သို့ တည်ဆောက်ပြုပြင်ရန် လျှောက်ထား အပ်နှံလိုက်ရာ၊ ထိုရာကျော်ဆရာတော်ဘုရားကြီးသည် မဟာစေတီ ထိပ်တွင် ယခုတိုင်ရှိသော စေတီငယ်များကိုဆင်၍ တည်ထားခဲ့လေသည်။ ပွဲဘော်လကား တပိုတွဲ။

တခါက ဤသို့လျှင် ခမ်းနား ကြီးကျယ်ခဲ့သော စေတော်ကြီးကား မခမ်းနားတော့ပြီ။ တန်ဆောင်းမရှိ ပြာသာဒ်မရှိ၊ မြက်များက မင်းမူနေပြီး မူလစေတီတော်ကြီး၏ထီးပင်မြေ ခ ချေပြီ။ မှန်ကင်း တလှည့် ထင်း တလှည့်ပါတကား။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကျိုက်ပွန်။ ။မဟာစေတီမှ တဖန် ခရီးဆက်ခဲ့ပြန်ရာ ပဲခူးရန်ကုန်လမ်းရှိ ကျိုက်ပွန်ဘုရားဘက်သို့ ရောက်လေသည်။ ကျိုက်ပွန်ဘုရားမှာ တောဘက်ကျ၍ လူတယောက်မျှမတွေ့ရ။ ပကတိ ဆိတ်ငြိမ်လှချေသည်။ သစ်ရွက်ခြောက်များ ကြွေသံကသာ တတောလုံး မင်းမူနေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


ဤဘုရားပွဲတော် အကြောင်းကား ကဆုန်လပြည့်နေ့တွင် ကျင်းပ၍ ပဲခူးနှင့်အနီးအနားမှ ကားများ လှည်းများနှင့် လာကြပြီး တောင်ပြုံးပွဲတော်ကဲ့သို့ နောက်ပြောင်တတ်ကြသည်ဆို၏။ လှည်းနံရံတွင် မြယာကိုင်းများထိုးပြီး တလှည်းနှင့်တလှည်း လှမ်း၍ အော်ဟစ်နောက်ပြောင်နေပုံကို မြင်ယောင်လာမိသည်။

ထိုဘုရား၏ ရာဇဝင်ကြောင်းကို စုံစမ်းသိရသည်မှာ ဤဘုရား၏ ဘွဲ့တော် ကျိုက်ပွန် ဟူသောပုဒ်၌ ကျိုက်=ဘုရား+ပွန်=လေးဆူ၊ ဘုရားလေးဆူဟူ၍ တိုက်ရိုက်အဓိပ္ပာယ် ရသည်။ ဤကမ္ဘာ၌ ပွင့်တော်မူပြီး ဖြစ်ကြသော (၁) ကောဏ္ဍညဘုရား၊ (၂)ဂေါဏဂုဏ်ဘုရား၊ (၃) ကဿပဘုရား၊ (၄) ဂေါတမဘုရား။ဤဘုရား ၄ ဆူကို ရည်ရွယ်တော်မူ၍ ပူဇော် သော အားဖြင့် ကျောခြင်းကပ် ရုပ်ပွားတော်ကြီး လေးဆူကို ကျိုက်ပွန်ဟု ဘွဲ့တော်တပ်၍ တည်ထား ပူဇော်အပ်ပေသည်။

မှတ်ချက်။ ။သို့ရာ တွင် ထိုဘုရား၏ သမိုင်းကျောက်စာ အစရှိသည့် ခိုင်မာသော ထောက်ခံချက်များကို ရှာဖွေနေဆဲပင်ဖြစ်၍ တိကျသော သက္ကရာဇ်နှင့် အတ္ထုပ္ပတ္တိများကို မဖော်ပြနိုင်ဘဲ မွေစေတီမင်း၏ ညီအမ လေးယောက်ခေါ် မိဖုရား လေးယောက် တည်ထားခဲ့သော ဘုရားဟုသာ ပါးစပ်ရာဇဝင် ကျန်ရစ်သည်။

ကျန်ရှိနေသော ကလျာဏီ သိမ်တော်ကြီး နဂဝင်နာရဏီ၊ မဟာသုမနစသော သိမ်တော်ကြီးများ၊ ရွှေဂူကြီးခေါ် မဟာဗောဓိဘုရား၊ ရွှေဂူလေးဘုရား၊ မဟာကြီး ဘုရားတို့ကို အချိန်မရ၍ပန်းချီမရေးခဲ့ရပါ။ ၎င်းတို့သည် သက္ကရာဇ် ၇၃၀ ဗညားဦးတည်သော ဟံသာဝတီ ဒုတိယခေတ်တွင်မှ တည်ထားခဲ့သော သာသနာ့အမွေအနှစ်ကို ခေတ်အနုပညာ အမွေအနှစ်များဟု သိခဲ့ရပါသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ပဲခူးကြိုးတံတား။ ။ညနေဘက် နေဝင်ဆည်းဆာ အချိန်တွင်လမ်းလျှောက်ရင်း အိုမင်းရင့်ယော်နေပြီ ဖြစ်သော ပဲခူးကြိုးတံတားကြီးကို မျက်စိကျသည့်အပြင် အမှတ်တရအနေနှင့် ပန်းချီရေးခဲ့ရပါသေးသည်။ ၎င်းတံတားကြီးကို ၁၉၄၅ ခုနှစ်တွင် ဆင်တံဆိပ်တပ်မှ ဆောက်ပေးလေသည်။ ၃ နှစ်အတွက်သာအသုံးပြုရန် အာမခံခဲ့သော ကြိုးတံတားကြီးသည် ၁၂ နှစ်လုံးလုံး ပြုပြုပြင်ပြင်နှင့် ရန်ကုန် မန္တလေး ကားလမ်းမကြီး၏ မော်တော်ယာဉ်များနှင့် ပဲခူးမြို့သူမြို့သားများအတွက် အမှုတော်ထမ်းခဲ့သည့် ၁၉၅၇ ခု မေလထဲတွင်အသစ် ထပ်မံဆောက်လုပ်ပြီးသော တံတားကြီးအား တာဝန်လွှဲအပ်၍ အနားယူသောအလှည့်သို့ ရောက်နေပေပြီ။

နောက်နေ့နံနက်တွင် ကျွန်တော်လည်း ပြည့်ဝန်းသော ရာဇဝင်နောက်ခံရှိ မွန်တို့ဌာနီ ဟံသာဝတီပြည်မှသည် ဒဂုံနေပြည်တော်သို့ ပြန်လာပါသဘည်း။


ခရီးသည် ပန်းချီ
ရန်ကုန်ကဏ္ဍသိုလ် ပဲခူးခရိုင်
ကျောင်းသူ ကျောင်းသားများ
နှစ်လည်မဂ္ဂဇင်း
၁၉၅၆-၅၇

www.facebook.com/NyisayEbookCreator
www.nyisay.com

မြွေကြီးနှစ်ကောင်။ ။'မန္တလေးတောင်၊ မြွေကြီး နှစ်ကောင်၊ သွားလို့ကြည့်ရအောင်' ဟူသော ရှေးခေတ် တေးသွားလေးကို သတိရ၍ မိတ်ဆွေ ပန်းချီရေးဆွဲဘော်အချို့ကို အပ္ပိုင်ခိုင်းသောအခါ

မြွေကြီးနှစ်ကောင်ကား မန္တလေးတောင်၏မြောက်ဘက်အစွန်း မတ္တရာ တန်ဆောင်းထိပ်၌ တည်ရှိ၏။

ဤမြွေကြီးနှစ်ကောင်ရုပ်ထုများကို အဘယ်ကြောင့် သွန်းလုပ်၍ အထိကရ တည်ထားခဲ့ပါသနည်း ဆိုသော အကြောင်းကို စုံစမ်းမေးမြန်းကြည့်ရာတွင် ပါးစပ်ရာဇဝင် အမျိုးမျိုးကို ကြားသိရသည်။ အချို့က မြတ်စွာဘုရားနှင့် ညီတော်အာနန္ဒာတို့ နစဉ်အခါက ဤဘောင်တွင် မြွေမင်းညီနောင် အဖြစ်ဖြင့် စံမြန်းခဲ့ဘူးသည်ဟု ဆိုကြ၏။ အချို့ကမူ မန္တလေးတောင်ကို အထူးတလည် ပြုစုတော်မူခဲ့သော ရသေ့ဦးခန္တီသည် မိမိ၏ မွေးနံတော်နှင့် မိဿကဖြစ်သော ကြာသပတေးနံကို အစွဲပြုကာ မြွေရုပ်ကြီးနှစ်ရုပ်ကို သွန်းလုပ်ထားခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ အချို့က 'မြွေလိုအရေလဲမည်' ဆိုသော ရှေးဆိုရိုးစကားအတိုင်း 'မသေခြင်း' သဘောကို ကောက်ယူ၍'အမတ' ဆိုသော တည်မြဲခြင်း။မန္တလေးတောင်၏



အစွန်ရှည်ခြင်း။ ကုသိုလ်ကောင်းမှု၏ အစွန်ရှည်ခြင်း အစရှိသည်တို့ကို သရုပ်ဖော်လိုသောကြောင့် ဤမြွေကြီးနှစ်ကောင် ရုပ်ထုဘို့ကို သွန်းလုပ်ထားခဲ့ခြင်း ဖြစ်သည်ဟု ဆိုကြလေသည်။အခြား ပါးစပ်ရာဇဝင်တရပ်ကမူ မန္တလေးမြို့ကို 'အုဘ်ကျစ်ကျော်ဇေ' သက္ကရာဇ်၌ တည်ထောင်ရာတွင် မြို့ပန္နက်ချရာ၌ ထိုအရပ်တွင် ထူးခြားလှသော မြွေကြီးနှစ်ကောင်ကို တွေ့ရသောကြောင့် ဖြစ်သည်ဟု အဆိုပြုကြ၏။ မည်သည့်အဆိုက မှန်သည်ဟု အခိုင်အမာ ဆိုနိုင်မည် မထင်ပေ။မည်သို့ပင်ဖြစ်စေ မန္တလေးနှင့် မြွေတို့မှာ ကြာသပတေးနံချင်း တူသောကြောင့် တည်ထားခဲ့ဟန်တူသည်၊ သို့ဖြစ်၍ မန္တလေးမြို့၏အထိမ်းအမှတ် တံဆိပ်အဖြစ် ယူလိုကယူနိုင်ပေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဈေးချိုနာရီစင်။ ။ဤကားမန္တလေးမြို့၏ အသည်းနှလုံးပင် ဖြစ်သည်။

၁၄-အောင်ဆန်းလမ်း။

၂၆-အာဇာနည်လမ်း။


ဆိုင်းတန်းနှင့် ဓားတန်းတို့ပေါင်းဆုံရာတွင် တည်ရှိသည့် မန္တလေးဈေးချိုနာရီစင် ဖြစ်၏။

လူတို့သည် သူ့ထံမှ အချိန်နာရီကိုကားကြည့်ကြ၏။ သို့သော် မပြုံမပြင် မမှမ်းမံသဖြင့် မှုန်မွှားမွှား ဖြစ်နေသော မြန်မာ့သုခုမ ပန်းပု-ပန်းရံ အနုပညာ စွမ်းကိုမူ မြင်ကြဟန် မတူပေ။

ဤနာရီစင်သည်အချိန်းအချက်ရှိသူတို့အတွက်သည်း သက်သေထူနိုင်သော ဘက်မလိုက် သက်သေကြီးတဦးလည်း ဖြစ်သည်။

ဈေးချိုနာရီစင်အနီး၌ အချိန်မှန် ထွက်လေ့ရှိသော မေမန်း၊ ထီလာမန်း၊ မုံမန်း၊ ဧယျာမန်း စသော ခရီးသည်တင်ကားများအတွက် အချိန် မှတ်တိုင်ကြီးလည်း ဖြစ်၍နေလေသည်။ ဤမန္တလေးဈေးချိုနာရီစင်ကြီးကို မန္တလေး မြူနီစပါယ်အဖွဲ့က ၁၉၀၃ ခုနှစ်တွင် တည်ဆောက်ခဲ့သည်ဟု သိရလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အရှေ့လားသော်၊ တာနားရွာငယ်၊ အောင်ပင်လယ်တည့်။ ။
အနောက်လားသော်၊ ရုပ်ပွားရွှေစင်၊ မုနိရှင်တည့်။ ။
တောင်သို့လားသော်၊ တံဘားသာဟန်၊ တောင်သမန်တည့်။ ။
မြောက်သို့လားသော်၊ နွှမ်းပါးယွင်းယို၊ ရွှေနန်းအိုတည့်။ ။
ဇော်ဂျီ

မန္တလေး တက္ကသိုလ်။ ။ မန္တလေး၏ ပညာ့ဗိမာန် ဟု ခေါ်ဆိုရမည့် အထက် ဗမာပြည်၏ ခေတ်ပညာ တတ်လူငယ်ပိုင်းကို မွေးထုတ်ပေးရာဖြစ်သည်။

မန္တလေး တက္ကသိုလ်သည် လက်ဦးက စိုက်ပျိုးရေး ကောလိပ်သာ ဖြစ်ခဲ့သည်။ ဥပစာ ကောလိပ် ဟူသော အသွင်ကိုလည်း ဆောင်ခဲ့ရသေးသည်။ ယခု အခါတွင်ကား အတောင်အလက် စုံသော တက္ကသိုလ်ကြီးအဖြစ် ထီးထီးမားမား ရှိ၍နေပေပြီ။

မန်းတက္ကသိုလ်၏ ရာဇဝင်ကိုဆန်းစစ်လျှင် ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သပိတ်မှ စတင်ခဲ့ကြောင်း သိရ၏။ အမျိုးသားစိတ် ထက်သန် လာကြပြီး၊ အမျိုးသားကျောင်းများ အမြို့မြို့ အနယ်နယ်တွင် တည်ဆောင်ကြရန် လှုံ့ဆော် လုပ်ကိုင်လာကြရာမှ မန္တလေးမြို့တွင် ဥပစာကောလိပ်တခု ဖွင့်လှစ်ပေးရန် အရေးဆိုကြသည်။

ဦးဆောင်အရေးဆိုသူမှာ မန္တလေး ကိုယ်စားလည်

www.facebook.com/NyisayEbookCreator
www.nyisay.com

ဦးဘဦးဖြစ်သည်။ရသေ့ ဦးခန္တီနှင့် မန္တလေးမြို့ကျောက်စာပန် တော်စိန်ခို့တို့ကလည်း လေးနက်စွာထောက်ခံခဲ့ကြသည်။ သို့နှင့် ဗြိတိသျှအစိုးရက လိုက်လျောရ၍ ၁၉၂၅ ခုနှစ် ဇူလိုင်လတွင် မန္တလေး ဥပစာကောလိပ် ပေါ်ပေါက်ခဲ့သည်။ ကျောင်းသားဦးရေ ၃၁ ယောက်မျှသာရှိ၍ ကျောင်းအုပ်ကြီးမှာ အယ်လ်ထင်စီဖြစ်သည်။


ကမ္ဘာစစ်ကြီးပြီး၍ မန္တလေး ဥပစာ ကောလိပ်ကို ပြန်လည်ဖွင့်လှစ်သောအခါ ကျောင်းသားဦးရေ ၁၂၉ ယောက်သာ ရှိခဲ့၏။ ယခုခေတ်၌မူ အဆ ၂၀ မက တိုးတက်ခဲ့လေပြီ။

၂ မြို့ရိုးနှင့်မန်းတောင်။ ။'တန်ဆောင်းတော်ပြအိုးနှဲ့ မြို့ရိုးမြင့်နံကြန်ကြန်၊ ကျုံးပိတ်လို့ရံ၊ မင်းမင်းတို့စံ၊ မှန်ပေသည့်မြို့ကျေး'ဟု စာဖွဲ့ရသော ကျုံးတော်သည် နန်းတွင်းမြို့တော်၏ ဘေးဆီးရန်ကာ အဟန့်အတားပင် ဖြစ်သည်။ ဆင်ခေတ်၊ မြင်းခေတ်၊ ဓားခေတ်၊ လှံခေတ်ဖြစ်၍ လုံလောက်သော အဆီးအတားပင် ဖြစ်ခဲ့လေသည်။ ထိုမျှမက မားမတ်သော မြို့ရိုး၏ တင်းမာ ခိုင်ခန့်မှုကို တသွင်သွင် စီးနေသော ကျုံးရေနှင့် မဲတင်းထားသော ပန်းအလှတမျိုးပင် ဖြစ်သည်။

ဤကား မန်းရဘာနာပုံ၏ ခေတ်အဆက်ဆက် တည်မြဲခဲ့သော လှပသည့် ရှုခင်းတကွက် ဖြစ်ပေသည်။ မန္တလေးတောင်၏ ပြည့်ဖြိုးခြင်း၊ ကျုံးရေပြင်၏ ကြည်လင်သော ရေရိပ်နှင့် ရွှေနန်းတော်၏ ခန့်ညားခြင်းတို့ ပေါင်းစပ်ထားသော အလှလည်း ဖြစ်ပေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com




**မင်္ဂလာတံတား။** ။'ရွှေဗောင်းတင် ဆင်ကာနဲ့၊ ရွှေဝေါညင်သာသာနဲ့၊ ယခင်ခါ သည်လိုဆင်းတယ်၊ မင်းဟန်တဲ့လေး' ဟူသော မင်းခမ်းမင်းနားများဖြင့် ဗိုလ်ရှုခံထွက်တော်မူရာ မင်္ဂလာတံတားဖြစ်၏။

"ထွက်တော်မူကြီး"ဟူသော စကားအဓိပ္ပာယ်မှာ ရိုးရိုးနှင့်ခန့်သည်။ စစ်အင်္ဂါခင်းကျင်း၍ ဘုရင်မင်းမြတ် နန်းတော်မှ ထွက်ကာ မြို့တော်ကို လှည့်လည်ကြည့်ရှုတော်မူခြင်းသည် စစ်အင်အားပြ အခမ်းအနားကြီး တရပ် ဖြစ်သည်။ တိုင်းတပါးသားတို့ လေးစား ခန့်ညား ရှိသေခြင်းကို ရယူသော အခမ်းအနားကြီး တရပ်ဖြစ်၏။ ဇာတိမာန်ကို ဖော်ပြခြင်းလည်းဖြစ်သည်။ အချုပ် အချာ အာဏာပိုင်ခြင်းကိုလည်း ထင်ရှားစေသည်။ ဘုန်းလက်ရုံး မာန်ကိုလည်း ပြသခြင်းဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

ကျောက်ဟိုး တံခါးပေါက်။ ။မင်္ဂလာတံတားမှဝင်သော် ကျောက်ဟိုးတံခါးပေါက်သို့ ရောက်၏။ တံခါးပေါက်အထက်မှ ပြာသာဒ်များကား ဒုတိယစစ်၏ အမွေအနှစ်ကြောင့် အပိုင်း အစမျှပင် မကျန်တော့လေပြီတကား။

သူ့ခေတ်နှင့်သူ့အခါအားဖြင့် ဤမျှ အထူ အထယ်ကြီးမားသော တံခါးပေါက်များသည် လုံလောက်သော အခုအခံ အကာအကွယ် ဖြစ်ခဲ့သည်။ သို့သော် ခေတ်မှီလက်နက်တို့၏ ဖျက်ဆီးနိုင်စွမ်းအင်အားက တဖြည်းဖြည်းပိုမိုကြီးမားလာသောအခါ၌ခေတ်၏နောက်သို့ တဖြည်းဖြည်းဝေး၍ဝေး၍ ကျန်ရစ်ခဲ့ရလေ၏။မည်သို့ပင်ဖြစ်စေ သူ့ခေတ်တွင် ကာကွယ်ရေးအတွက်သာမဟုတ်စေဘဲ မြို့တော်အဝန်းအဝိုင်းကိုပါ မျက်စိပသာဒဖြစ်အောင် ခန့်ညားအောင် တည်ဆောက်ထား ခြင်းဖြစ်ခဲ့လေသည်။




www.facebook.com/NyisayEbookCreator
www.nyisay.com

စွယ်တော်စင်။ ။နန်းတော်တည်ရှိရာ နန်းမြို့တွင်းသို့ ဝင်လိုက်သော် ဟောင်းနွမ်းလှပြီ ဖြစ်သော စွယ်တော်စင်ကို ဤသို့တွေ့ရ၏။ ရှေးမင်းလက်ထက်က စည်သံ၊ မောင်းသံ မစဲ ညံလျက် အမှုတော် ထမ်းခဲ့ရာသည် ယနေ့ ဆိတ်ငြိမ်လျက်ရှိ၏။ လေ့ခါးထစ်များတွင် မြက်သမန်းများ ပေါက်လျက် လွမ်းသရုပ်ကို ဖော်စေ၏။ ဤစွယ်တော်စင်ကား ရှေးမြန်မာဘုရင်များကို တသမိစေသည်။

သို့သော် ပဒေသရာဇ်ခေတ်ကား ကျန်ရစ်ခဲ့လေပြီ။



www.facebook.com/NyisayEbookCreator
www.nyisay.com



မင်းတုန်းမင်းအုတ်ဂူ။ ။'လေးကျွန်း အောင်မြေ' တည်းဟူသော နန်းမြို့တော်တွင် မြနန်းစံကျော် အမည်ရှိသော ရွှေနန်းတော် (ဂျွန်လ ၁၈၅၇)တည်၍ သိမ်းပိုက်စံမြန်းတော်မူသော မင်းတုန်းမင်းကား မန္တလေးတဝိုက်မှ စေတီပုထိုးများ၏ ဒါယကာလည်းဖြစ် မန္တလေးမြို့ကို အသက်သွင်းပေးခဲ့သူတည်း။

ယခုသော် မန္တလေး၏ ကျေးဇူးရှင် မြို့တည် နန်းတည် မင်းတုန်းဘုရင်သည် ရွှေအိမ်နန်းနှင့် ကြငှန်းစည်းစိမ်တို့ကို (၁ ရက် အောက်တိုဘာ ၁၈၇၈)စွန့်ခွာ၍ ဘုရားသော်မှ မလွန်ဆန်နိုင်သော လမ်းသို့ (၇ ရက် အောက်တိုဘာ ၁၈၇၈ ဂူသွင်း) မြှုန်းခဲ့သည်မှာ နှစ်ပေါင်း ၉၀ ကျော် ရှိခဲ့လေပြီ၊

မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့၏ စံပြိမ်းရာ အုတ်ဂူများကို နန်းတွင်း၌ ယနေ့တိုင် တွေ့နိုင်၏။ ဤနေရာသည်ကား မင်းဘရားကြီး၏သားတော်စဉ် မြေးတော်ဆက်တို့ အလေး အမြတ် ဂါရဝ ပြုရာလည်း ဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



နန်းတော်အုတ်ခုံ။ ။နန်းတော်တည်ရှိရာ အုတ်ခုံနေရာဖြစ်၏။ အရှေ့ဘက် အဆင်းတွင်ကား သံအမြောက်ကြီးနှစ်လက်နှင့် အဖက်ဖက်သို့ လှည့်၍ ရှိသော အမြောက်ကလေးတလက်ကိုသာ တွေ့ရ၏။ မြန်မာတို့ အနုပညာမြောက်စွာ တည်ဆောက်ခဲ့သော နန်းတော်ကြီးကား စစ်၏ဒဏ်ကို အပြည့်အဝ ခံသွားရရှာလေသည်။

မြန်မာတို့၏သတ္တိကို ကမ္ဘာက သိကြပြီ ဖြစ်သည်။ လက်နက်အင်အားမမျှသဖြင့်သာ တခါက လွတ်လပ်ရေးကို ဆုံးရှုံး ခဲ့ရဘူးပေသည်။ နိုင်ငံခြားသားတို့၏ ဥပါယ်တမည် ဥာဏ်နီ ဥာဏ်နက်တို့ကလည်း တဖက်ရှိ ကြေးစားစစ်တပ် အင်အားကလည်း ရှိသေးသည်။ ထိုမျှမက လက်နက်အင်အား သာမှုကလည်း ရှိပြန်သည်။ အဆိုးရွားဆုံးမှာကား ပြည်တွင်း စိတ်ဝမ်းကွဲမှု သစ္စာဖောက်မှုများပင်ဘည်း။ ယင်းသည့် ချို့ယွင်းချက်များကြောင့် မည်ကဲ့သို့သော တိုင်းပြည်အတွက် အကျိုးတရားမျုား သက်ဆင်း ကျရောက်ခဲ့ရသည်ကို ကြီးစွာသောသတိမူဘွယ်ပင်။


www.facebook.com/NyisayEbookCreator
www.nyisay.com

ဗဟိုရ်စည်စင်။ ။ဤကား နန်းမြေအုတ်ခုံ အရှေ့တောင်ထောင့်ယွန်းယွန်းတွင် တည်ရှိသည့် ပြိုပျက်လျက်ရှိသော ဗဟိုရ်စည်စင်ဖြစ်သည်။ စင်၏နောက်မှ ဇရပ်တန်းကား ကျောက်စာများ စုဆောင်း ထိန်းသိမ်းထားရာဌာနဖြစ်လေသည်။

'ရွှေဗဟိုရ်စည်သံများကိုသ၊ မကြားရကြာလေပြီ၊ လေးလရာသီ' ဟူသော တြိချိုးကလေးသည် သာမန် အလွမ်းဘွဲ့ တောဘွဲ့ကလေး ဖြစ်မည် ထင်ရသည်။ သို့သော် သူတပါးလက်အောက်ခေတ်မှာတုန်းက ထို တြိချိုးကလေးသည်ပင် ကိုယ့်မင်း ကိုယ့်ချင်း ကိုယ့်လွတ်လပ်ရေးကို ဆွေးတသက်သက် တသ စေခဲ့သော စာချိုးကလေး တခု ဖြစ်ခဲ့သည်ဟု ဆိုလျှင် မှားမည် မဟုတ်ချေ။ မြန်မာ့မျိုးချစ်စိတ် မီးပွင့်ကလေးကို ငြိမ်းသေ၍ မသွားအောင် မွှေးမြူကာ ထွားကြိုင်းလာစေခဲ့သော တြိချိုးကလေးပင် ဖြစ်လေသည်။

'ပတ်သံတာရှည်၊တီးသံမြည်၊လက်ဆည်ကန်စာရေး'

မြန်မာတို့ သင်္ကေတ စစ်စစ်ဖြင့် အချိန် နာရီကို ဝေဖန်ပိုင်းခြားကာ အသံလွှင့် ကျေညာရာ ဌာနဟု ဆိုစရာပင်၊ မန်းမြို့၏ အချိန်နာရီကို စနစ်တကျ ချုပ်ကိုင်ထားသည်။ တမြို့လုံး၏ အချိန်နာရီကို တမျိုးတစားတည်း ဖြစ်စေ၏။ ဤကဲ့သို့ ဗဟိုရ်မှနေ၍ အချိန်ကို ချုပ်ကိုင် သတ်မှတ်လာခြင်းသည် ခေတ်သစ်သဘော၏ အဦးအစပင် ဖြစ်သည်။ စံတော်ချိန်၏အစကနဦးလည်း ဖြစ်သည်။ ယခု ကမ္ဘာ၌ ထင်ရှားနေသော ဘစ်ဘင်နာရီသံနှင့် တန်းတူပင်။ 'နှောင်-ဒိုင်း' သည်လည်း ကျက်သရေ တင့်ခဲ့ဘူး၏။ သူ့ခေတ်နှင့်သူ ထယ်ဝါခဲ့၏။ အသုံးဝင်ခဲ့ပေ၏။ နန်းတွင်းရှိ နေ့စဉ်ဝတ္တရားများကို 'အချိန်တန်ပြီ' ဟူ၍ သတိပေးနှိုးဆော်ခဲ့ပေသည်တကား။




www.facebook.com/NyisayEbookCreator
www.nyisay.com

မန်းတောင်နှင့် သုဓမ္မာဇရပ်။ ။မန္တလေးတောင်ကို ကျုံးရိပ်မှ မျှော်လိုက်သော် တောင်ခြေမှ ဇရပ်များကား ရာဇဝင်ကျော်ခဲ့သည့် သုဓမ္မာဇရပ်တန်း ဖြစ်၏။ မြို့တည် နန်းတည် မင်းတုန်းမင်းတရားကြီး လက်ထက်မှ စတင်ကျင်းပခဲ့သည့် စာပြန်ပွဲများ ကျင်းပရာ ခန်းမဆောင်များ ဖြစ်ခဲ့လေသည်။

ယနေ့သော် ပွဲတော်လာ ဘုရားဖူး ပရိသတ်တို့၏ နားခိုရာဘည်း။ ရွှေမန်း၏ နောက်ခံပန်းချီကားချပ်သဖွယ်ဖြစ်သည်။ ရသေ့ ဦးခန္တီ၏ လုလ္လ ဥဿဟ ကြောင့်နိုင်ငံ နှင့် အဝှမ်း ကုသိုလ်ဒါန ဖြစ်ထွန်းခဲ့ကြသည်။ သာသနာ၏ အထောက်အကူ သရုပ်တခု ဖြစ်သည်။သာသနာ၏ အရိပ်အာဝါသနှင့် ဒုဒယ်ကြီးမားလှပုံကိုဖော်ပြနေသည်။

'အသက်ရှည်စေလို၊ မန်းတောင်ရိပ်ခို'ဟု ဆိုစမှတ်စကားရပ်တို့ရှိနေကြသည်။လူပျို့အမေ ဆန်တစိတ်နှင့် ပုန်းအိပ်ရမည့်နေရာဟုလည်း နှောင်းခေတ် စနည်းတပေါင်တို့တွင် စာဖွဲ့ခဲ့ဘူးသည်။ ခေတ်သစ်အမြင်နှင့်ကြည့်ပါက ကုသိုလ်လည်း ရှာ၊ ကိုယ်ခန္ဓာလည်းကျန်းဟူသော သဘောကို မန္တလေးတောင်တွင် တွေ့ရပေမည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



ဗျာဒိတ်ပေးရုပ်တော်မူ။ ။မန္တလေးတောင်ပေါ်မှ ဗျာဒိတ်ပေးရုပ်တော်မူ ရုပ်ထုတော်ကား သပ္ပာယ်လှ၏။

တင်ပလ္လင်ခွေ၊ ရွှေသာလျောင်း၊ ရပ်တော်မူ စသော ရုပ်ထုဟန်များနှင့် သီးခြား တဘာသာပင် ဖြစ်သည်။ မြန်မာတို့၏ ပိသုကာ လက်စွမ်းကိုလည်း ပြသရာသို့ ရောက်၏။ မြန်မာတို့၏ ညဉ်အတိုင်း ဘာသာရေးနှင့် ပညာစွမ်းများသည် အညမည ရောယှက်၍နေကြသည် သာ များ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



**ကျောက်တော်ကြီး။** ။မန္တလေးတောင်၏တောင်ဘက် အဆင်းတွင် ကျောက်တော်ကြီးဘုရား တည်ရှိ၏။ ထိုကျောက်တော်ကြီး ဘုရားကြီး၏ ဆင်းတုတော်မှာ မန္တလေးအနီးရှိ စကျင် ကျောက်တောင်မှ စကျင်ကျောက်သားကြီးအား ထုလုပ်ထား၏။ စကျင်ကျောက်ကြီးမှာ ကြီးမားလွန်းလှ၍ လူပေါင်းတသောင်းကျော် သယ်ယူခဲ့ကြရ၏။ ဤကျောက်တော်ကြီးဘုရား တည်နေရာသို့ တူးမြောင်းမှ ၁၃ ရက် ခရီးကြာမျှ သယ်ဆောင်ကြခဲ့သည်။ မင်းတုန်းမင်းကြီး၏ဆန္ဒအရ ပုဂံမြို့မှ အာနန္ဒာဘုရားပုံစံအတိုင်း ကျောက်တော်ကြီး ဘုရားအား တည်ထားဆောက်လုပ်စေခဲ့၏။

www.facebook.com/NyisayEbookCreator
www.nyisay.com

**စန္ဒာမုနိ။** ။ကျောက်တော်ကြီးဘုရား၏ အရှေ့ဘက်တွင် ကပ်လျက် စန္ဒာမုနိဘုရားတည်ရှိ၏။ စန္ဒာမုနိ တည်နေရာသည် မန္တလေးမြို့တည်နန်းတည်ထောင်နေချိန်တွင် မင်းတုန်းမင်း ခေတ္တ မြေနန်းဖြင့် စံမြန်းတည်းခိုရာ နေရာဖြစ်ခဲ့၍ ဤနေရာအား အမှတ်တရ ဖြစ်စေရန် စန္ဒမုနိဘုရား တည်ထားစေခဲ့၏။

(၁၈ ရက် ဂျွန်လ ၁၈၆၆)တွင် ဤစန္ဒာမုနိဘုရား တည်ရှိရာ ယာယီတဲနန်း၌ မင်းတုန်းမင်းနှင့်တကွ အိမ်ရှေ့မင်း ကနောင်မင်းသားကြီး လွှတ်တော်ဝန်ကြီးများ ယာယီစံနေခိုက် မင်းတုန်းမင်း၏ သားတော်များ ဖြစ်သော မြင်ကွန်းနှင့်မြင်းခုံတိုင်မင်းသားတို့ ရုတ်တရက် ဝင်ရောက် တိုက်ခိုက်ကြသောကြောင့် အိမ်ရှေ့စံ ကနောင်မင်းသားကြီးမှာ တိမ်းပါးခဲ့ရလေသည်။

ကနောင်မင်းသားကြီးသည် ၁၉ ရာစုနှစ်များ အလည်လောက်တွင် မြန်မာနိုင်ငံအတွက် တိုးတက်လျက်ရှိသော ဥရောပနိုင်ငံအချို့နှင့် ဆက်သွယ်မှုများ လူသုံး



www.facebook.com/NyisayEbookCreator
www.nyisay.com

ကုန်ပစ္စည်း ထုတ်လုပ်မှု နည်းစနစ်တို့၏ အခြေခံ အသစ် အဆန်း တီထွင်မှု ပြောင်းလဲမှုများ ခေတ်ကို ပြောင်းလဲစေနိုင်မည့် အခွင့်အလမ်းများကို အမြင်ကျယ်စွာနှင့် အသုံးပြု လုပ်ဆောင်နိုင်ခဲ့သော မြန်မာ့ ခေတ် ပြောင်း ခေါင်းဆောင်ကြီး ဖြစ်ပေသည်။

မြန်မာနိုင်ငံအား ခေတ်မှီနိုင်ငံ ထူထောင်နိုင်ခြင်းငှာ အခြားနိုင်ငံကြီးများတွင် တိုးတက် ထွန်းကားလျက်ရှိသော ခေတ်ပညာရပ်တို့ကို လေ့လာဆည်းပူးရန် မြန်မာပညာတော်သင်ပေါင်း ၉၀ ကျော်ကို နိုင်ငံကြီးများသို့ လစာငွေ အလုံအလောက်ပေး၍ စေလွှတ်ခဲ့သူ ဖြစ်၏။

ခေတ်မှီလက်နက်ရှိမှ နိုင်ငံ အင်အား ရှိမည်ဟု ယုံကြည်သည့်အတိုင်း စစ်ကိုင်းဘက်တွင် လက်နက်စက်ရုံကြီးနှစ်ရုံ တည်ဆောက်ခဲ့၏။ လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုကို မြန်မာနိုင်ငံတွင် ဖြစ်မြောက်စေရန် ရေကန်းစက်၊ ကော်ဇောစက်၊ စပါးစက်၊ လွှစက်၊ ဖန်ချက်စက်၊ သကြားစက် စသည့် စက်ရုံပေါင်း ၅၀ ကျော်တို့ကို နိုင်ငံခြားမှ ဝယ်ယူထူထောင်ခဲ့သူဖြစ်၏။

မြန်မာနိုင်ငံ၏ ကာကွယ်ရေးဘက်တွင်လည်း စစ်ဖက်ဆိုင်ရာ ပြုပြင်မှုအမြောက်အမြားကို ဆောင်ရွက်ခဲ့သေး၏။ ထာဝစဉ် စစ်မှုထမ်းများရှိသည့်အခြေသို့ ရောက်ရှိအောင် ပြုလုပ်စေပြီး လိုမှုဖွဲ့စည်းသော မြန်မာစစ်တပ်ကို ပြုပြင်ပေးခဲ့သူဖြစ်၏။ စစ်ပညာလေ့ကျင့် သင်ကြားပေးရာတွင် နိုင်ငံခြားသား ပြင်သစ်၊ အီတာလျံ လူမျိုးတို့၏ အကူအညီဖြင့် ကိုယ်တိုင် ကြပ်မတ် လုပ်ကိုင်ခဲ့၏။ နိုင်ငံတွင်း၌ ဆက်သွယ်ရေး ပိုမိုလျင်မြန် ကောင်းမွန်စေရန်အတွက်လည်း မြန်မာအက္ခရာဖြင့် ကြေးနန်း ရိုက်နည်းကို ယောအတွင်းဝန်နှင့် တိုင်ပင် တီထွင်အသုံးပြုခဲ့လေသည်။

ဤသို့ မြန်မာနိုင်ငံအား ခေတ်ကို အမှီလိုက်ရန် ကြိုးစားတော်မူလျက်ရှိသူ ခေတ်ပြောင်းတော်လှန်ရေးသမားကြီး ကနောင်မင်းသားကြီးကား 'ဆင်ပြောင်ကြီးကို ဖြုတ်ကိုက်၍သေ' ဟူသော စကားရပ်နှင့်အညီ မြန်မာနိုင်ငံ၏ တိုးတက်ခေတ်မှီရေးကို 'လှေလှော်ကောင်းဆဲ တက်ကျိုး' ဖြစ်ကာ ဆုံးရှုံးနစ်နာခဲ့ရသောနေရာအဖြစ် သတ်မှတ်မိခဲ့လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကုသိုလ်တော်။ ။စန္ဒမုနိအနီးတွင် ကုသိုတ်တော်ဘုရား(ခေါ်)မဟာလောက မာရဇိန်ဘုရား တည်ရှိ၏။ ၁၈၅၇ ခုနှစ်တွင် မင်းတုန်းမင်းကြီးသည် ညောင်ဦးရွှေစည်းခုံဘုရားပုံစံအား ယူ၍တည်ဆောက်ခဲ့သည်။ မန္တလေးမြို့ရှိ ဘုရားများရှိကြသည့်အနက် ဤကုသိုလ်တော်ဘုရားနှင့် ဆင်တူသောဘုရား မရှိခဲ့ပေ။ ဤကုသိုလ်တော်ဘုရား၏ထူးခြားချက်မှာ ဘုရားဝန်းကျင်တွင် မင်းတုန်းမင်းကြီး ပဉ္စမသင်္ဂါယနာတင်၍ ပိဋကတ်သုံးပုံ ပါဠိတော် ကျမ်းပေစာများကို ကျောက်ထက်တွင် အက္ခရာတင်၍ ကုသိုလ်တော်မဟာ လောကမာရဇိန် စေတီပရိဝုဏ်အတွင်း စိုက်ထူထားခဲ့သောကြောင့် ဖြစ်သေသည်။

ပေစာမှ ကျောက်စာအဖြစ် အက္ခရာတင်သော ကျောက်စာတိုင်ပေါင်းမှာ ၇၂၉ တိုင်ရှိသည်နှင့်အမျှ ထိုကျောက်စာတိုင်ပေါင်း ၇၂၉ တိုင်အပေါ်၌ စေတီပေါင်း ၇၂၉ စေတီကို ဝိနည်းကျမ်း-၁၁၁ သုတ်ကျမ်း ၄၁၀ အဘိဓမ္မာကျမ်း-၂၀၈ ဖြင့် တည်ထားခဲ့သည်မှာ ကြည်ညိုရှုမောဘွယ်ကောင်းလှ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com

အတုမရှိကျောင်း။ ။ကုသိုလ်တော်ဘုရား၏အနီးတွင် အတုမရှိကျောင်းကြီး၏ အကြွင်းအကျန်တို့ တည်ရှိသည်။ ဤအတုမရှိကျောင်းကြီး မပျက်မစီးခင်က အနောက်နိုင်ငံခြားသား ခရီးသွားများအဘို့ ရင်သပ်ရှုမော အံ့သြဘွယ်ရာ ဖြစ်ခဲ့လေ၏။ ကျောင်းကြီး၏ အောက်ခံ အုတ်ခုံသာလျှင် ကျန်ရစ်တော့သည်။ ဒေါင့်မှန်ကွက် အုတ်ခုံ ငါးခုပေါ်တွင် သစ်သား အဆောင်များ ရှိခဲ့လေသည်။ ဤအတုမရှိကျောင်းကြီး၏ နံရံများတွင် ပန်းပုလက်ရာများကြောင့် ထင်ပေါ်ခဲ့သည်၊ ဗုဒ္ဓဆင်းတုတော်မှာ မင်းတုန်းမင်းကြီး၏ ဝတ်လဲတော် ပိုးပုဆိုးများကို ပြာချ၍ သစ်စေးကိုင်ထားပြီး ဥုံနလုံ ရှင်မွေ့တော်တွင် စိန်ကြီးကြီးတလုံး ရှိလေသည်။ ၁၈၈၆-ခုနှစ် အထက်မြန်မာနိုင်ငံအား သိမ်းပိုက်သော အချိန်တွင် ၎င်းစိန်ကြီးအား မသမာသူများ ဖြုတ်ယူသွားခဲ့သည်။

အတုမရှိကျောင်းကြီးသည် ၁၈၉၀-ပြည့်နှစ်တွင် မီးသင့်ခဲ့လေသည်။




www.facebook.com/NyisayEbookCreator
www.nyisay.com

ရွှေနန်းတော်ကျောင်း။ ။ အတုမရှိကျောင်း၏ အနီးတွင်ပင် ရွှေပိန်းချပန်းပုလက်ရာများဖြင့် တင့်တယ်ခဲ့သော ရွှေနန်းတော်ကျောင်း၏ အကြွင်းအကျန်များ ရှိလေသည်။

၎င်းရွှေနန်းတော်ကျောင်းသည် ရွှေနန်းတော်ကြီး၏ အဆောင်နန်းတခုသာလျှင် ဖြစ်ခဲ့လေ၏။ ထိုအဆောင်နန်းအတွင်း၌ မင်းတုန်းဘုရင်ကြီးနှင့် မိဖုရားခေါင်စကြာဒေဝီ မိဖုရားကြီးတို့ နှစ်ပါးအတူ ချစ်ကြင်စွာ စံပယ်ခဲ့ကြသည်။ ၎င်းအဆောင်ထဲ၌ပင် မင်းတုန်းဘုရင်ကြီးသည် နာတာရှည်ရောဂါကြီးကို အဆုံးသတ်သွားလေသည်။

မင်းတုန်းမင်းနောက် တက်လာသူ သီပေါမင်းသည် ၎င်းအဆောင်သည် အောက်မေ့ သတိရဘွယ်များ ရှိနေသဖြင့် မသုံးလို မနေလိုဟု ဆုံးဖြတ်လိုက်၏။ နောင်အခါတွင် လက်ရှိနေရာသို့ ရွှေနန်းတော်အဆောင်ကြီး ရွှေ့လာပြီး ကျောင်းဆောင်အဖြစ် မွန်းမံတည်ဆောက်ခဲ့၏။ ၁၉ ရာစုနှစ်အလယ်ပိုင်း၏ သစ်သားပန်းပုပြတိုက်ကြီး ဖြစ်ပေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com

ကင်းဝန်မင်းကြီး ဂူ။ ။မြန်မာရာဇဝင်တွင် မေ့ချင်၍ မရနိုင်သူတဦး၏ အုတ်ဂူဘည်း။ မြန်မာမင်းတို့ လက်ထက်က ပြည်ပတိုင်းခြားကို ဆက်သွယ်စခန်းသွားမှု နည်းပါးခဲ့သည်။ ဤပုဂ္ဂိုလ်ကြီးသည် နိုင်ငံခြားသို့ ရှေးဦးစွာ မင်းမှုထမ်း တာဝန်ဖြင့် (၁၈၇၂) ခုနှစ်၌ သွားရောက်ခဲ့ရသူ ဖြစ်၏။

ဤပုဂ္ဂိုလ်ကြီးကား ကင်းဝန်မင်းကြီးပင် ဖြစ်လေသည်။


ကုန်းဘောင်ခေတ်က အင်္ဂလန်နှင့် ဥရောပတိုက်များသို့ ရောက်ခဲ့သူပီပီ၊ အနောက်နိုင်ငံများ၏ တိုးတက်မှုကို သိ၍ ကင်းဝန်မင်းကြီးသည် ခေတ်ရှေ့ကပြေး၏။ ပြောင်းလဲနေသောခေတ်၏ အလှည့်ကို မိမိကမှီအောင် လိုက်နိုင်မှ တန်ကာကျမည် ဟူသော သဘောကို ပိုက်မိသူလည်းဖြစ်သည်။ သို့သော် ကျန်သောသူတို့ဥာဏ်မမှီနိုင်သောကြောင့် ကြိုးပမ်းသမျှသည် အချည်းနှီး အလဟဿ ဖြစ်ရတတ်ပေသည်။ မြန်မာ့ဖြစ်အင်ကိုရင်နင့်တော်မူသော [ ဆီးပန်းနီ ဆရာတော်ဘုရား၏ "မှတ်ပါရစ်စေ-မှာခဲ့ပေအံ့" ဟူသော ကေပိုဒ်ရတုဖြင့် 'မာလောနွယ်" ဟု စွပ်စွဲခြင်းခံရသည့်တိုင် မိမိ၏ အယူအဆကို မိမိမစွန့်နိုင်ခဲ့သူလည်း ဖြစ်သည်။ သို့သော် သံဝေဂနှင့်သာ ဖြေသသူဘည်း။



www.facebook.com/NyisayEbookCreator
www.nyisay.com

ရွှေအင်ပင်ကျောင်း။ ။ ရှေးဟောင်း ရာဇဝင်ရှိ ဆရာတော်များ သီတင်းသုံးရာ ကျောင်းဝိဟာရတို့အနက် ယနေ့တိုင် ကျော်ကြားလျက်ရှိသည့် နန်းဦးရွှေအင်ပင်ကျောင်းတိုက်။

အဟောင်းကို အားပြု၍ အသစ်သို့ လှမ်းရာသည်၊ နိုင်ငံတနိုင်ငံ လူမျိုးတမျိုး၏ အမွေအနှစ်သည်ကား ရှေးခေတ် လက်ရာမှန်တို့ပင်ဖြစ်သည်။ အနိုင်နိုင်ငံတွင် အသစ်များကို ထွင်ကြလေသော်လည်း အဟောင်းများကိုကား ကောင်းစွာ စောင့်ရှောက်ထားစမြဲဖြစ်လေသည်။ နိုင်ငံချစ် စိတ်ဓာတ် ဆိုသည်မှာ ဤအဆောက်အဦမျိုးတို့၌ မြစ်ဖျားခံ၍ လာရစမြဲ ဖြစ်ပေသည်။




မဟာမြတ်မုနိ။ ။ရုပ်ပွားရွှေစင် မုနိရှင်တည်း။

မြစ်ကူးချောင်းခြား တိုင်းပြည်အနှံ့မှ လာရောက်ဖူးမျှော်ကာ ရွှေသက်န်းကပ်လှူကြသောကြောင့် ရုပ်လုံးပင် ပျောက်လုဘနန်း ရွှေသားဖြင့် ဖိန်း၍ နေလေပြီ။ ဒုတိယ ကမ္ဘာစစ် အတွင်းက ရတနာပုံ မန္တလေးမြို့၌ သီတင်းသုံးနေတော်မူကြသော သံဃာတော် အသျှင်မြတ်များသည် ဤမုနိရုပ်ပွားတော်ကြီးကို အသက်ပေး၍ ကာကွယ်ခဲ့ကြဘူးလေသည်ကိုလည်း မမေ့အပ်။ ရခိုင်ပြည်မှ ပင့်ဆောင် လာသည်မှ အစ မြန်မာတို့

www.facebook.com/NyisayEbookCreator
www.nyisay.com

အင်္ဂလိပ်အစိုးရ လက်အောက်မှ လွတ်မြောက်အောင် ရုန်းကန်ခဲ့ကြရာတွင် ဤမဟာမြတ်မုနိတန်ဆောင်းသည် ကြိမ်ဖန်များစွာ အရေးပါ အရာရောက်သော ကဏ္ဍမှ ပါဝင်ခဲ့လေ၏။ နယ်ချဲ့စနစ်ကို ဆန့်ကျင်၍ ဆန္ဒပြရာ အောင်မြေလည်း ဖြစ်ခဲ့သည်။ မြန်မာဘုရင် ပါတော်မူသောအခါက ဝင်ရောက်ဖူးမျှော်ခွင့်မရခဲ့သော ရုပ်ပွားတော်ပင် ဖြစ်သည်။ ဖူးမျှော်ခွင့်ရခဲ့ပါသော် မြန်မာ့သမိုင်းသည် တမျိုးတဖုံပြောင်းလဲလေမည်လားဟု ထင်စရာလည်း ဖြစ်ခဲ့သည်။



မဟာမုနိကိုယ်တော်မြတ်၏ ရုပ်လက္ခဏာ ထူးခြားချက်ကား ဘုရားရှင်ကို လောကသမုတိဘုရင်များကဲ့သို့ မင်းဝတ်မင်းစား စလွယ် မကိုဋ်တို့ဖြင့် ဆင်ယင်ထားသော အချက်ပင် ဖြစ်ပေသည်။ ဗုဒ္ဓဘာသာဝင်တို့ ဘုရားရှင်ကို ကြည်ညိုလေးစားသမှုဖြင့် ဆင်ယင် ဖူးမျှော်ကြသော အစဉ်အလာတရပ်ပင်။

မန်းသား မန်းသူတို့က မဟာမုနိရှင်ပင် ကျိန်းစက်ရာကို 'ဘုရားကြီး'ဟု ခေါ်ဝေါ်ကြလေ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘိုးတော်ဘုရားအုတ်ဂူ (အမရပူရ)။

။အမရပူရမှာ သူ့ခေတ်သူ့အခါက ကြက်ပျံမကျ စည်ကားခဲ့သော မင်းနေပြည်တော် ဗဟိုချက်မ ဖြစ်သည်။ ရတနာပူရ ဟူသော မန္တလေးမြို့ ပေါ်ပေါက်လာပြီးသည့် အခါမှ အမရပူရသည် မြို့တော်ဟူသော ဝိသေသမှ နိမ့်လျော ခဲ့ရခြင်း ဖြစ်သည်။

ထိုအချိန် မတိုင်မီက မြို့တော်မှာ အင်းဝ ဖြစ်၏။ ထို့နောက် ဘကြီးတော် (၁၈၁၉-၁၈၃၇)က အမရပူရမှ အင်းဝသို့ နန်းတော်ကို ရွှေ့၏။ သာယာဝတီမင်း နန်းတက်သောအခါ အင်းဝမှတဖန် အမရပူရသို့ရောက် ရှိလာခဲ့ပြန်သည်၊


အမရပူရ မင်းနေပြည်၏ လက်ငုတ်လက်ရင်းအမှတ် အသားများမှာ မန္တလေးကဲ့သို့ များများစားစားမကျန် တော့ချေ။ သို့သော် မြို့ရိုးနေရာနှင့် မြို့တော်စောင်

www.facebook.com/NyisayEbookCreator
www.nyisay.com


ခြေ့မြှော်စင် ငွေတိုက်တော်တို့မှုကား ပြစရာ ကျန်ပေသေး၏။ ထို့ပြင် ဘကြီးကော်မင်းတရား၏ အုတ်ဂူကိုလည်း ရှုမြင်နိုင်သေးသည်။ အမရပူရမြို့နန်းကို ဘိုးတော်ဘုရား (၁၇၈၂-၁၈၁၉) တည်ခဲ့သည်။

ဦးပိန်တံတား (အမရပူရ)။ ။ဦးပိန် တံတားကား အမရပူရကောင်းစားစဉ်ခေတ်၏ လက်ကျန်အမွေဖြစ်၏။ မြို့ဝန်ဦးပိန်သည် အင်းဝနန်းတော်မှ ဖျက်ယူရရှိသော သစ်သားများဖြင့် တောင်သမန်အင်းကို ဖြတ်၍ ဆောက်လုပ်ခဲ့သော သစ်သား တံတားကြီးဖြစ်သည်။ ယခုတိုင် တံတား၏ အချို့သော နေရာများတွင် နန်းတော်အစိတ်အပိုင်း၏ ရွှေရောင်ရွှေစ အချို့ကို မြင်နိုင်သေးသည်ဟု အဆိုရှိသည်။ ကျွန်တော်တို့ကား ရှိသမျှ နှံ့စပ်အောင် မကြည့်ရှုနိုင်တော့ချေ။ မြန်မာ့ပိသုကာ လက်ရာဖြစ်သော တံတားအိုကြီးကိုသာ ပန်းချီဖြင့် မှတ်တမ်းတင်ခဲ့ရ၏။

တောင်သမန်အင်းတွင် ရေပြည့်စဉ်၌ အောက်ခြေ တံတားတိုင်များကို မမြင်ရပေ။ ရေမရှိသော နွေအခါတွင် တံတားကြီး တခုလုံးကို ကင်းခြေများကြီးကဲ့သို့ မြင်ရ၏။ ဦးပိန်တံတားသည် မြန်မာ့ကျွန်းသစ်၏ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိပုံကို လက်တွေ့ သက်သေထူနေသကဲ့သို့ရှိ၏။ အကြောင်းမူကား ဦးပိန်တံတားကြီး၏ သက်တမ်းမှာ အနှစ် ၂၀၀ ခွန်းခဲ့ပြီ ဖြစ်သောကြောင့်တည်း။



www.facebook.com/NyisayEbookCreator
www.nyisay.com



ကျောက်တော်ကြီး(အမရပူရ)။ ။ဦးပိန်တံတားကို ကျော်ဖြတ်၍ လျှောက်လျှင် ဦးတိုက် တွေ့ရမည့် အဆောက်အဦမှာ အမရပူရ ကျောက်တော်ကြီးစေတီ ပင်တည်း။ တံတားဦးမှ တက်မိလျှင် ကျောက်တော်ကြီး၏ ကျယ်ပြန့်သော အင်္ဂတေ လှေခါးထစ်များကို နင်းမိ၏။ ဤစေတီ၏ လက်ရာမှာ ကုန်းဘောင်ခေတ် ပိသုကာများ၏ လက်စွမ်းဖြစ်သည်။ ပုဂံမြို့ရှိ အာနန္ဒာ စေတီကို ပုံစံမှီး၍ တည်ထား ကိုးကွယ်သည်ဟု အဆိုရှိ၏။ သို့သော် အာနန္ဒာကဲ့သို့ ကျောက်သားအတိဖြင့် မဟုတ်မူဘဲ သစ်ဒိုင်းများခံ၍ ဆောက်လုပ်ထား၏။ စေတီတော်၏ မျက်နှာစာ လေးဘက် လေးရပ်တို့တွင် နံရံဆေးရေးပန်းချီများမှာ ပန်းချီပညာရှင်များအတွက် လေ့လာစရာ ဖြစ်စေ၏။ အမျိုးသား ယဉ်ကျေးမှုသမိုင်းအတွက်လည်း ကြီးမားသော အထောက်အထားများ ဖြစ်ပေသည်။အချို့နေရာများတွင် ရေးဆွဲလက်စ အပြီးမသတ်သေးသော ပုံများကို တွေ့ရသေးသည်။ရေးဆွဲပြီး ပန်းချီပုံများ၏ ဆေးရောင်မှာလည်းအ တော်ပင် လန်းဆန်းနေပေသေးသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

ပုထိုးတော်ကြီး (အမရပူရ)။ ။ ကျောက်တော်ကြီးဘုရားကို ဖူးမြင်၍ ဦးပိန်တံတားကို ဖြတ်ကျော်ခဲ့မည် ဆိုပါလျှင် သွင်ဟန်ထူးခြားသော ပုထိုးတော်ကြီးကို တွေ့နိုင်ပါသည်။ ပုထိုးတော်ကြီး ဟူသော 'ကြီး' တလုံးရ စေတီဖြစ်သည်နှင့်အညီ ကြီးမားသော စေတီကြီးတဆူ ဖြစ်ပါ၏။

ပုထိုးတော်ကြီး၏ အောက်ပစ္စယံများတွင် ကျောက်သားပေါ်၌ ထုထွင်းထားသော နိပါတ်တော်လာ ဇာတ်ဝတ္ထုများ၊ ရယ်မောဘွယ်ရာ ဇာတ်လမ်းများကို တွေ့ရလိမ့်မည်။ ပုထိုးတော်ကြီးစေတီနှင့် ကြေးခေါင်းလောင်းကြီးအကြောင်း ရေးထိုးထားသော ကျောက်စာကိုလည်း တွေ့ရပေမည်။ ဤပုထိုးတော်ကြီးသည် ဘကြီးတော်ကောင်းမှု ဖြစ်သတည်း။




ကြက်နှစ်နန်း (အမရပူရ)။ ။ပုထိုးတော်ကြီးနှင့် မကွာမလှမ်းသော အရပ် ရောဘတီ မြစ်ကမ်းနပူးတွင် မေးတင်လျက်ရှိသော စေတီနှစ်ဆူကား ရွှေကြက်ယက်၊ ရွှေကြက်ကျစေတီများ ဖြစ်ပေသည်။အင်္ဂလိပ်တို့

www.facebook.com/NyisayEbookCreator
www.nyisay.com

၉၃၄-ခုနှစ်တွင်တည်ဆောက်ခဲ့သောစစ်ကိုင်းတံတားကြီး ကန့်လန့်ဖြတ်လျက် မရှိမီအခါကဆိုလျှင် ဤစေတီနှစ်ဆူမှာ ဧရာဝတီမြစ်ကြောင်းကို ဆန်တက်လာသော

လောင်းလှေတို့၏ ဦးခိုက်ရာအစစ် ဖြစ်ခဲ့ပေမည်။ အမရပူရ ကမ်းစောင့်စေတီနှစ်ဆူဟုပင်ဆိုရမည်ကဲ့သို့ရှိပေ၏။ ဦးကြင်ဥ၏ ရာသီဘွဲ့များ၌ ဤစေတီ နှစ်ဆူကို 'ကြက်နှစ်နန်း' ဟူ၍ စာဖွဲ့ခဲ့ပေသည်။ ဤစေတီ



www.facebook.com/NyisayEbookCreator
www.nyisay.com

နှစ်ဆူသည် မြစ်ဘဘက်ရှိ ဆွမ်းဦးပုညရှင် စေတီနှင့် အပြိုင်ရပ်တည်နေကြဘိသကဲ့သို့ ရှိပေသည်။

သမိုင်း ရာဇဝင်ရှိသည်မှာ ဘုရားတည်ရန် နေရာ ရွေး၍ ကြက်များကို လွှတ်သည်တွင် ကြက်ကျသော နေရာနှင့် ကြက်ယက်သော နေရာတို့၌ စေတီတဆူစီ တည်ထားခဲ့သည်ဟုဖြစ်သည်။ တဆူနှင့်တဆူမှာ ကိုက် ၅၀ မျှပင် ကွာလှမ်းဘွယ်ရှိ၏။

အမရပူရ ပန်းချီခရီးကား ဤမျှနှင့် ခရီးစေ့၍ သပြေတန်းခံတပ်၏ ဟိုမှာဘက် ဒုဋ္ဌဝတီ (မြစ်ငယ်)ကို ဖြတ်လျက် အင်းဝမည်ခေါ် ရွှေမြို့တော်သို့ ခရီးဆက်ရ ပြန်ပါသည်။



နန်းမြင့်ဗဟိုရ်စင်(အင်းဝ)။ ။အင်းဝကား ပုဂံ အပျက်တွင် နောက်ထပ်ပေါ်ပေါက်လာသော မင်းနေ ပြည်တော်တည်း။ အင်းဝတည်သူ သတိုးမင်းဖျားနှင့် အင်းဝ၌တွင် ကျက် စားဘူးသည် ဆိုသော စောရ တောက်ပြားတို့၏ ဇာတ်လမ်းမှာ ယခုတိုင် လူပြော သူပြောများတုန်းရှိသေး၏။

www.facebook.com/NyisayEbookCreator
www.nyisay.com

အင်း၀မြို့သည် အနှစ် ၆၀၀ ခန့် ရှိပြီ ဖြစ်သော်လည်း ရာသီဒဏ် လူဒဏ်တို့ကို မာန်မလျှော့ဘဲ ခုခံရပ်တည်နေသေးသည့်အသွင်ဖြင့် အင်း၀မြို့ရိုးဟောင်းများ၊ ကျုံးများကို အစအန မြင်ရသေးသည်။ အင်း၀တွင် ထူးထူးခြားခြား များများစားစား ပေါက်လျက်ရှိသော မကျီးပင်များကို ဂရုပြုမိ၏။ မကျီးပင်များ တန်း၍နေသော နန်းမြို့အထွက်လမ်းမကြီးမှာ ယခင်က သူဌေးတန်းဖြစ်ခဲ့သည်ဟူ၍ မြင်းလှည်းသမားက ဇာတ်ကြောင်းပြန်သည်ကို မှတ်လိုက်ရ၏။


အင်း၀ နန်းတော်ကွက်ထဲတွင် စိုက်ပျိုးခင်းများ ဖြစ်လျက်ရှိ၏။ ထိုအထဲမှ ထိုးထိုးထောင်ထောင် ဖြူဖြူဖွေးဖွေး မြင်ရသော လေးထောင့်ပုံ အဆောက်အဦ တခုကား နန်းမြင့်ဗဟိုရ်စင် ဖြစ်လေသည်။ အမြင့်မှာ ၁ပ၉၀ ရှိ၏။ မူလစိုက်ထူးဆောက်လုပ်ခဲ့စဉ်က တည့်တည့်မတ်မတ်ဖြစ်သော်လည်း (၁၈၃၈)ခုနှစ် ငလျင်ဒဏ်ကြောင့် တဖက်သို့ ခပ်ယိမ်းယိမ်း ဖြစ်သွားလေသည်။

မဟာအောင်မြေဘုံစံကျောင်း(အင်း၀)။ ။နန်းမြင့်ဗဟိုရ်စင်မှ လှမ်းမျှော်လျှင် မြင်နိုင်သော နေရာ၌ ရော၀တီမြစ်နဖူးနှင့် ခပ်လှမ်းလှမ်း ကုန်းမြင့်ပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အဦကြီးကား မယ်နုအုတ်ကျောင်းဟု ယခုခေတ် ခေါ်ကြသော မဟာအောင်မြေဘုံစံ အုတ်ကျောင်းကြီး ဖြစ်လေသည်။

မဟာအောင်မြေဘုံစံကျောင်းကြီးအား ကျောက်သား ပိသုကာ လက်ရာများဖြင့် ခမ်းနားလှပသော အဆောက်အဦကြီးဖြစ်သည်။ ကျောင်းကြီး၏ ဒါယကာမှာ ဘကြီးတော်ဘုရား၏မိဖုရားကြီး နန်းမတော်မယ်နု ဖြစ်၏။ ၁၀၁၀-ခုနှစ်တွင် ဆောက်လုပ်ခဲ့၏။ နန်းမတော်ကြီး၏ ဆရာတော်ဖြစ်သော ညောင်ကန်ဆရာတော်ကြီး သီတင်းသုံးရန် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်၏။

ဤ ကျောင်းတော်ကြီးမှာ မြန်မာဘုန်းတော်ကြီး ကျောင်းများတွင် သစ်သားဖြင့် ဆောက်လုပ်လေ့ရှိသည့်အတိုင်း မဆောက်လုပ်ဘဲ အုတ် အင်္ဂတေတို့ဖြင့် ဆောက်လုပ်ခဲ့သောကြောင့် ဤမျှ ကြာရှည်ခံခြင်း ဖြစ်သည်။ သို့သော်(၁၈၃၈)ခုနှစ်တွင် တုန်လှုပ်ခဲ့သော ငလျင်ဒဏ်ခံရသဖြင့် ဤကျောင်းကြီး အတော်အတန်

www.facebook.com/NyisayEbookCreator
www.nyisay.com



www.facebook.com/NyisayEbookCreator
www.nyisay.com

ပျက်စီးသွားစေခဲ့ရာ နန်းမတော် မယ်နု၏ သမီး မင်းတုန်းမင်းတရားကြီး၏ မိဖုရားကြီး ဆင်ဖြူမရှင်က ပြန်လည် ပြုပြင်တည်ဆောက်ထား၍သာ ဤပုံအတိုင်း ရှုမြင်ရခြင်းဖြစ်သည်။

ကျောင်းကြီးတွင် ညောင်ကန် ဆရာတော်ကြီး သီတင်းသုံးရန်ဟူ၍ အခန်းတခန်း သီးခြား ရှိသည်။ ဘုရားစင်လည်း ရှိသည်။ ယနေ့ဘိုင် ရဟန်းသံဃာတော် များ သီတင်းသုံးလျက် နေကြ၏။ ကြမ်းခင်းများကား ကျွန်းသားကြမ်းခင်းများ ဖြစ်သည်။ ကြမ်းများပေါ် တွင် လင်းနို့ချေးများ ပြန့်ကြဲနေသည်ကိုလည်း တွေ့ ရ၏။ စုလစ်မွန်းချွန်တို့ဖြင့် ခန့်ငြားသော ဤကျောင်း ကြီးမှာ ရေညှိတဝက် ထုံးဖြူတဝက်နှင့် ရှိနေရှာ၏။ သို့သော် နှစ်ကာလ ကြာညောင်းခဲ့ပြီဖြစ်သော သမိုင်း ဟောင်း၏ အမွေအနှစ် သက်သေပစ္စည်းတရပ်အဖြစ် ဤအတိုင်း ရှုမြင်ခြင်းသည် ပန်းချီဆန်သည်၊ သဘာဝ ကျသည်ဟု တွေးထင်စရာရှိကြောင်း သဘောပေါက် ရတော့သည်။

ကောင်းမှုတော် (စစ်ကိုင်း)။ ။ စစ်ကိုင်းမြို့၏ ရောဝတီမြစ်ဆိပ်ကား ရေ အတိမ်အနက်ကိုလိုက်၍ ဆိပ် ခံဖော့တံဘားမှာ နေရာအမျိုးမျိုးပြောင်းနေရ၏။ သို့ သော် ကူးတို့သမ္ဗာန်များမှာ လွယ်ရာတွင် ဆိုက်ကြလေ သည်။ စစ်ကိုင်းသည် မန္တလေးကဲ့သို့ ဘုရားစေတီ ပေါ သောမြို့ဖြစ်၏။ စစ်ကိုင်းတောင်တခိုတွင် စေတီအဆူဆူ ရှိသည်။ မြို့တွင်းမြို့ပြင်တွင် ဘွဲ့တော်ထင်ရှားသောစေတီ ပေါင်း အတော်များများ ရှိလေသည်။


စစ်ကိုင်းမြို့ကား မင်းနေပြည်ဟောင်းတည်း။ စစ် ကိုင်းတွင် စဘင် နန်းစိုက်သူမှာ အသင်္ခယာစောယွန်း ဖြစ်သည်။ ခရစ်နှစ် ၁၃၂၂-ခုနှစ်တွင် စစ်ကိုင်းကို မြို့တည်ရာမှ သတိုးမင်းဖျားလက်ထက်တွင် မြစ်တဘက် ကမ်းရှိ အင်းဝသို့ ရွှေ့ဘည်ထောင်သည်။ ထို့နောက် တဖန် အလောင်းဘုရား၏သားတော် နောင်တော်ကြီး (၁၇၆၀-၁၇၆၄)လက်ထက်တွင် စစ်ကိုင်းသို့ ပြောင်း ရွှေ့လာပြန်ကြောင်း ရာဇဝင်အထောက်အထားရှိသည်။

စစ်ကိုင်းတောင်ရိုးသို့မတက်သေးဘဲ မြို့ပြင်သို့ဦးစွာ သွားသောအခါ ၆ မိုင်ခန့်ခဝးသည့်အရပ်၌ ကောင်း မှုတော်စေတီကြီး တည်ရှိ၏။ ရာဇမဏိစူဠာ မည်သော

www.facebook.com/NyisayEbookCreator
www.nyisay.com

ကောင်းမှုတော်၏ ဘွဲ့မည်ရင်းမှာ လူသိမများတော့ဘဲ သာလွန်မင်းတရားကြီး၏ ကောင်းမှုတော်စေတီဖြစ်၍ “ကောင်းမှုတော်”ဟူ၍သာ အများနှုတ်ကျိုးနေကြ၏။ ရာဇမဏိစူဠာစေတီတော်ကို ၁၆၃၆-ခုနှစ်တွင် သာလွန်မင်းတရားကြီး တည်ထားရာ၌ အင်းဝကို မြို့တော်အဖြစ် ပြန်လည် တည်ထားနိုင်ခြင်းကို အထိမ်းအမှတ်ပြုသောအားဖြင့် ဖြစ်သည်ဟု မှတ်ရဘူး၏။ ကောင်းမှုတော်၏ ပုံသဏ္ဌာန်မှာ စေတီပုံချွန်းချွန်းမဟုတ်ဘဲ လုံးဝပြည့်ဖြိုးသော မို့မို့မောက်မောက်သဏ္ဌာန်ရှိ၏။ သီဟိုဠ်မှ မဟာစေတီ၏ပုံတော်ကို ကူးယူ၍ တည်ထားသည်ဟုလည်း သိရ၏။ ဉာဏ်တော် အမြင့်မှာ ၁၅၁ ပေခွဲ ရှိပြီး အောက်ခြေခုံ၏ လုံးပတ်မှာ ပေ ၄၀၀ ရှိ၏။ ပွဲတော်အခါ၌ စေတီတော်၏တဘက်မှ အိုးစည်ဗုံးမောင်းများ တီးမှုတ်နေလျှင် အခြားတဖက်၌ တီးသံမှုတ်သံများကို လုံးလုံးမကြားရဟု ဆိုသည်။ ဟုတ်နိုင်ပေ၏။

ကောင်းမှုတော်အနီး၌ အင်းကြီးတခုရှိသည်။ ထိုအင်းကြီးကို ကောင်းမှုတော် အင်း ဟု ခေါ်ကြသည်။ ဟုတ် မဟုတ်ကား မသေချာသော်လည်း ဤအင်း



www.facebook.com/NyisayEbookCreator
www.nyisay.com

ကြီးမှာ ကောင်းမှုတော်ဘုရားတည်ရန် အုတ်ဖုတ်စဉ်က မြေကြီးများကို တူးဖော်သောကြောင့် အင်းဖြစ်သာရသည်ဟု ဆို၏။

ကောင်းမှုတော်ကို ဦးစွာ ဝင်ရခြင်းသည် သင့်မြတ်၏။ အဘယ်ကြောင့်ဆိုသော် အညာတခွင်တွင် ကောင်းမှုတော်သည် ပွဲတော်ရ တန်ခိုးကြီးဘုရားတဆူ ဖြစ်သောကြောင့်တည်း။

ထူပါရုံ။

ထူပါရုံကား ဒါယကာ ဘုရင် နရပတိ၏ မပြီးသေးသော စေတီကြီးဖြစ်သည်။ အင်း၀ ဘုရင် နရပတိသည် စစ်ကိုင်းဘက်သို့ကူး၍ ၁၄၄၄-ခုနှစ်တွင် ထူပါရုံစေတီကို၊ တည်ခဲ့ရာ အပြီးမသတ်နိုင်ခဲ့ချေ။ ဤသို့ပင် အပြီးမသတ်နိုင်သော်လည်း စေတီတော်၏ ပုံပန်းကား ပုံဝိုင်းဖြစ်ပြီးထူးခြား၏။ ပစ္စယံသုံးဆင့်အထိသာ ပြီးစီးခဲ့လေသည်။




www.facebook.com/NyisayEbookCreator
www.nyisay.com

ဆင်များရှင်။ ။ စစ်ကိုင်းမြို့ ဆင်များရှင်စေတီကား မိုးဇာဈေး၏အရှေ့ဘက် ပြလမ်းမှ မြောက်ဘက်သို့ ဖြောင့်ဖြောင့်သွားလျှင် ရောက်နိုင်၏။ ဆင်များရှင်သည် ထီးတော် မြေခချသည်မှာ ကြာချေပြီ။ စေတီတော်၏ အုတ်သားမှာပင် အက်ကွဲလျက်ရှိ၏။ ဒါယကာမှာ ဘုရင့်နောင်မင်းတရားကြီး ဟု အဆို ရှိသည်။ စေတီတော်၏ အဝင် စောင်းတန်းအဝတွင် ဆင်ဖြူကြီးနှစ်ကောင် မားမားရပ်လျက်ရှိ၏။

(ဤစေတီမှာ ငလျင်ဒဏ်ကြောင့် ပြိုပျက်သွားခဲ့ပြီးနောက် ယခုအခါ ပြန်လည်ပြင်ဆင် တည်ဆောက်ပြီးလေပြီ။)



www.facebook.com/NyisayEbookCreator
www.nyisay.com



www.facebook.com/NyisayEbookCreator
www.nyisay.com



စစ်ကိုင်းတောင်။ ။တောင်ပေါင်း ၃၇ လုံး၊ ချောင်ပေါင်း ၅၀၀ ကျော် ရှိသည်ဆိုသော စစ်ကိုင်းတောင်ရိုးကား သူတော်စင် သူတော်မြတ်တို့ တရားအားထုတ်ရာဖြစ်၏။ တိုင်းပြည် အရပ်ရပ်မှ ဘုရားဖူးများ အချိန်ရာသီမရွေး လာရောက် ဖူးမြော်ရာလည်းဖြစ်ပေသည်။ အင်္ဂလိပ်အပြေး ဂျပန်အဝင် စစ်ကြီးအတွင်းက စစ်ပြေးဒုက္ခသည်ပေါင်း သုံးသိန်းကျော်ခန့် ခိုလှုံခဲ့ရာ အရပ်လည်း ဖြစ်ပေသည်။

စစ်ကိုင်းတောင်ရိုးတွင် ဖူးမြော်ခဲ့ရသော ထင်ရှားသည့် စေတီများအနက်၊ ဆွမ်းဦးပုညရှင်၊ရှင်ပင်နံကိုင်း၊ ရွှေရင်မြော်၊ လွှမ်းစေတီ၊ ပတ္တမြားစေတီ၊ ဥမင် ၃၀၊ ဥမင် ၉၀၊ နဂါးရုံ စသည်တို့ဖြစ်သည်။စေတီတဆူလျှင်



နောက်ကြောင်းတမျိုး၊ အတ္ထုပ္ပတ္တိ တမျိုးနှင့် ဖြစ်၏။ ကျောင်းသင်္ခမ်း၊ တန်ဆောင်းဇရပ် စသည်တို့ဖြင့် ချမ်းမြေ့သော အေးရိပ်ဆာယာကလေးများ ဖြစ်ပေသည်။

တခါတရံတွင် စစ်ကိုင်းတောင်ရိုးကို ဖြတ်၍ တိုက်လာသော လေပြင်းကလေးသည် စေတီတော်များ၏ ဆည်းလည်းငယ်၊ ခေါင်းလောင်းငယ် ကလေးများကို တိုးဝှေ့လိုက်သောအခါ၊သာယာငြိမ့်ငြောင်းသော ဓမ္မတေးသံများကို ကြားရ၏။ တတောင်ဆင်း တတောင်တက် ခရီးဆက်နေရသော ဘုရားဖူးတို့အဖို့ ခေါင်းလောင်းသံနှင့် လေပြေအေးသည် အမောပြေဆေးပင် ဖြစ်လေတော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထို့ကြောင့် ဆရာဦးဘိုးသင်း၏ ရုပ်ဆင်းအင်္ဂါကို ပန်းချီဖြင့် အမှတ်တရ မှတ်တမ်းတင်လို၏။

ထိုမိတ်ဆွေတို့မှ တဆင့် ၁၉၅၄ ခုနှစ် အတွက် 'ငမဲကျွန်' ဝတ္ထုဖြင့် စာပေဗိမာန်တထောင်ဆု ဆွတ်ခူးသွားသော စာရေးဆရာကြီး စစ်ကိုင်း ဦးဘိုးသင်းထံ ရောက်ခဲ့ရ၍ ဆရာကြီး ဦးဘိုးသင်း၏ပုံတူ ဆရာ့လက်မှတ်နှင့်အတူ နေ့စွဲပါအမှတ်ထင်ထင်ရလာခဲ့၏။

ဆရာဦးဘိုးသင်းကား အိုလေပြီ။ အိုကာမှ ဆရာ့အစွမ်းအစကို ရိပ်မိကြဟန်တူ၏။ တော်တော့လည်း တော်ပေသေး၏။ မသေမီ ရိပ်မိကြပေသကိုး။ ။

စစ်ကိုင်း ဦးဘိုးသင်း။ ။စစ်ကိုင်း တောင်ရိုးမှ အပြန် စစ်ကိုင်းမြို့တွင်းသို့ အရောက်တွင် စစ်ကိုင်းမှ စာရေးဆရာမိတ်ဆွေအချို့နှင့် စာရေးဆရာကြီးစစ်ကိုင်း ဦးဘိုးသင်းထံသို့အရောက် အလည်သွားကြ၏။ အတူပါလာသော မိတ်ဆွေ စာရေးဆရာက ဆရာကြီး ဦးဘိုးသင်းသည် ဓာတ်ပုံ အရိုက်မခံဟု ဆိုလေသည်။


မင်းကွန်း ခေါင်းလောင်းကြီး။ ။မင်းကွန်းကား ဧရာဝတီမြစ်၏ လက်ျာဘက်ကမ်းရှိ ရွာငယ်ကလေး ဖြစ်၏။ရွာငယ်ပင်ဖြစ်သော်လည်း ကမ္ဘာသိ ထင်ရှားရသော အကြောင်းမှာ မင်းကွန်း ခေါင်းလောင်းကြီးနှင့် မင်းကွန်းဘုရားကြီးတို့ကြောင့် ဖြစ်လေသည်။ မင်းကွန်းဘုရားကြီးကိုတည်ဆောက်စဉ်နှင့် တပြိုင်တည်း

www.facebook.com/NyisayEbookCreator
www.nyisay.com


ပင် ကြေးတန်ချိန် ၉၀ ရှိ မင်းကွန်း ခေါင်းလောင်းကြီးကိုလည်း သွန်းလုပ်ခဲ့သည်။ ယခုအခါ ရုရှားပြည်ရှိ ကြေးခေါင်းလောင်းကြီးမှ လွဲလျှင် ကမ္ဘာမှာ ဒုတိယ အကြီးဆုံး ခေါင်းလောင်းကြီး ဖြစ်ပေသည်။ ၁၉၃၈ ခုနှစ် ငလျင်ဒဏ်ကြောင့် မြေသို့ပြုတ်ကျခဲ့ရာတွင် ယခုအခါ အသစ်တဖန် ပြန်လည် ချိတ်ဆွဲလျက် ခေါင်းလောင်းထားရာ ဇရပ်နှင့်တကွ သီးသန့် တည်ရှိ၏။

ခေါင်းလောင်းကြီး၏ အမြင့်မှာ ၁၂ ပေခန့် ရှိ၍ အပြင်နှုတ်ခမ်းအထိ မျက်နှာဝ ဗျက်မှာ ၁၆ ပေနှင့် သုံးလက်မရှိသည်ဟု သိရသည်။ ခေါင်းလောင်းကြီးကို မြန်မာ ကြေးသွန်းပညာရှင်များ သွန်းလောင်း ပြုလုပ်သော ခုနှစ်မှာ ခရစ်နှစ်၁၇၉၀ ပြည့်နှစ်တွင်ဖြစ်သည်။

မြန်မာတို့သည် ကဗျာကာရံကို အင်မတန်ကြိုက်၏။ ပုဂံပြည်မှာရှိသည့် ဘုရားအဆူပေါင်းကို အမှတ်ရလွယ်လေအောင် 'လှည်းဝင်ရိုးသံဘည်ညံ-ပုဂံဘုရားပေါင်း' ဟု သင်္ကေတပြုခဲ့လေသည်။ ထိုနည်းတူစွာ ဤခေါင်းလောင်းကြီး၏ အလေးချိန် ပိဿာ ပေါင်း ကိုလည်း 'မမင်းဖြူ မှန်မှန်ပြော' တနည်းအားဖြင့် ကြေးပိဿာ ချိန်ပေါင်း ၅၅၅၅၅၅-မျှ လေးသည်ဟု ဆိုလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



မင်းကွန်း ဘုရားကြီး။ ။မင်းကွန်း ဘုရားကြီးကား ပြီးစီးအောင် မဆောက်လုပ်ခဲ့ရချေ။ ပြီးများပြီးစီးခဲ့လျှင် အံ့သြဘွယ် ဖြစ်ပေလိမ့်မည်။ယခုပင် ကြီးမားလှသော အုတ်သား ထုထယ်ကြီး ပြီးစီးသမျှမှာ အံ့စရာဖြစ်နေ၏။မြစ်ကြောင်းမှကြည့်လျှင်အီဂျစ်ပြည်မှ ပီရမစ် အဆောက်အဦကြီးကဲ့သို့ ထီးထီးမားမား ကြံ့ကြံ့ခိုင်ခိုင် ရှိလှ၏။

ဘိုးတော်ဘုရား (၁၇၈၁-၁၈၁၉) သည်သာ မပြီးစီးမီ နတ်ရွာမစံခဲ့လျှင် ဘုရားကြီး၏ ဥဒေါင်းတော်မှာ ပေ ၅၀၀ ခန့် ရှိလိမ့်မည်။ ဘုရားကြီး၏ ပုံစံငယ်တဆူကိုဥဒေါင်းတော် ၁၅ ပေမျှဖြင့် ပုံစံယူရန် ဆောက်လုပ်ထားခဲ့သည်ကို ယခုအိုင်တွေ့နိုင်၏။ ၎င်းကို ပုံတော်ဘုရားဟု ခေါ်တွင်ကြသည်။ ယခုထိ ပြီးစီးသမျှ ဘုရားကြီး၏အုတ်ခုံနှင့် အောက်ခြေကို ၁၅ နှစ်၊ အနှစ် ၂၀ ခန့်ဆောက်လုပ်ခဲ့ရရာ၊ဘိုးတော်ဘုရားသည် မြစ်တဘက်ကမ်းတွင် မကြာခဏဆိုသလို ယာယီ တဲနန်းဖြင့် လာရောက်စိုးစံရင်း ကြည့်ကြပ် စီမံတော်မူသည်ဟု သိရ၏။

ဘုရားကြီး၏ အောက်ခြေမှာ ပေ ၄၅၀ ပတ်လည် ရှိပြီး ယခုထိ ပြီးစီးသမျှမှာ အမြင့် ၁၆၂ ပေ ရှိလေသည်။ ၁၈၃၈ ခုနှစ် လျှော်တွင် မန္တလေးနှင့်စစ်ကိုင်းတဝိုက်မှ စေတီပုထိုးများ အတော်ပင် ဒဏ်ခံလိုက်ရပေရာ၊ မင်းကွန်းစေတီဘုရားကြီးမှာလည်း အက်ကွဲပြိုကျသွားခဲ့၏။

အော် သင်္ခါရ သဘောတရားကို ဘုရားသော်မှ မလွန်ဆန်နိုင်ရာချေတကား။ ။

www.facebook.com/NyisayEbookCreator
www.nyisay.com

မင်းကွန်း ခြင်္သေ့ကြီး။


ခေါင်းလောင်းကြီးများနည်းတူ၊ မင်းကွန်းခြင်္သေ့ကြီး ရှိရာသို့ ရောက်ရပြန်လေသည်။ ပျက်စီး ယိုယွင်းလျက် ရှိသော ခြင်္သေ့ကြီးနှစ်ကောင်အား ထူးထူးခြားခြား မြင့်မားမားကြီး တွေ့ရ၏။ ခြင်္သေ့ကြီး၏ ယခု အပျက် အစီးအတိုင်း အမြင့်ခန့်မှန်းခြေမှာ လူ့အရပ် အတိုင်း အတာနှင့် တဆယ့်ငါးဆမျှ မြင့်မားနေသေးသည်ကို အံ့သြရစွာ တွေ့နိုင်သည်။

တခါတုန်းကဆိုလျှင် မြောက်များစွာသော ငွေကြေးကို အကုန်အကျခံ၍ ဤခြင်္သေ့ကြီးများကို တည်ဆောက်ခဲ့ရပေလိမ့်မည်။ ဤလက်ရာကို စွမ်းဆောင်နိုင်သည့် မြန်မာ ရှေးဟောင်း ပန်းရံပညာသည်ကြီးများကိုလည်း လူတိုင်းက ကြည်ညိုပေလိမ့်မည်။ ယခုသော် ပန်းရံဆရာကြီးများ၏ အနုပညာလက်ရာများသည်ရင်း၊ မြင့်မားကြီး ကျယ်လှသည့် ခြင်္သေ့ကြီး၏ တန်ဘိုး သည် ရင်း၊ မင်းကွန်း၌ ဘုရားကြီး ပျက်စီး ခဲ့လေပြီ။ မမြဲသော သဘော တရားပေတည်း။ ။

ခရီးသည် ပန်းချီ
ရှမဝ မဂ္ဂဇင်း
နိုဝင်ဘာလ ၁၉၅၆



www.facebook.com/NyisayEbookCreator
www.nyisay.com



မေမြို့ (ပြင်ဦးလွင်)။ ။မေမြို့သည် တောင်ပေါ်စခန်းမြို့ဖြစ်ပြီး၊ နွေရာသီတွင် အပူဒဏ်ခိုလှုံရာ အရပ်ဖြစ်သည်။ဆောင်းရာသီတွင် အချမ်းပိုလှသည်။မန္တလေးနှင့် မိုင်ပေါင်း ၄၂ မိုင်မျှသာ ကွာဝေးသော်လည်း ပင်လယ်ရေမျက်နှာပြင်မှ ပေပေါင်း ၃၄၈၁ မြင့်သောအရပ်ဖြစ်၏။ မြန်မာနိုင်ငံကို အင်္ဂလိပ်နယ်ချဲ့တို့ သိမ်းပိုက်ခဲ့သော ၁၈၈၆ ခုနှစ်တွင် ဘင်္ဂလား ခြေလျင်တပ်ရင်းမှ ဗိုလ်မှူးကြီးမေ ဆိုသူကို အစွဲပြု၍ ခေါ်ဝေါ်သော မြို့အမည်ဖြစ်၏။ အင်္ဂလိပ်နယ်ချဲ့တို့ တည်ထောင်ခဲ့သော မေမြို့ခေါ် ပြင်ဦးလွင်မြို့တမြို့တည်း။

မေမြို့၏အကျယ်မှာ စတုရန်းမိုင် ၁၇ မိုင်ရှိ၏။ ယူကလစ်နံ့၊ ထင်းရှူးနံ့သင်းသောအရပ် ဖြစ်၍ ကော်ဖီ၊ စထရော်ဘယ်ရီ၊နာနတ်ခြံများနှင့်လည်း အပြည့်ရှိသည်။ မေမြို့ပန်းကား အောက်ပြည်အောက်ရွာအထိလူကြိုက်များသော ဂန္ဓမာပန်းမျိုးပင်။

မေမြို့တွင် မှတ်တမ်းတင်ဘွယ် ပထဝီအမှတ်အသားကား၊ ရုက္ခဗေဒဥယျာဉ်နှင့် နာရီစင် ဖြစ်၏။ မေမြို့နာရီစင်သည် မန္တလေးနာရီစင်ကဲ့သို့ စုလစ်မွန်ချွန်တို့မပါ၊ ရန်ကုန် ရေဝန်ရုံး အဆောက်အဦ မျှော်စင်အသေးစားကလေးကဲ့သို့ ထင်ရ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com

# နာဂတောင်တန်း

စာနယ်ဇင်းများ၌ ဒေသန္တရဆောင်းပါးများနှင့် ဒေသန္တရခရီးသွားဆောင်းပါးများကိုသာ ရေးသားဖော်ပြခဲ့ကြသည်။

သို့သော် ပန်းချီအနုပညာရှင်များ ခရီးသွားသောအခါမူ ဓာတ်ပုံရိုက်သည်ထက် သူတို့သန်ရာ ပန်းချီရေးဆွဲ၍ မှတ်တမ်းတင်ကြ၏။ ဤ နာဂပန်းချီ ရေးဆွဲ ပေးပို့သူမှာ စာရေးဆရာ ရန်ကုန်ဘဆွေ၊ နာဂတောင်တန်း မောင်ကြည်ဇင် တို့ နှင့် အတူ နာဂတောင်တန်းသို့ ခရီးထွက်ကာ လူမျိုးစုယဉ်ကျေးမှု ဓလေ့ထုံးစံများကို လေ့လာဆည်းပူး မှတ်တမ်းတင်နေသူ ပန်းချီ မောင်ငွေထွန်းပင် ဖြစ်လေသည်။ (ကြေးမုံသတင်းစာ)

www.facebook.com/NyisayEbookCreator
www.nyisay.com




ချင်းတွင်းမြစ်။ ။ဤပုံကား တိမ်ကောပျက်စီးလု မတတ်ဖြစ်နေသော ခန္တီးအနီး ချင်းတွင်းမြစ်၏ရေတိမ် နေရာဖြစ်သည်။ ဤပုံ၌ ချင်းတွင်းရေတိမ်သွား ( K ) အမျိုးအစား ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင် ရေး၌ာနပိုင် သင်္ဘောကို သောင်အစွန်းတနေရာ၌ တွေ့ ရပေမည်။ ထိုသင်္ဘောသည် အလွန်လေးသော လျှပ်စစ် အင်ဂျင်တပ်ခဲ့ရာမှ သောင်တင်တော့မလို ဖြစ်နေခဲ့ခြင်း ကြောင့် ထိုနေရာအရောက် လူထုအားဖြင့် ဝိုင်းဝန်း ဆွဲယူခဲ့ရသည်ဆို၏။ ထိုနေရာမှစ၍ ခန္တီးမြို့ ဆိပ်ကမ်း အရောက် ၂ မိုင်ခန့် ခရီးကို ရေတိမ်သည့် နေရာတွင် လူအားနှင့် ငါးနေ့ရာထက်မနဲ ဆွဲရပေဦးမည်။ ခန္တီး ခရိုင်အတွက် လမ်းပန်းအဆက်အသွယ်ကား ခဲယဉ်း ကြပ်တည်းလှသေး၏တကား။

www.facebook.com/NyisayEbookCreator
www.nyisay.com

ခန္တီး လေယာဉ်ကွင်း။ ။ ခန္တီး အမျိုးသမီးများ တလအတွင်းအပြီးပြုပြင်လိုက်ကြသောလေယာဉ်ကွင်း။ ထိုလေယာဉ်ကွင်းသည် စပါးရိတ်ပြီး၍ လယ်ကွက်များ ခြောက်လျှင် ခြောက်ခြင်း ခန္တီးရှမ်းအမျိုးသမီးများက နှစ်စဉ်လေယာဉ်ဆင်းနိုင်သည်အထိခုတ်ရှင်းပေးရသည်။ ကျွန်တော်တို့စီးလာသော လေယာဉ်သည် ထိုလေယာဉ်ကွင်း၌ဆင်းခဲ့သည်။ သဲများ ကျောက်များ အလွန်ပေါများသောအရပ်ဖြစ်သော်လည်း အစိုးရပြုလုပ်နေသော အမြဲတန်း လေယာဉ်ကွင်းသည် ယခုထိ မပြီးသေး။ ဆောက်လုပ်နေသည်မှာ ခြောက်နှစ် ရှိလေပြီ။ ဘယ်တော့ခါပြီးမည် မခန့်မှန်းနိုင်သေး။

ထိုလေယာဉ်ကွင်းမှဖြတ်ကျော်လာသောအခါခရိုင်မြို့တော်ဖြစ်ပါလျက် အလယ်တန်းကျောင်းအဖြစ်သာရှိသော ကျောင်းကလေးကို တွေ့ရသည်။ ထိုမှလွန်သော် တဲကုတ်ကုတ်ယိုင်ယိုင် ဝါးကပ်မိုး ဆေးရုံကိုတွေ့ရသည်။ မြို့တွင်းသို့ဝင်ချေပြီ။



www.facebook.com/NyisayEbookCreator
www.nyisay.com



ခန္တီးရှမ်းအမျိုးသမီး။ ။မြို့ထဲသို့ ဝင်လိုက်သည်နှင့် တပြိုင်နက် ခန္တီးရှမ်းအမျိုးသမီးများ စပါးထောင်းနေသည်ကို ဤသို့ တွေ့ရလေသည်။ ခန္တီးရှမ်းအမျိုးသမီးများသည် အ-အား နေသည် မရှိကြ။ ထမိရင်ရှားနှင့် ခါးစီးအဝတ်ကို ခါးစည်းကာ တနေကုန် တနေခမ်း တကုန်းကုန်းနှင့် အလုပ်လုပ်နေတတ်ကြသည်။ သို့သော် ယောကျ်ားသားများကား အားလျက်။

နာဂအမျိုးသမီး။ ။ခန္တီးသို့လာရောက်ကာ အခစားအလုပ်လုပ်တတ်ကြသော တောင်ပေါ်သား နာဂများထဲ၌ ဤလို နာဂအမျိုးသမီးများကိုလည်း တွေ့ရတတ်သည်။ တောပန်း၏ အလှကိုမမြော်လင့်ဘဲ တွေ့ရခလသည်။ တောကျောက်၏ အလှသွေး အလှရည်ကို အံ့သြစရာ တွေ့ရသည်။ ဤပုံမှာ နာဂမယ်လှသူဇာက ကြည်ဖြူစွာ ပုံဆွဲခံသဖြင့် စိတ်တထင့်ထင့်နှင့် ရေးဆွဲရ

www.facebook.com/NyisayEbookCreator
www.nyisay.com

သောပုံဖြစ်သည်။ သူ့နောက်နားတွင် တွေ့ရသည့် သူ့အဖော်မှာ ရှက်စနိုးဖြင့် သုန်မှုန်စွာ ထိုင်နေလေသည်။

နာဂသွား ပန်းချီသတင်း (ခန္တီးမှပေးပို့) အမှတ်စဉ် ၁
၂၈ ရက် မေလ ၁၉၅၈
ကြေးမုံသဘင်းစာ



www.facebook.com/NyisayEbookCreator
www.nyisay.com



www.facebook.com/NyisayEbookCreator
www.nyisay.com

ညီစေ ညာစေ။ ။ခန္တီးမြို့၏ ညအချိန်၌ စပါးထောင်းနေကြပုံဖြစ်သည်။ စပါး ထောင်းသူများမှာ အများအားဖြင့် အပျို လူပျိုများဖြစ်ကြသည်။ သူတို့သည် အပျိုလူပျိုမျက်နှာချင်းဆိုင်၍ တေးအပြိုင် သီဆိုရင်း စပါးထောင်းနေကြသည်။

သူတို့၏တေးများမှာ ယောကျ်ားမိန်းမ တဘက်နှင့်တဘက် အထစ်အငေါ့ကလေးတွေနှင့် ဆိုကြသည်။

“ဒီညအဘို့မှာတော့ ကျမဟာ ယောကျ်ားရှိယင်တောင် ယောကျ်ားကိုခွင့်တောင်းပြီး ဒီစပါးထောင်းပွဲမှာ တပျော်တပါး တေးဆိုဘို့လာခြင်းဖြစ်ပါတယ်။ ရှင့်လိုလူရည်ချောတယောက်နဲ့”

စသော တေးမျိုးဖြစ်သည်။ ရှေးဦးစွာ ညီစေဟု အဓိပ္ပာယ်ရသော“ဆိုင်ယှိုင်-ဆိုင်ယှိုင်”ဟူသည့် အသံစူးကလေးများဖြင့် စသည်။တရွာလုံးရှိ အပျိုလူပျိုများသည် ဤအတိုင်း ညလုံးပေါက် စပါးထောင်းကြ၏။ ထောင်းပြီး ဆန်များကို ချက်ချင်းပြာတီး၍ချက်ကြ၏။ ဤပုံတွင်ပါသော စပါးထောင်းနေကြခြင်းမှာ နံနက်ရှင်ပြုအလှူပွဲတွင်ကျွေးမွေးလှူဒါန်းရန်အတွက်ဖြစ်သည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



မောင်ရှင်လောင်း။ ။ရှင်လောင်းကိုပြင်ဆင်ရသော ပုံမှာ အောက်ဗမာပြည်နှင့် လုံးဝမတူဘဲ ဆန်းကြယ်၏။

အောက်ရပ် အောက်ရွာ ပြည်မဒေသတွင် ရှင်လောင်းကို ကျောက်စီချယ်သော စီးပုံကို ဆောင်းလေ့ရှိသည်။ ကျောက်စီချယ်သော စလွယ်ကို လွယ်စေလေ့ရှိသည်။

သို့သော် နားဂတောင်ခြေရှိ ရှမ်းလူမျိုးတို့ နေထိုင်သော ခန္တီးမြို့တွင်မူ ရှင်လောင်းကို ဆောင်းစေသည့် အရာဝတ္ထုများမှာ ပန်းစက္ကူအနီ၊ အစိမ်း၊ အပြာ၊ အဝါ များနှင့် ပြုလုပ်ထားသည်။ အလယ်ထိပ်တည့်တည့်၌ နဂါးခေါင်း၊ ဂဠုန်ခေါင်းပုံများ ပြုလုပ်ဆားလျက် ဘေးပတ်လည်တွင် တံခွန်လုံးကလေးများ ဆွဲချထားသည်။ ထိုတံခွန်လုံးကလေးမျ-း၏ အရှည်မှာ မျက်နှာကို ဖုံးအုပ်မိသည်အထိ ရှည်လျားကြ၏။

ရှင်လောင်းတင် ထမ်းစင်ဝေါမှာ ဝါးလုံးများဖြင့် ပြုလုပ်ပြီး အဝတ်ဖုံးလွှမ်းထားကာ ကြက်ရှားစွန်း အလံ အနီ-အစိမ်းရောင်နှင့် ရှင်လောင်း၏ နောက်မှီတွင် ဒေါင်းအတောင်များကို လှလှပပ ဆင်ယင်ထားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

**ရှင်လောင်းလှည့်ပွဲ။** ။ရှင်လောင်းကို ဝေါပေါ် သို့တင်လျက် ထမ်းလာပြီး ရွှေထီးလည်း မိုးပေးထား၏။ အိန္ဒိယသားများ သုံးလေ့သုံးထရှိသော လည်တန်ရှည် အဝကျဉ်းနှင့် ကြေးရေတကောင်းနှင့်ခပ်ဆင်ဆင် ညောင်ရေတကောင်း ကလေး များကို ပန်းတဝေဝေ ထိုးကာ ကိုင်ဆောင်ကြသည်။ ပန်းစက္ကူများဖြင့် ပြုလုပ်သည့် ငွေပဒေသာပင်များကို မိန်းကလေးများကကိုင်၍ လိုက်ကြသည်။ လူကြီးအချို့က သက်န်းပရိက္ခရာများကို ကိုင်လျက် ရှင်လောင်းဘေးမှလိုက်ပါကြ၏။

**ရှင်လောင်းတား။** ။ ရှင် လောင်း လှည့် ရာ တွင် အလှူရှင်တို့သည် လွယ်အိတ်ကြီးတလုံးကို ဘေး၌လွယ်လျက် ရှင်လောင်းရှေ့မှ သွားကြရသည်။ ရှင်လောင်း တားသော လူများကား ပေါ်များလှ၏။ အဝတ်များ၊ တဘက်များ၊ပုဝါများနှင့်သာမဟုတ်ဝါးလုံးတန်းကြီးများနှင့်လည်း တားတတ်ကြလေသည်။ အလှူရှင်သည် လွယ်အိတ်ထဲမှနှိုက်ကာ တားသမျှလူတို့ တောင်းလာသော ကြေးငွေများကို ပေးရတော့သည်။ သို့သော် ထို အလှူရှင် ပေးလိုက်ရသောငွေများကို အလှူရှင်ထံ ပြန်ကူသည်ဟု ပြန်ပေးကြသည်ချည်းပင်။

နောက်ဆုံး မောင်ရင်လောင်း သင်္ကန်းဝတ်ပြီးမှ သာလျှင် အလှူရှင် စိတ်အေးရတော့သည်။ ထူးခြားချက်မှာကား အချို့အောက်အရပ်တို့မှာကဲ့သို့ မောင်ရင်လောင်းအား နတ်စင်သို့ အတီးအမှုတ်ဖြင့် သွားလျက် နတ်ပြုရခြင်း၊ နတ်စင်ကို ကန်တော့စေခြင်းများ မပြုလုပ်ကြရပေ။ ကောင်းလေစွ။

နာဂပန်းချီသတင်း(ခန္တီးမှပေးပို့) အမှတ်စဉ် ၂
၄ ရက် ဩန်လ ၁၉[illegible]၈ ကြေးမုံသတင်းစာ



www.facebook.com/NyisayEbookCreator
www.nyisay.com

ဆင်သေရွာ။ ။ဇင်းဂလိစ် ခန္တီးမြို့မှတဘက်ကမ်းရှိ 'ဆင်သေရွာ'ကို မြင်ရ၏။ နွေရာသီ၌ ကြည့်၍ စိမ်းလျက်ရှိသော ချင်းတွင်းမြစ်ရေသည် မိုးရာသီသို့ ကျရောက်လာသောအခါ ပူနွေးစေပြီး ရွှံ့နှစ်ရောင် ရောစပ်ခြင်းဖြင့် အငန်းမရ တအားသွန် စီးဆင်းလျက်ရှိ၏။

ဆင်သေရွာဘက်ကမ်းအား စစ်တပ်ရှိသောကြောင့် 'ဇေယျသိင်္ဂိတပ်မြို့'ဟု မှည့်ခေါ်ကြသည်။ အမြုပ်ဖြူဖြူတို့သည် နောက်သော ချင်းတွင်းမြစ်ရေပေါ်တွင် ဖြူဖွေးသော ပန်းပွင့်များ ကြဲချထားဘိသကဲ့သို့ ကြည့်ကောင်းစရာ မျောပါလျက်ရှိသည်။ ခန္တီးမြို့မှ ဆင်သေဘက်ကမ်းသို့ နှစ်မိုင်ကျော်မျှ ဝေး၏။ ပူနွေးသော မြစ်ရေပေါ်တွင် ဖြူသောအမြုပ်ပွင့်များကြားမှ ဖြတ်သန်း၍ တဘက်ကမ်းသို့ ကူးတို့လှေငယ်ဖြင့် လှော်ခတ်သွားရ၏။

ချင်းတွင်းမြစ်ရေသည် 'ဇေယျသိင်္ဂိတပ်မြို့' ခေါ် ဆင်သေရွာဘက်သို့ စီးဆင်းလျက်ရှိ၏။ မြစ်ရေပြင်မှ တဆင့်'ဇေယျသိင်္ဂိတပ်မြို့'ကိုမြင်တွေ့ရသည်မှာ ကြည်နူး





www.facebook.com/NyisayEbookCreator
www.nyisay.com




စရာနှင့် မိုးရာသီ၏ အရောင်အသွေးကား လွမ်းစရာပင် ဖြစ်လေ၏။


'ဇေယျသိင်္ဂီ' အမည်ကား ၁၉၅၂-ခုနှစ်မှ စပြီး စစ်ရဲနယ်ခြားတပ် တပ်စွဲ၍အမည်ပေးထားသော တပ်မြို့ ဖြစ်၏။ မြန်မာဆံလွန်းလေစွ။

ဆင်သေတရုပ်တန်း။ ။ဆင်သေရွာ အဝင်ဖြစ်၏။ ဤသို့တရုပ်ပြည်၏ကျေးရွာတနေရာနှင့်မခြား မြင်ရ၏။ တရုပ်ဆံသော နေအိမ်များမှာ ကြက် ဝက်များနှင့် လားများ မွေးမြူထားကြသော တရုပ်လူမျိုးခြားများ တွေ့သည်။ ဤနေရာ၌ တရုပ်တို့သည် ဘောင်တက် လားများကို ထိန်းကျောင်းရင်း ဝင်ရောက်နေထိုင်ကြပြီ။ တောင်တက် လားလုပ်ငန်းကို ဗမာအစိုးရထံ၌ ကန်ထရိုက်ဖြင့် လုပ်ကိုင်စားသောက်ကြ၏။ ဤနေရာကို 'ဆင်သေတရုပ်တန်း'ဟူ၍ ခေါ်တွင်ကြသည်။

လား ကန်ထရိုက် လုပ်ငန်းကား ဗမာအစိုးရသည် နွေရာသီ ခြောက်လတွင် အသုံးပြုရန် တရုပ်များထံမှ ကန်ထရိုက်စနစ်ဖြင့် နွေခြောက်လအသုံးပြုရန်တကောင် လျှင် ၁၂၅ ကျပ်နှင့် လားကောင်ရေ ၁၂၀၀ အတွက် အစိုးရက အရစ်ကျပေးရ၏။ မိုးရာသီ၌လည်း လား ကောင်ရေ ၆၀၀ ကို တကောင်လျှင် ၁၂၅ နှုန်းဖြင့် မိုးရာသီအတွက် အသုံးချရန် ငှားရမ်းပြီး အရစ်ကျ ငွေ ပေးရသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



နိုင်ငံခြားသားများသည် မြန်မာပြည်ထောင်စုအတွင်း၌ စီးပွားဖြစ်ထွန်းခြင်းကာ ထူးလျက်ဖြင့် ဆန်းမည်မဟုတ်။

**ကျူးကျော် တရုပ်ဖြူ။** ။ရှမ်း-ဗမာ ဟူ၍ တစုံတယောက်မျှ နေထိုင်ခြင်းမရှိ၊ တရုပ်များသည် သီးသန့်နေထိုင် လုပ်ကိုင်ကြ၏၊ ကုန်ထရိုက်မှ အလှည့်ကျအနားယူသောတရုပ်များသည် နေ့လည်ဘက်တွင် တရုပ်ကက်၊ တရုပ်စက္ကူဖဲများနှင့်အပျင်းပြေကစားရင်းတရုပ်လူမျိုးတို့ ကြိုက်တတ်သော ဘိန်းပြောင်းကို ရှူလေ့ရှိသည်။ သူတို့ အိမ်ခြေ သုံးဆယ်ကျော်မျှ တည်ရှိ၏။နေအိမ်များ၌ကား ကုန်ထရိုက်လုပ်ငန်းအပြင် အနီးတဝိုက်ရှိ ရှမ်းရွာများမှ ရှမ်းဗမာလူမျိုးတို့အတွက် ရောင်းချရန် ကုန်ပစ္စည်းများ တည်ခင်းထားခြင်းလည်း ရှိ၏။ သူတို့၏ရောင်းကုန်များကား။ အရက်၊ ဘိန်း၊ ကုန်စုံဆိုင်နှင့်လဘက်ရည်ဆိုင် စသော ဆိုင်များနှင့်လည်း စီးပွားရှာကြသေး၏။ ဆင်သေရွာ၌ စီးပွားလမ်းဖြောင့် နေသူများမှာ တချိန်က ဗမာပြည်တွင်းသို့ ကျူးကျော်ခဲ့ကြသော တရုပ်ဖြူဗိုလ်ဟောင်းများ ပါဝင်နေသည်ဆို၏။

**ဇေယျသိဒ္ဓိတပ်မြို့။** ။ဆင်သေ တရုပ်တန်းရွာအဆုံးတွင် ဤသို့ 'ဇေယျသိဒ္ဓိတပ်မြို့'အား မြင်ရ၏။ စစ်တပ်သည် ကုန်းမြင့်ပေါ်တွင် တိတ်ဆိတ်စွာ တည်ရှိ၏။ စစ်တပ်အောက်ခြေ၌ တရုပ်ဖြူများသည် ပြည်ထောင်စုအတွင်းသို့ဝင်ရောက်ပြီး ကောင်းစွာ စီးပွားရှာ၍ နေထိုင်စားသောက် ဝင်ထွက် သွားလာနေကြလေသတည်း။

လွတ်လပ်သော မြမန်မာပြည်ထောင်စုသည် ကောင်းစွာ လွတ်လပ်လေစွ။

နာဂတောင်တန်း ပန်းချီသတင်း အမှတ်စဉ် ၃
၂၇ ရက်၊ ဇူလိုင်လ ၁၉၅၈
ကြေးမုံသတင်းစာ

www.facebook.com/NyisayEbookCreator
www.nyisay.com



နာဂ ခရီးသည်။ ။နာဂလူမျိုးတို့နေထိုင်သောတောင်မြင့်မြင့်များ ပေါ်သို့ စ၍ ခရီး ထွက်ရမည်နေ့ဖြစ်သည်။

ဤနေ့ကား စခန်းဖြစ်သော 'လောင်ဆောက်' အမည်ရှိ နာဂရွာသို့ တက်ရောက်ရမည်ဖြစ်၏။ ကျနော်တို့ ခရီးဖော်များသည် ဆင်သေရွာမှတဆင့် လား အကောင် နှစ်ဆယ်ဖြင့် နာဂလူမျိုးတို့ရှိရာတောင်ပေါ်သို့ စားနပ်ရိက္ခာများတင်၍ ခရီးထွက်လာကြသည်။

တောင်ပေါ်လမ်း၌ နာဂအမျိုးသား အချို့တို့ကို စ၍ တွေ့မြင်ရသည်။ သူတို့အားလုံးသည် စုစုရုံးရုံးနှင့် တယောက်နောက်မှ တယောက်စီတန်း၍ သူတို့၏ နာဂရွာသို့ပြန်နေကြသည်။ သူတို့ကိုယ်ပေါ်၌အသုံးအဆောင်ပစ္စည်းများကို ခေါင်းပေါ်၌ ကြိုးသိုင်း၍ ပိုးထမ်းထားသည်။ လက်ထဲ၌ လမ်းတွင် သားရဲများ ကာကွယ်ရန် လှံတချောင်းစီ ကိုင်ဆောင်ထားသည်။

နာဂများသည် ခန္တီးမြို့တွင်းသို့ တောင်အဆင့်ဆင့် တောအထပ်ထပ် ဖြတ်ကျော်၍ လာရောက်ပြီး၊ မြို့တွင်းမှာ လုပ်ကိုင်စရာများကို အခစား လာရောက်လုပ်ကိုင်ကြသည်။ အခငွေများရကြမှ 'ဆား' အစရှိသည့်အသုံးအဆောင်များကို ဝယ်ခြမ်းပြီး မိုးမကျမီပြန်ကြသည်။

လောင်ဆောက်ရွာ။ ။တောင်မြင့်မြင့်ပေါ်၌ဘည်ရှိသော 'လောင်ဆောက်' အမည်ရှိ နာဂရွာငယ်ဖြစ်သည်။ ဆင်သေရွာနှင့် ရှစ်မိုင်ကျော်မျှ ခရီးဝေး၏။ လောင်ဆောက်ရွာတွင် အိမ်ခြေသုံးဆယ်မျှရှိမည်။

ဤလောင်ဆောက် နာဂရွာတွင် 'စလွပ်' နာဂအမျိုးတို့ နေထိုင်ကြသည်။ သူတို့အိမ်များသည် အကာမှာဝါး

www.facebook.com/NyisayEbookCreator
www.nyisay.com



အမိုးမှာ တောထန်းတို့ဖြင့် ဆောက်လုပ်ထားသည်။ လောင်ဆောက်အမည်အားနာဂအခေါ် လုံဆောက်ဟု ခေါ်သည်။ 'လုံ'ကျောက်ဟု အဓိပ္ပါယ်ရ၍ 'ဆောက်' ဆိုသည်မှာ ပွခြင်းဟု အဓိပ္ပါယ်ရ၏။ လောင်ဆောက် နာဂရွာမှာ ကျောက်ပွပေါ်တွင် တည်ထားသောရွာ ဖြစ်သည်။

တောင်ပေါ်ပန်း။ ။သူမသည် တောင်ပေါ်မှာ ပွင့်သည့်ပန်း ဖြစ်သည်။

နာဂလူမျိုးတို့၏အသားအရေသည် နီစပ်စပ်အသား ရောင်ပေါ်တွင် တောင်လေတို့၏ တိုက်ခတ် ခံရခြင်း ကြောင့် နီညိုညိုဖြင့် စိုပြေချောမောစွာ ရှိသည်။ သူမ သည် တောင်ယာမသွား၍ အိမ်အလုပ်လုပ်နေသည်ကို ဤအတိုင်း ပုံဆွဲမှတ်ထားလိုက်၏။ သူမ၏ ရိုးသားသော မျက်နှာပေါ်ရှိ မေးစေ့နှင့် နဖူးပြင်ပေါ်တွင် ပရဲများ ထိုးထားသည်။ ဝါနီပြာ စသော ပုတီးစေ့-သန္တာစေ့ များကို လည်ပင်း၌ ဆွဲထားသေး၏။ သူမတို့ ထုံးစံ မှာ ပုတီးစေ့များများ ဆွဲနိုင်သူသည် ပစ္စည်းပေါများ ချမ်းသာသူဟု အသိအမှတ်ပြုထားလေ့ရှိသည်။

လုံးသော ပခုံးအောက်တွင်ကြီးထွားသောရင်သား တို့သည် လွတ်လပ်စွာ လှုပနေသည်။ ခါးအနည်းငယ်

www.facebook.com/NyisayEbookCreator
www.nyisay.com



တုပ်၍ တပေသောနံငယ်အနက်ရောင်ဖြင့် ရစ်ပတ်ထား သော သူမ၏ရေမချိုးသောအသားရောင်သည် တောင် ပေါ်မှာပွင့်သည့်ပန်းကဲ့သို့ လှနေသည်။

နာဂပန်းချီမှတ်တမ်း    အမှတ်စဉ် ၄


၄ ရက်၊ ဩဂုတ်လ ၁၉၅၈

ကြေးမုံသတင်းစာ

ဟတ္တိရွာ။    ။ခန္တီးမြို့မှဆင်သေ၊ဆင်သေမှလောက် ဆောက်နာဂရွာသို့ တက်ရပြီး တဆင့် ဟတ္တိသို့ရောက် ခဲ့ရသည်။ လောင်ဆောက်ရွာမှ ဟတ္တိနာဂရွာသို့ ၉ မိုင် ကျော်မျှဝေး၏။ ဟတ္တိအမည်ရှိရွာသည် အကြီးအကဲ အမည်ကိုယူသော အမည်ဖြစ်၏။

ဟတ္တိရွာ၌ အိမ်ခြေ ငါးဆယ်ကျော်မျှ တည်ရှိပြီး ရောက်ခဲ့သော လောင်ဆောက်ရွာကဲ့သို့ 'စလွပ်' နာဂ အမျိုးတို့ နေထိုင်ခြင်း မရှိကြ။ 'လိုင်နောင် နာဂအမျိုး' များ နေလျက်ရှိ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဤပုံသည် ဟတ္တိနာဂရွာ တနေရာဖြစ်သည်။ ဤရွာ၏ ကုန်းမြင့်မြင့်ပေါ်၌ မြန်မာ့အစိုးရ၏ 'ဘဝသစ်အဖွဲ့' ရှိလေသည်။

ဘဝသစ်အဖွဲ့သည် နာဂလူမျိုးအားလုံးတို့နှင့် ရင်းရင်းနှီးနှီးဟူ၍ မရှိ၊ မတွေ့မမြင်ခဲ့ရ၊ လုပ်ငန်း၏သဘောမျှလောက်သာ တွေ့မြင်နိုင်သည်။


နာဂတောင်တန်းသို့ အစိုးရအဖွဲ့နှင့်အထူးထူးသောညွှန်ကြားသည်တော်များအလည်လာရှိပါက ဘဝသစ်အဖွဲ့၏ 'သဘောမျှသော လုပ်ငန်းရပ်'တို့ကို လိုက်ပြလေ့ ရှိရုံသာတည်း။

စာရေးဆရာရန်ကုန်ဘဆွေနှင့်ပန်းချီမောင်ငွေထွန်းတို့ကား ကိုယ့်စားရိတ်နှင့်ကိုယ် နာဂတောင်တန်းပေါ်သို့ လေ့လာရန် ခရီးထွက်ခဲ့သူများ ဖြစ်၍ ဘဝသစ်၏ ညွှန့်သည်မဟုတ်၊ ဘဝသစ်အဖွဲ့၏ တံခါးသည်ပိတ်လျက်ရှိလေ၏။ စာရေးဆရာ ရန်ကုန်ဘဆွေနှင့် ပန်းချီမောင်ငွေထွန်းတို့သာမဟုတ်၊ ဒေသသားစာရေးဆရာဖြစ်သည့် နာဂတောင်တန်းမောင်ကြည်ဇင်ကိုပါ ဘဝသစ်တံခါးသည် ပိတ်လျက်ရှိသည်မှာ အံ့စရာကောင်းသည်။

ဘဝသစ်ခြံတံခါးကြီးသည်ပိတ်လျက်၊ အဖွဲ့၏လုပ်ငန်းအပေါင်းတို့သည်လည်း ခြံအတွင်း၌သာ ငြိမ်သက်စွာ အိပ်စက်နေလေ၏။ ဤ ဟတ္တိရွာမှ နာဂလူမျိုးအပေါင်းတို့သည် ဘဝသစ် ခြံတံခါးကြီး ရှေ့မှ ဖြတ်ကျော်လျက်၊နာဂလူမျိုးအပေါင်းတို့သည် သူတို့ဓလေ့ထုံးစံများဖြင့် နေမြဲလျက် ရှိလေသည်။ နာဂလူမျိုးအတွက် ဘဝသစ်လော၊ အဖွဲ့အတွက် ဘဝသစ်လော မသိနိုင်တကား။

အုန်းမောင်း။ ။နာဂလူမျိုးတို့ ထုံးစံအဖြစ် ထိုးခေါက်သော အုန်းမောင်းသစ်တုံးကြီးများဖြစ်၏။ သစ်

www.facebook.com/NyisayEbookCreator
www.nyisay.com



ပင်တပင်လုံးကိုသူတို့၏ပုံစံဖြင့် ခေါင်းပွထွင်းထားသည်။ ထိုအုံးမောင်းသစ်တုံးကြီးအား နံနက် တောင်ယာသွားချိန်နှင့် တောင်ယာမှ ပြန်ချိန်တို့တွင် သူတို့၏ အမှတ်အသားဖြင့် ထိုးခေါက် အချက်ပေး ထိုးလေ့ရှိသည်။

ပုံ၌ပါရှိသော သစ်တုံးကြီးအနီးရှိ သစ်ခြောက်ပင်ပေါ်တွင် သူတို့၏စစ်အောင်ပွဲမှ ခေါင်းဖြတ်လာသောအခါများ၌ ရန်သူခေါင်းပြတ်များကို ချိတ်ဆွဲကာ နပ်ပူဇော်လေ့ရှိသည်။

နာဂလူမျိုးများသည် တောင်ယာလုရာမှ ရန်ပွား၍ စစ်ဖြစ်သောအချိန်များတွင် ခေါင်းဖြတ်လေ့ ရှိသည်။

သူတို့ ခေါင်းဖြတ်လျှင် တောင်ယာ ကောင်းသည်။ အဖျားအနာ ကင်းစင်သည်ဟု ယုံကြည်ကြသည်။

ပြည်ထောင်စုအစိုးရခေတ်တွင် ခေါင်းဖြတ်ခြင်း အလေ့အထများတို့သည်ပပျောက်သလောက်ရှိနေလေပြီ။

အောင်ပွဲ၏ အမှတ်အသား။ ။နာဂ အမျိုးသားခေါင်းရည်စုတ်နေစဉ်ဖြစ်သည်။ ခေါင်ရည်သည် နာဂလူမျိုးများအတွက် နေ့စဉ်အာဟာရဖြစ်သည်။ကခလေး



www.facebook.com/NyisayEbookCreator
www.nyisay.com



လူကြီး သောက်သုံးလေ့ရှိသည်။ သူတို့သည် ဆန်စပါးနှင့် ပြောင်း၊ လူး၊ ဆတ်တို့ကိုအနည်းငယ်စား၍ ခေါင်ရည်ကို အများဆုံးသောက်ကြသည်။

နာဂအမျိုးသား၏ နီညိုသော အသားရောင်၌ မေးစေ့ ပါးရိုးပေါ်တွင် ပရဲများထိုးထားလေသည်။ နာဂအမျိုးသားများ၏ ဓလေ့ထုံးစံသည် စစ်နိုင်လျှင် ခေါင်းဖြတ်ခဲ့သည်။ ရင်ပတ်ပေါ်နှင့်ဗိုက်များပေါ်တွင် ခေါင်းဖြတ်၍ ရရှိသော အထိမ်းအမှတ် အရုပ်များကိုထိုးထားလေ့ ရှိသည်။ ခေါင်းများများ ဖြတ်နိုင်သူသည် သူတို့၏ အမှတ်အသားအရုပ်ကို ခေါင်းဖြတ် သလောက်များများထိုးလေ့ရှိ၏။

နာဂအိမ်ရှင်မ။ ။နာဂလူမျိုးတို့၏ အိမ်ရှေ့မျက်နှာစာတွင် ဤသို့ တွေ့ရတတ်သည်၊ လှသော နာဂအမျိုးသမီးသည် ဆန်ထောင်းနေလေ့ရှိသည်။

ဆန်ထောင်းသောသစ်ဆုံတုံးကြီးတွင်ခြောက်လက်မခန့်သာအပေါက်ကို ထွင်းထားသည်။ ထိုအပေါက်တွင်း၌ စပါးများကိုထည့်၍ လက်ဆုံဖြင့်ထောင်း၏။

www.facebook.com/NyisayEbookCreator
www.nyisay.com




နာဂလူမျိုးတို့သည် နတ်ပူဇော် ပသသူများဖြစ်၍ အိမ်ရှေ့မျက်နှာစာ၌ နွားအရိုးခေါင်း ကျွဲခေါင်းအရိုးတို့နှင့် နွားနောက် အရိုးခေါင်းများကို ချိတ်ဆွဲထားလေ့ရှိသည်။

နာဂပန်းချီမှတ်တမ်း အမှတ်စဉ် ၅
၁၂-ရက်၊ ဩဂုတ်လ ၁၉၅၈
ကြေးမုံသတင်းစာ။

တောင်ယာသစ်သို့။ ။မိုးသောက်ရောင်ခြည်အားအကြိုပြုသော တောကြက်အပေါင်းတို့တွန်ချိန် ဖြစ်၏။ ရောင်ခြည်သည် တဖြည်းဖြည်း အားများလာသည်နှင့်အတူ ကျနော်တို့ လေ့လာသူများသည် ဘဝသစ်အဖွဲ့၏ သဘောမျှသော လုပ်ငန်းရပ်တို့တည်ရှိခြင်း ခံရသော 'ဟတ္တိ'နာဂရွာဆီမှ ခရီးဆက်တက်ခဲ့ရသည်။

ဟတ္တိရွာမှ ဆယ်မိုင်ကျော်ဝေးသော လောင်ငေါက်အမည်ရှိ နာဂရွာငယ်သို့အတက်တွင် တောင်ပေါ်လမ်း၌ ဤသို့ နာဂလူမျိုးတို့၏ တောင်ယာကို တွေ့မြင်ရ၏။ တောင်ယာပြုလုပ်ခြင်းကား တောင်ပေါ်ရှိ တောပင်

www.facebook.com/NyisayEbookCreator
www.nyisay.com



ကြီးငယ်တို့အား ခုတ်ဖြတ်၍ မီးရှို့ပြီးသော် မြေဆွခြင်း၊ လက်ဖြင့် ဒုတ်စူးထိုး စပါးစိုက်ပျိုးစေ၏။

နှောင်နှစ် တောင်ယာစိုက်ချိန်တွင် ဤနေရာအား ပြန်လည်စိုက်ပျိုးခြင်းပြုလေ့မရှိ။ အသစ်သစ် ရှိသော နေရာ၌သာ ပြောင်း၍စိုက်ပျိုးလေ့ရှိ၏။

ယင်းသည်ပင် တောပင်များ ဆုံးရှုံးရခြင်းတည်း။

လုံဂေါက်ရွာ။ ။လောင်ဂေါက်နာဂရွာ၌ တည်ရှိသော ကျွဲသတ်ယဇ်ပူဇော်တိုင် ဖြစ်၏။

နန်းစလိမ်ချောင်းမှဖြတ်၍ ရောက်ရှိရသည့်'လောင်ဂေါက်'နာဂရွာတွင် ပုံညိုနာဂအမျိုးတို့ နေထိုင်သည်။ လောင်ဂေါက်အမည်အား နာဂအခေါ်'လုံ'ဟု ခေါ်၏။ 'လုံ'သည် ကျောက်ဟု အဓိပ္ပာယ်ရ၍ 'ဂေါက်'ဆိုသည်ကား အော်မြည်ခြင်းဟု အဓိပ္ပာယ်ရ၏။ ဤရွာတည်စတွင် နန့်စလိမ်ချောင်းမှ အော်မြည်၍ လိမ့်တက်လာသော ကျောက်လုံးကြီးကို အစွဲပြု မှည့်ခေါ်ထားသည့် ရွာအမည်ဖြစ်၏။

နာဂ လူမျိုး အပေါင်းတို့၏ အချစ်နှစ်သက်ဆုံးကား ကျွဲ ဖြစ်၏။ သူတို့သည် ယဇ်နတ် ပူဇော်သော အခါ ကျွဲ၏အသက်အရွယ်နှင့် နတ်ပူဇော်တိုင်၏ အနိမ့် အမြင့်အလိုက်တွင် ထား၍သတ်စေ၏။

ပုံညို နာဂအမျိုးတို့သည် လူသေလျှင်လည်း ကျွဲများကိုသတ်၍ တရွာလုံး ကျွေးမွေး၏။ ယဇ်နတ် မပူဇော်လျှင် တစုံတခုဖြစ်ကြမည်ဟု အယုံအကြည် ရှိလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

**တောင်ယာတဲ**။ ။ဤ အဆောက်အဦး သည် လောင်ငေါက်တောင်ယာ၏ တောင်အမြင့်ဆုံးနေရာတွင် တည်ရှိ၏။ လှပသော တောင်ယာတဲ ဖြစ်၏။

တောင်ယာတဲ၏ ဘေးအားလုံးတို့တွင် မီးကျွမ်းပြီး သစ်ပင်များ တည်ရှိ၏။ ရှေ့တည့်တည့်၌ကား တောင်ယာ နတ်ပူဇော်သော တိုင်ငယ်ကလေးများ ရှိလေသည်။

သူတို့သည် စပါးကောင်းမွန်ရန် ကြက်သတ်၍ တရွာလုံး ပွဲပြုလုပ်ကြသည်။ နယုန်လလယ်လောက်တွင် ပြုလုပ်သည်။

ထိုပွဲကို နာဂလူမျိုးအပေါင်းတို့ ဘာသာဖြင့်'မော'ပွဲဟု ခေါ်ကြလေသည်။


**နာဂသင်္ကေတ**။ ။နာဂလူမျိုးအပေါင်းတို့၌ စာပေမရှိကြ။ ဤပုံသည် နာဂလူမျိုးတို့ စာပေအဖြစ် အမှတ်ပြုသော ဝါးခြမ်းသင်္ကေတဖြစ်၏။ အပေါ်ဆုံးမှ အထစ်နှစ်ခု တည့်ဆုံပုံသည် သဘောတူညီမှုကို အမှတ်ပြု၏။ အောက်မှ အထစ်နှစ်ခု မတည့်ဆုံခြင်းကား သဘောကွဲလွဲမှုအမှတ်ပြုလိုကြ၏။

နာဂလူမျိုးတို့သည် တရွာနှင့်တရွာ စကားပါးလိုလျှင် ဤအမှတ်အသားအတိုင်း ပြုစေ၏။ အခြားရွာမှလည်း ဤအမှတ်အသားပါမှ စိတ်ချ ယုံကြည်သည်ဆို၏။ ဤအမှတ်အသားပေးချိန်တွင်စကားအကြောင်းအရာများကို ပြောဆိုပြီးမှ စိတ်ချယုံကြည်စေရန် ဤအမှတ်အသား ပေးလိုက်လေ့ ရှိ၏။

နာဂတို့၏ အမှတ်အသားကို ဥပမာဆောင်ရသော် နတင် ဆွေငြိမ်း မကွဲခင်က ဖဆပလသည် အပေါ်အ



www.facebook.com/NyisayEbookCreator
www.nyisay.com



မှတ်အသားအတိုင်း အထစ်ချင်းတည့်နေခဲ့၏။ သို့သော် အာဏာရှူးကြသည် ဟူသော စွပ်စွဲချက်ဖြင့် ကွဲကြသော အခါ အောက်ပုံအတိုင်း အထစ်လွဲကြလေသည်။

တဖန် ပမညတတို့လည်း ကွဲသံအက်သံ ပေါ်နေရာ ထိုနာဂအမှတ်အသားကလေး နှစ်ခုကို ကြိုက်ရာရွေးဘို့ လက်ဆောင်ပေးချင်မိသည်။

ဤနာဂလူမျိုးတို့ အမှတ်အသားသည် မှတ်သား စရာ ကောင်းလေစွ။

နာဂပန်းချီမှတ်တမ်း အမှတ်စဉ် ၆
၁၇ ရက် ဩဂုတ်လ ၁၉၅၈
ကြေးမုံသတင်းစာ

နောက်လော်ရွာ။ ။တောင် လေ သည် အေး၍ လပ်ဆပ်သောကြောင့် မွေး၍လန်းဆန်းစေ၏။ မြင့်သော တောင်၏ထိပ်ဆုံး၌ တည်ရှိသော 'နောက်လော်' နာဂ ရွာဖြစ်သည်။ ယခုရောက်ရသော နောက်လော်ရွာနှင့် ရောက်ခဲ့သော လောင်ငေါက်ရွာသည် ရှစ်မိုင်ကျော်မျှ ဝေးသည်။ ရောက်ခဲ့သော လောင်ငေါက်ရွာမှ လမ်းခွဲ များတည်ရှိ၍ တဖက်သို့သွားလျှင် မွန်ထွေ၊ဆော်လော်၊

www.facebook.com/NyisayEbookCreator
www.nyisay.com

နောက်အင်း၊ နောက် ရွာ၊ အင်း အသစ်၊ဆော်လော်၊ နောက်အင်း၊ ဆော်လော် ရွာသစ်၊ ကဟောင်း၊ လဟယ်၊ တွေထိုက်၊ လာစမ်း၊ ရှစ်လော်၊ ဆော်လော်၊ပုံညို စသည့် နာဂရွာများသို့ ရောက်နိုင်၏။ ထိုနာဂရွာများသို့ ညွှေ့သည် အများဆုံးရောက်ကြ၍ ကျနော်တို့ လေ့လာသူများသည် ညွှေ့သည်အရောက်နည်းသော ‘နောက်လော်’ ရွာဘက်သို့ ခရီးဆက်ခဲ့ရသည်။

ဤ‘နောက်လော်’ နာဂရွာ၌ အိမ်ခြေ ငါးဆယ်ကျော်ဖြင့် ‘ပုံညို’ နာဂအမျိုးတို့ နေထိုင်လေသည်။

ဝမ်းစာဖြစ်သော တောင်ယာစိုက်ပျိုးခြင်းအားဖြင့် အဓိကထား၍ ညီညွတ်စွာ စုပေါင်း လုပ်ကိုင်ကြ၏။ဤ ‘နောက်ဝလော်’နာဂရွာအမည်ကား ‘နောက်’သည် ရွာဟု အဓိပ္ပာယ်ရ၍ ‘လော်’သည် မြင့်သည်ဟုအဓိပ္ပာယ်ရ၏။ ‘နောက်လော်’နာဂရွာသည် အဝေးမှ မြင်နိုင်သောရွာဟု ဆိုလေ၏။

ပုံညိုနာဂ။ ။‘ပုံညို’နာဂအမျိုးသား၏ ဆင်ယင်ထုံးဖွဲ့မှုဖြစ်သည့် နီညိုညိုဖြင့် ချောမောသော အသားရောင်၌ မေးစေ့၊ပါးရိုး၊ လည်ပင်းများပေါ်တွင် ‘ပရဲ’ ဖြစ်သော ဆေးများကို ထိုးထားသည်။

လည်ဆွဲပစ္စည်းများသည် သန္တာစေ့၊ ပုတီးစေ့၊ ကျားစွယ် စသည်တို့ဖြစ်၏။ နာဂ အမျိုးသားတို့သည်



www.facebook.com/NyisayEbookCreator
www.nyisay.com

သန္တာစေ့ လည်ဆွဲများကို တန်ဘိုးထား၍ ကျွဲ တကောင် နှစ်ကောင်တို့ဖြင့် လဲလှယ်လေ့ရှိသည်။ သူတို့၏ ဓလေ့ဖြစ်သော သန္တာစေ့ လည်ဆွဲထားသူသည်ကုံလုံသူဟု အမှတ်အသားပြုထားလေသည်။

တည်ငြိမ်ခန့်ညားသော မျက်နှာပေါ်တွင် ဆံပင်၏ ဆင်ယင်ထုံးဖွဲ့မှုသည် ပန်းချီရေးမှတ်စရာ ဖြစ်နေသည်။



ရှေ့နဖူးပြင်ပေါ်တွင် ဆံမြိတ်များချထား၏။ သူတို့၏ ဆံမြိတ်များ ရှည်လာသော် သူတို့အသုံးပြုသော ဓားမ အသွားပေါ်သို့ လိုချင်သလောက် ဆံမြိတ်ရှည်ကိုတင်၍ ဝါးခြမ်းနှင့် ဓားသွားကိုရိုက်ခြင်းဖြင့် ဆံပင်ကိုတိယိစွာဖြတ်သည်။

ထိုနာဂအမျိုးသား၏ နဖူးပြင်နှင့် ဆံပင် ဆင်ယင် ထုံးဖွဲ့မှုမှာ ယနေ့တလော မြို့ကြီးသူတို့ ခေတ်စား ကျနေသော ဟောလီးဝုဇာတ်လိုက်မင်းသမီး အော်ဒရေဟက်ဘန်၏ ဆံပင်ဆင်ယင်ထုံးဖွဲ့မှုနှင့် တူလှဘိတောင်း။

သို့သော် မြို့ကြီးသူ လုပျိုဖြူတို့သည် သူတို့၏ ဆံပင် ဆင်ယင်ထုံးဖွဲ့မှုကိုနာဂဆင်ယင်ထုံးဖွဲ့မှုဟုသမုတ်သော် ကြိုက်မှုကြိုက်ပါမည်လား မသိနိုင်။ သို့သော် နာဂ တို့အား အော်ဒရေးဟက်ဘန်းနှင့် တူဘူ မဘူတူ သူတို့ ရိုးရာ ဆင်ယင်ထုံးဖွဲ့မှုကို နှစ်ချိုက်ဂုဏ်ပြုကြလေသည်။ လူယဉ်ကျေးအမည်ခံသူတို့ပမာ နိုင်ငံခြားဆင်ယင်ထုံးဖွဲ့မှုဟန်ကိုမှ အထင်ကြီးတတ်သူများ မဟုတ်ပါတကား။

အိုးမောင်းသံ။ ။နောက်သော် နာဂရွာ၌ တည်ရှိသော အိုးမောင်းသစ်တုံးကြီးဖြစ်သည်။ နာဂလူမျိုး

www.facebook.com/NyisayEbookCreator
www.nyisay.com

များတွင် ရုပ်ပုံ ရေးဆွဲခြင်း၊အရုပ်ထုလုပ်ခြင်း၊ တေးသီချင်း သီဆိုခြင်းတို့ပြုလုပ်ကြ၏။ စာပေဟူ၍ မရှိစာပေအဖြစ် သင်္ကေတများကို အမှတ်ပြုသည်။

နာဂလူမျိုးတို့သည် အချစ်အနှစ်သက်ဆုံး ဖြစ်သောကျွဲအား အမြတ်တနိုးအဖြစ် ထိုအုံးမောင်းသစ်တုံးကြီး၏ ထိပ်နှစ်ဖက်တွင် ကျွဲခေါင်းပုံသရုပ်ကို ပန်းပု အနုပညာဖြင့် ထုထွင်း ရေးသားထားသည်။


နာဂလူမျိုးတို့သည် အုံးမောင်း သစ်တုံးကြီးအား 'အိပ်ရာက ထကြ၊ တောင်ယာစပါး များများရအောင် စိုက်ပျိုးကြ၊ တောင်ယာသွားဘို့ အချိန်တန်ပြီ အိပ်ရာက ထကြ' စသည့် အဓိပ္ပာယ်တို့ဖြင့် နံနက်တိုင်း ထိုးခေါက်လေ့ ရှိ၏။

သူတို့သည် တောင်ယာမှညနေ နေဝင်ပြီးမှ ပြန်လာလေ့ ရှိသည်။ ညအိပ်ချိန်တွင် အုံးမောင်းကြီးကို 'ငါတို့ တောင်ယာကပြန်လာကြပြီ၊ ငါတို့မအိပ်သေး၊ ငါတို့ မအိပ်ကြ' ဟု အဓိပ္ပာယ်နှင့် တရွာနှင့်တရွာ လာရောက်ရန်မပြုနိုင်ရန် သတိပေးသောအချက်တို့ဖြင့် ထိုးခေါက်လေ့ ရှိလေသည်။

နာဂပန်းချီမှတ်တမ်း အမှတ်စဉ် ၇
၂၄ ရက် ဩဂုတ် ၁၉၆၈
ကြေးမုံသတင်းစာ



www.facebook.com/NyisayEbookCreator
www.nyisay.com



ပန်-ရွာ၏ခန်းမ။ ။'လန်းချိုင်း'အမည်ရှိနာဂရွာဖြစ်သည်။လန်းချိုင်းရွာ၌ နာဂလူမျိုးတို့သည် ဝါးပင်များကို သူတို့၏ အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ရန်စိုက်ပျိုးထားလေသည်။

ဤလန်းချိုင်း နာဂရွာအမည်ကား 'လန်း'သည် တောသစ်ဟု အဓိပ္ပာယ်ရ၍ 'ချိုင်း'သည် ခုတ်ရှင်းသည်ဟု အဓိပ္ပာယ်ရသည်။

နာဂလူမျိုးတို့ ထုံးစံ အဖြစ် ဆောက်လုပ်ထားသော ထူးခြားသည့် တဲကြီးဖြစ်၏။ ၎င်းတဲကြီးအား နာဂအခေါ်ဖြင့် 'ပန်'ဟုခေါ်သည်။ ထို ပန် တဲများသည် နာဂရွာတိုင်း၌တည်ရှိလျက် ပန်တဲ၏ရှေ့မျက်နှာစာတွင် ကျွဲရုပ် လူရုပ်၊ ကျားရုပ် စသည့် အရုပ်များကို ပန်းပု ပုံများ ထုလုပ် ထားလေ့ရှိသည်။ ၎င်းနောက် ကျွဲခေါင်း၊ နွားခေါင်း စသည့် အရိုးခေါင်းများလည်းချိတ်ဆွဲထားသေး၏။

ပုံညိုနာဂအမျိုးတို့သည် လူသတ်မှု ကျူးလွန် ခဲ့လျှင် တောင်ယာကို လျော်ကြေးပေးရသည်။ ရိုက်မှု ကျူးလွန်ခဲ့လျှင် ဓားလျော်ကြေးပေးရသည်။

ယောကျ်ားပျိုနှင့် မိန်းမပျို ကြိုက်နေကြ၍ မိန်းကလေးရှင်ကသဘောမတူခဲ့လျှင် ယောကျ်ားရှင်က လျော်ရသည်။ အကယ်၍ မိန်းမပျိုက ကြိုက်သူရှိပါလျက်နှင့် အခြားယောကျ်ားပျိုလေးကအတင်းကြိုက်၍ သဘောတူညီမှုမရခဲ့လျှင် မိန်းမပျိုနှင့်မိန်းမပျိုကို ကြိုက်သူကို ပါလျော်ရ၏။

အကယ်၍ မိန်းမပျိုက သဘောတူကြိုက်ကြိုက်နှစ်သက်ပါက မိန်းမပျိုကို မလျော်ရ။အတင်းကြိုက်သူက ပထမမိန်းမပျို၏ကြိုက်သူကိုသာ လျော်ရသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

နာဂလူမျိုးတို့၏စကားတွင် ‘ချစ်တယ်’ဟူ၍ မရှိကြ။ ‘ကြိုက်တယ်’ဟူ၍သာ ရှိကြကုန်၏။


တောင်ကျရေ။ ။တောင်ပေါ်မှာ ပွင့်သော ပန်းသည် ရောင်ခြည်ထွက်စအလင်းရောင်နှင့်အတူ လှုပ်ရှားစွာ ပွင့်စေ၏။ သူမတို့သည် နေရောင်ခြည်နှင့် အပြိုင် မနားမနေ အလုပ်လုပ်လေ့ ရှိသည်။ရောင်ခြည်ပျောက်ကွယ်သွားမှ သူမတို့၏လုပ်ငန်းတို့ကို အနားယူ ရင်နားစေ၏။သူမတို့သည် နုပျိုသောထွက်စနေရောင်ဦး ဝါးရေတကောင်းတို့ဖြင့် တောင်ကျစိမ့်ရေကို သောက်သုံးရန် သယ်ယူကြသည်။ ပြီးသော် ချက်ပြုတ် စားသောက်ပြီးလျှင် တောင်ယာခင်းသို့ ယောကျ်ားများနှင့်အတူသွားကြသည်။

သူမတို့၏ ကိုယ်နေဟန်သည် မနိမ့်မမြင့် ကြည့်၍ လှသည်ဟုဆိုနိုင်၏။ သူမတို့၏ ဆင်ယင်ထုံးဖွဲ့ထားသည့် တသော နံငယ်အား ဗိုက်အောက်ဆုံးတွင် တင်းကြပ်စွာ ဝတ်ဆင်ထားခြင်းဖြင့် ဆူဖြိုးသော ဗိုက်သားတို့သည် အိကျလျက် ရင်သားမို့မို့တို့ကို ဖြိုးမောက်စွာ လှပစေ၏။



နာဂပန်းချီမှတ်တမ်း အမှတ်စဉ် ၈
၃၁ ရက် ဩဂုတ်လ ၁၆၅၈
ကြေမုံသတင်းစာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ဟော့ကွန်ချောင်းဆုံ။ ။တောင်ပေါ်၌ နေအလွန်ပူသည်။ ပူနွေးသော တောင်ပေါ်လေနှင့် အတူတူ ကျနော်တို့ လေ့လာသူများသည် 'ဟော့ကွန်' အမည်ရှိသော နာဂရွာငယ်သို့ တရွေ့ရွေ့ ရောက်ခဲ့ရသည်။ နာဂအခေါ် 'ဟော့ကွန်' အမည်ကား ဟော့သည်ချောင်းဟု ပြန်ဆိုပြီး၊ ကွန်သည် ဆုံသည်ဟု အဓိပ္ပါယ်ရသည်။ ဟော့ကွန် နာဂရွာသည် ချောင်းဆုံအတွင်း တည်ရှိထားပြီး ပုံညီနာဂလူမျိုးတို့ နေထိုင်ကြသည်။

နာဂလူမျိုးတို့သည် ဤသို့ ရှည်လျားသောအိမ်များဖြင့် ဘိုးဘွားမိဘ သားသမီး မြေးမြစ်တို့သည် တအိမ်တည်း စုပေါင်းနေထိုင်ကြသည်။ နာဂလူမျိုးတို့၏ အိမ်ထောင်ပြုခြင်းကား လွတ်လပ်စွာရှိလေသည်။ ၎င်းတို့၌ မင်္ဂလာပွဲရှိ၏။ မင်္ဂလာပွဲကို မိန်းမပျိုဘက်က ပြုလုပ်ရသည်။


နာဂယောကျ်ားပျိုနှင့် နာဂမိန်းမပျိုတို့သည် မင်္ဂလာပွဲ မပြုလုပ်မီတွင် 'ကြိုက်သူတို့' အချင်းချင်း လွတ်လပ်စွာ နေထိုင်နိုင်သည်။ သို့သော် သမီးပျိုဘက်မှ သဘောမတူခဲ့လျှင် ကြိုက်သူနှစ်ဦးတို့သည် လွတ်လပ်စွာ နေခဲ့ပြီးစေကာမူ သမီးပျိုအား ပြန်ခေါ် ထိန်းသိမ်းနိုင်၏။ အကယ်၍ သမီးပျိုဘက်မှ သဘောတူညီလျှင်

www.facebook.com/NyisayEbookCreator
www.nyisay.com

မင်္ဂလာပွဲ ပြုလုပ်၍ ယောကျ်ားပျိုဘက်မှ နွား-ဝက် ပေး၍ မိန်းမပျိုအား ပေါင်းရသည်။

နာဂလူမျိုးတို့ ထုံးစံမှာ အရွယ်ရောက်သော မိန်းကလေးများသည် အသက်နှစ်ဆယ် ကျော်လွန်ခဲ့လျှင် မိမိတို့၏ အဖေအမေ သွေးသားတော်စပ်သူရှေ့ နေအိမ်တွင် ညအိပ်ခြင်း မပြုရပေ။တစိမ်းတရံ၏နေအိမ်၌ ညဘက်တို့တွင် သွားရောက်အိပ်ရလေ့ ရှိသည်။

နာဂမိန်းမပျိုကလေးများသည် သွေးသား တော်စပ်သူ၏ရှေ့ထွင် ကြာကြာ နေထိုင်လေ့မရှိ၊ ပြက်ရယ်ပြုခြင်းလည်း မပြုရ၊ အခြားသောတစိမ်းတရံနှင့်ဆိုလျှင် စိတ်ကြိုက် နေထိုင် ပြောဆိုနိုင်လေသည်။ မည်သို့ပင် ဖြစ်စေ နာဂပျိုတို့၏ အိမ်ထောင်ရေးသည် လွတ်လပ်လေသည်။



အပျိုလူပျို·ပန်။ ။ဟော့ကွန်ရွာမှ လှမ်း၍ ကြည့်သော် မြင်ရသည့်ရှုခင်းဖြစ်သည်။နောက်ဘက်ဝေးဝေး တောင်ကုန်းပေါ်၌ မြင်ရသော တဲရှည်ကြီးမှာ ပျိုသူတို့ ပျော်ရာ 'ပန်' တဲကြီးပေတည်း။

www.facebook.com/NyisayEbookCreator
www.nyisay.com

ဟော့ကွန် နာဂရွာ၏ တောင်မြင့်ပေါ်တွင် ရွာ၏ အိမ်ထောင်မပြုရသေးသော အပျိုလူပျိုတို့ စုပေါင်း တည်ဆောက်ထားသော တဲရှည်ကြီးကို အနီးမှ မြင်ရပုံ ဖြစ်၏။

ထိုတဲရှည်ကြီးအား အပျိုလူပျိုတို့အပန်းဖြေရိပ်ငြိမ် အဖြစ် အသုံးပြုသော 'ပန်'ဟုခေါ်သည်။ နာဂလူပျို အပျို 'ပန်' အတွင်း၌ ကြိုက်သူတို့ အစုံပေါင်းများစွာ သည် ရောင်ခြည်ပျောက်ကွယ်ချိန်တို့၌ လာရောက် အိပ် စက်လေ့ရှိ၏။

နာဂ ပျိုသူတို့၏ ထုံးစံအဖြစ် သမီးပျိုများသည် ဦးစွာ 'ပန်'တဲ၌ ရှိသော အုံးမောင်း သစ်တုံးငယ်ကို ပျိုသူတို့ချင်း အမှတ်သင်္ကေတကို ထိုးခေါက်ခေါ်ယူကြ သည်။ ပြီးသော် အစုံပေါင်းများစွာတို့သည် မီးလင်း ဖို၌ ဝိုင်းလျက် ကြိုက်စကားကို ဖွဲ့နွဲ့ကြလေသည်။

နာဂလူမျိုးတို့၌ တေးသီချင်းများလည်းရှိ၏။ပျိုသူ တို့၏ တေးသီချင်းများသည် ထာဝစဉ် အသစ်အသစ် တို့ ဖြစ်ပြီး သူတို့၏ တွေ့ရာမြင်ရာ အကြောင်းအရာများ ကို ဖွဲ့ဆိုလေ့ရှိကြသည်။

လှသော နာဂမပျိုတို့သည် ချောမော လှသော ယောကျ်ားပျိုများထက် သူတို့ကဲ့သို့ အလုပ်များများ လုပ်နိုင်သူကိုသာ 'ကြိုက်သူ' အဖြစ် အသိအမှတ်ပြုကြ လေ၏။

နာဂပန်းချီမှတ်တမ်း အမှတ်စဉ် ၉
၇ ရက်၊ စက်တင်ဘာလ ၁၉၅၈
ကြေးမုံသတင်းစာ

ပန်-စုပေါင်းခန်းမ။ ။မိုးရာသီသို့ ဝင်စဖြစ်သည်။

တောင်အဆင့်ဆင့်-တောအထပ်ထပ်တို့မှဖြတ်ကျော်၍ ခရီးသွားရသည်ကို ပျော်စရာ မှတ်ထင်၏။ ကာရံလျက်ရှိသော တောင်မြင့်မြင့်ထိပ်ပေါ်မှ မိုးငွေ့များ စွာ၏ အသွေးအရောင်တို့သည် ပန်းချီရေးမှတ်စရာနှင့် အတူ လွမ်းစရာပင် ပြုစေခဲ့သည်။

ဤပုံသည် 'စစ်ဖေါင်' နာဂရွာမှရှိသော 'ပန်' တဲ ဖြစ်သည်။ရောက်ခဲ့သော ဟော့ကွန်ရွာနှင့် ရောက်ရသော စစ်ဖေါင် နာဂရွာသည် တဆယ့်လေးမိုင်ကျော်မျှ ကွာ ဝေး၏။ ဤပန်တဲ၌ ယောကျ်ား အသက်ငယ်ရွယ်သူမှ

www.facebook.com/NyisayEbookCreator
www.nyisay.com



ကြီးအိုသူများ လာရောက်စုရုံးရာဖြစ်သည်။ ၎င်းပန်တဲရှေ့တွင် ခေါင်ရည်သောက်ခြင်းနှင့် ရွာအတွက်ကောင်းသော စကားများတိုင်ပင် ပြောဆိုဆွေးနွေးလေ့ရှိသည်။ နာဂတို့တွင် ပန်နှစ်မျိုးရှိ၏။ အပျိုလူပျိုပန်နှင့် ယခုဖေါ်ပြသော ပန်နှင့် မတူကြလေချေ။

ပန်တဲ၏ မျက်နှာစာ ရှေ့တည့်တည့်၌ ကျားရုပ်ထု၊ ကျွဲရုပ်ထုများကို ထုလုပ်၍ အမြှတ်တနိုးထားကြသည်။

ဤစစ်ဖေါင် နာဂရွာ၏ တဘက် တောင်ပေါ်တွင် မြန်မာစစ်တပ်များ ချထားသည်။

စစ်တပ်များချထားခြင်းမှာ အိန္ဒိယ နယ်စပ်ဘက်မှ နာဂများနှင့် မြန်မာပြည်နယ်စပ်ဘက်မှနာဂတို့ မကြာခဏ စကားများ ရန်ပွားလေ့ ရှိသည်ကို ထိန်းသိမ်းရန်ဖြစ်လေသည်။

ခေါင်ရည်ချို။ ။'စစ်ဖေါင်'နာဂရွာ၌ ရောက်ခဲ့သော 'ဟော့ကွန်' ရွာကဲ့သို့ ပုံညိုနာဂအမျိုးတို့ နေထိုင်ခြင်းမရှိ။ဤရွာ၌'ဝေလန်'နာဂအမျိုးတို့ နေထိုင်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဤစစ်ပေါင် နာဂရှားမှ အစပြု၍ နာဂအမျိုးသား တို့၏ ဆင်ယင်ထုံးဖွဲ့မှုသည် ကွဲလွဲစွာရှိသည်။ သူတို့၏ ဆံပင် ထုံးဖွဲ့မှုသည် ရောက်ခဲ့သော နာဂရှား၏ အမျိုးသားများကဲ့သို့ ဆံထုံးနောက်တွဲနှင့် ဆံမြိတ် နဖူးပေါ် ချထားခြင်းမပြု၊ သူတို့သည် ဆံပင် ကြာရစ် ပုံစံများ ပြုလုပ်ထားသည်ကို တွေ့ရသည်။

နာဂလူမျိုးတို့သည် ပန်တဲအား ရှာသားအပေါင်း တို့ စုရုံးရာ အသင်း အဆောက်အဦ သဘောမျိုးဖြင့် အသုံးပြုကြသည်။ ရွာနှင့်သက်ဆိုင်သော ပြုလုပ်ဘွယ် ကိစ္စများကို ပန်ရှေ့၌ ပြုလုပ်ရသည်။

သူတို့သည် တောင်ယာမှအပြန် ရောင်ခြည်ဝင်စတွင် ပန်ရှေ့၌ ခေါင်ရည်များသောက်၍ အမောအပန်း ဖြေခြင်းဖြင့် ဤသို့ နေထိုင်လေ့ ရှိသည်။

သူတို့ ခေါင်းရည် စုပေါင်း၍ သောက်ကြသော လရှိ၏။ ထိုလသည် စပါးသိမ်းရိတ်ပြီးချိန် ဖြစ်သည်။

သူတို့သည် ခေါင်ရည်များစု၍ တအိမ်ဆင်း တအိမ် တက် သောက်ကြသည်။ ခေါင်ရည်သည် ချို၏မွှေး၏။ မူးရီရီနေ၏။ ထိုအမူးကို သူတို့က ပျော်သည်ဟု ဆိုလေသည်။ ပျော်၍ ယောကျ်ား-မိန်းမတို့တွဲ၍ကပြကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သို့သော် သွေးသားတော်စပ်သူများ ဝင်ရောက် မကကြရပေ။

ပန်ရှေ့၌လည်း ယောကျ်ားများစုပေါင်းကကြလေ့ရှိသည်။

နာဂပန်းချီမှတ်စာမ်း အမှတ်စဉ် ၁၈
၁၄ ရက်၊ စက်တင်ဘာလ ၁၉၅၈
ကြေးမုံသတင်းစာ

တည်ငြိမ် ချောလှ နာဂမ။ ။ အာရီကြိမ်ရွာ၏ 'နောက်အော်'နာဂအမျိုးသမီးဖြစ်သည်။


ဤရွာ၌ ယောကျ်ား မိန်းမ ဆေးတန်များ သောက်ရှုကြလေသည်။ သူတို့၏ ဆေးတန်သည် ဝါးအမြစ်တို့ဖြင့် ပြုလုပ်၍ ဆေးရွက်ကြီးများအား အခြောက်လှမ်းခြင်းဖြင့် မမူးတန်း သောက်ဖွာလေသည်။

ဤရွာတွင် နာဂအမျိုးသမီးတို့သည် နဖူး မေးစေ့တွင် မဟုတ်၊လက်မောင်းနှစ်ဘက်တွင်လည်း ဆေးများထိုးထားသေး၏။

နာဂမယ် အပျိုချောကလေးများသည် ရှေ့ထိပ်တည့်တည့် နဖူးစပ်မှ ဆံမြိတ်ရှည်များကို အလိုက်သင့်ချထားသည်။ထို့မှနောက်ဘက် ဇွေ့ရိုးမှ လည်ဆံမြိတ်ရှည်ပြုလုပ်ထားသည်။ဦးခေါင်း၏ကျန်သောနေရာတို့၌ ဆံပင်များကို ရိတ်ခြင်းသည် နာဂမယ် အပျိုချောကလေးများ၏ အလှအပပင်ဖြစ်သည်။

သူတို့၏ ဆံပင်တုံးဖွဲ့မှုကို ကြည့်ခြင်းဖြင့် ညအိပ်ချိန်တွင် သူမတို့၏ မိဘနေအိမ်၌ ညအိပ်ခြင်းမပြုရသည်ကို သိနိုင်လေသည်။ ဤသို့ဆံပင်ယင်ထုံးဖွဲ့သည့် အရွယ်သည်

www.facebook.com/NyisayEbookCreator
www.nyisay.com



ထုံးစံဖြစ်သော တစိမ်းတရံနေအိမ်၌သာ ညဘက်သွားရောက် အိပ်ရသော အသက်အရွယ်ဖြစ်သည်။

သူမချောကလေးများ၏ ဆံပင်ထုံးဖွဲ့မှုသည် တည်ငြိမ်စွာရှိ၏။ လှတ်ဆပ်သောတောင်လေသန့်သန့်များစွာသည် သူမချောကလေးများ၏ ပျော့ပြောင်းသော ဆံမြိတ်ရှည်ကို အားရှိသမျှ တိုက်ခတ်ပေးစေ၊ သူမချောကလေးတို့၏စိတ်ခေတ်လှုပ်ရှားမှုများသည် ဆံမြိတ်ကဲ့သို့ လေနှင့်အတူ လှုပ်ရှားစွာ မရှိ၊ တည်ငြိမ်လျက် ရှိလေသည်။

**လေသာတောင်။** ။အာရီကြိမ်နာဂရွာဖြစ်သည်။

အေးအေးနှင့် သန့်သန့်ရှိသော တောင်လေသည် လတ်ဆပ်လျက်ရှိသည်။

အာရီကြိမ်ရွာသည် တခုတည်းသောတောင်မြင့်မြင့်ထိပ်၏ မြေပြန့်ပြန့်တွင် ကြဲကြဲနှင့်နည်းနည်းဆောက်လုပ်ထားသော လူနေတဲအိမ်ပေါင်း ခြောက်ဆယ်ကျော်မျှတည်ရှိလျက် ‘နောက်အော’ နာဂအမျိုးတို့ နေထိုင်ကြသည်။

ဤအာရီကြိမ်နာဂရွာအမည်ကား ‘အာ’ သည် လေဟု ဆိုသည်။ ရီ သည် တိုက်သည်ဟု အဓိပ္ပာယ်ရသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

ကြိမ် သည် တောင်ဟု အဓိပ္ပာယ်ပြန်ဆိုပြရာ 'လေသာတောင်' ရွာဟု အဓိပ္ပာယ်ရလေသည်။

သန့်ရှင်းမှု အမှန်ရှိသော တောင်လေအပေါင်းတို့သည် အာရိကြိမ် နာဂရွာ၌ ထာဝစဉ် တည်မြဲလျက်ရှိလေသည်။


နာဂပန်းချီမှတ်ဘမ်း အမှတ်စဉ် ၁၁
၂၁ရက် စက်တင်ဘာလ ၁၉၅၈
ကြေးမုံသတင်းစာ



ဆတ်သေရွာသူ။ ။ 'ကျောက်အဲ' နာဂရွာတွင်ဖြစ်သည်။ ကျောက်အဲနာဂရွာသည် ရောက်ခဲ့သော အာရိကြိမ်ရွာနှင့် ခုနစ်မိုင်ကျော်မျှ ဝေးသည်။ ဤကျောက်အဲရွာတွင် ဆန်စပါးရှားပါးလှန်း၏။ရွာသားတို့သည် ဆန်စပါး မလုံလောက်၍ ပြောင်းဖူး၊လူး၊ဆတ်များကို လွေး၍ ခေါင်ရေတို့ဖြင့် မျှောချလိုက်ရလေသည်။

ဤ ကျောက်အဲရွာ၏ အဓိပ္ပာယ်ကား 'ကျောက်' သည် ဆတ်ဟုဆိုသည်၊ 'အဲ'သည် သေခြင်းဟု ပြန်ဆိုသည်။ ဤရွာသူရွာသားတို့ ရွာတည်ချိန်တွင် ဆတ်

www.facebook.com/NyisayEbookCreator
www.nyisay.com



www.facebook.com/NyisayEbookCreator
www.nyisay.com

တကောင် သေခြင်းကြောင့် 'ဆတ်သေရွာ'ဟုမှည့်ခေါ်ထားစေသည်။

ဤပုံသည် ပေသုံးဆယ်ကျော်မှမြင်ရသော မြင်ကွင်းဖြစ်သည်။ရွာတိုင်း၌ရှိသော နာဂအမျိုးသမီးတိုင်းသည် ရွာသို့ တစိမ်းသည့်သည်လာလျှင် ဤသို့ ပုန်းရှောင်နေတတ်လျက် မသိအောင် ကြည့်လေသည်။

ဤပုံသည် ပေသုံးဆယ်ကျော်မှ သူမတို့အား အမှတ်မဲ့မြင်သည်ကို ရေးဆွဲမှတ်ယူလိုက်ခြင်းဖြစ်သည်။

**ကယ်ပီးခွေး။** ။တောင်ပေါ်၏သဘာဝပန်းသည် အဘယ်ကဲ့သို့ လှပနေသည်ကို ဤပုံတွင် ကြည့်မြင်နိုင်သည်။သူမ၏ခြေသလုံး၌ ပရဲဆေးထိုးထား၏။သူမသည် ပျိုသူမဟုတ် ပွင့်ခဲ့ပြီးသော ပန်းအလှပင်ဖြစ်သည်။

နာဂထုံးစံ'ကယ်ပီးခွေး'ပွဲလုပ်သောအခါ အမျိုးသမီးများက အမျိုးသားများအား ပရဲထိုးလေ့ရှိ၏။ ထို'ကယ်ပီးခွေး'ပွဲအချိန်၌ ထင်းရှူးမီးကို မှိုင်းခံ၍ အမျိုးသမီးများက အမျိုးသားများ၏ ရင်ဘတ် လက်မောင်း မေးစေ့ ပါးရိုးတို့၌ တုတ်နှင့် ထင်းရှူးမှိုင်း ဆွတ်ပြီး အသားပေါ်တွင် အမှတ်အသား ပုံစံချ အရာပေးရလေသည်။ပြီးလျှင် ပရဲဆေးထိုးသော စုတ်တံကို မှိုင်းဆွတ်ခြင်းမပြုဘဲ အသားမှ သွေးထွက်လာသောအခါတွင် ပုံစံအမှတ်အသား ထိုးထားရာအတိုင်း ထင်းရှူးမှိုင်းကို သုတ်လိမ်းလိုက်လေသည်။

ထိုမှတဆင့် ပုံစံအရာ၏သွေးလိုင်းအတွင်းသို့ ထင်းရှူးမှိုင်း ထည့်သွင်းပြီးလျှင် ပရဲဆေထိုးပြီးသား အရာအမှတ်အသား ပေါ်ပေါက်လာသည်။

နာဂလူမျိုးတို့တွင် အမျိုးသားများကရုပ်ထုပြုလုပ်ခြင်းနှင့် နာဂအမျိုးသမီးများသည် ပရဲဆေးထိုးခြင်းကို ပြုလုပ်လေ့ရှိ၏။

**တောင်ကြားတံတား။** ။ဤပုံသည် နာဂတောင်ပေါ် လမ်းခရီးများ၌ တည်ဆောက်ထားကြလေ့ရှိသော တောင်ပေါ် စမ်းချောင်း၏ တံတားဖြစ်သည်။ ဤတံတားမျိုးတို့သည် တောင်ကြားလမ်း၏ အနိမ့်ဆုံး တွေ့ဆုံရာတွင် တည်ဆောက်ထားလေ့ရှိ၏။


နာဂအမျိုးသားတို့သည် တံတားတည်ဆောက်ရာ၌ စမ်းချောင်း ကုန်းမြင့်ပေါ်မှ နွယ်သစ်ပင်တည့်ရှိရာတွင် တည်ဆောက်ကြသည်။ တံတားအား တည်တံ့ခိုင်မြဲစေရန် သစ်ပင်နွယ်ပင်များဖြင့် သိုင်းချီဆွဲ၍ အားယူဆောက်လုပ်ထားသည်။ တံတားအောက်မှ သစ်တုံး

www.facebook.com/NyisayEbookCreator
www.nyisay.com


များကို ကျားကန်ပြီး အခင်းများကို ဝါးဖြင့်ယက်လုပ်ခင်းထားသည်။

တံတားငယ်သည် ခိုင်မြဲလျက်ရှိ၏။ မိုးရာသီသို့ရောက်သောအခါ တံတားများမှာ ချောင်းရေနစ်မြုပ်ဖုံးအုပ်လျက်ရှိရာ တမွာနှင့်တရွာ ဆက်သွယ်ရန် ခဲယဥ်းလေသည်။

နာဂပန်းချီမှတ်တမ်း အမှတ်စဥ် ၁၂
၂၅ ရက် စက်တင်ဘာလ ၁၉၅၇
ကြေးမုံသတင်းစာ



www.facebook.com/NyisayEbookCreator
www.nyisay.com



တောသစ်ရွာ။ ။လန်းနောက် နာဂရွာတွင် ဖြစ် တောသစ်ဖြစ်၍ 'နောက်'သည် ရွာဟု ပြန်ဆိုသည်။
သည်။ 'လန်းနောက်ရွာ'မှာ ရောက်ခဲ့သော 'ကျောက် တောသစ်ရွာ'တွင် နောက်အော် နာဂအမျိုးတို့ နေ
အဲ' ရွာသို့ တဆယ့်နှစ်မိုင် ဝေးသည်။ 'လန်း'သည် ထိုင်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

ရှာတိုင်း၌ အရွယ်ရောက် နာဂအမျိုးသား အမျိုးသမီးတို့သည် လုပ်ဘွယ်ရာကို မနားမနေ ပြုလုပ်လေ့ ရှိသည်။ နာဂအမျိုးသားတို့တွင် ဓားတချောင်း ရှိလျှင် သူတို့၏လိုရာ အသုံးအဆောင်ပစ္စည်းကို ပြုလုပ်နိုင်၏။ သူတို့ဓားသည် မာကျော၍ ထက်မြက်လွန်းလှသည်။ သူတို့၏ဓားသွားများအား တဖက်မျှ သွေးထားလေ့ ရှိသည်။ သူတို့သည် ဓားတချောင်းကို အစဉ် ခါးပတ်နောက်ကျော၌ ရှိသော သစ်သားပြားဓားအိမ်အတွင်းသို့ ထိုးသွင်းဆောင်းထားလေသည်။

တချိန်က နာဂလူမျိုးတို့၌ စစ်တိုက်ခြင်း အလေ့အထ ရှိခဲ့ကြသည်။ သူတို့သည် တရွာနှင့်တရွာ တောင်ယာမြေ နေရာလုခြင်း၊ တရွာမှတရွာ၏ ရွာသူ ရွာသားများအား စော်ကားခြင်းမှအစပြု၍ ခေါင်းဖြတ်ခြင်းကို ပြုကြကုန်၏။

ဤသို့ခိုက်ရန်စစ်များ ဖြစ်ပြီးလျှင် သူတို့၌ စစ်သားများဟူ၍ သတ်မှတ်ထားခြင်းမရှိ၊ ရွာအတွက် ထိခိုက်မှုပြုခဲ့လျှင် ရွာသားအားလုံးသည် ကာကွယ်ခြင်း ဖြစ်သည်။ ပြီးလျှင် ရွာသားများအသွင် ဖြစ်ကြကုန်၏။

စစ်သူရဲကောင်း။ ။နာဂအမျိုးသား၏ စစ်တိုက်အသုံးပြုသော အဆောင်အယောင် ပြင်ဆင်ထားခြင်းဖြစ်၏။ ဦးခေါင်း၌ ကြိမ်ဖြင့် ယက်လုပ်သော ဦးထုပ်ထိပ်တွင် တောဝက်စွယ်တစုံဖြင့် တောဆိပ်မွေးတို့ကို အနီရောင်ဆိုးခြင်းဖြင့် ဆင်ယင်ထားသည်။

တဖက်လက်မှ အောင်လံရှည်အား တောင်ဆိတ်မွေးအနီဖြင့် ပန်းပွားများ တပ်ဆင်ထားသည်။ ထိုမှ လွယ်ထားသော တောင်းငယ်အား ကြိမ်ဖြင့် ယက်လုပ်၍ ၎င်းတောင်းအရှေ့တွင် ခေါင်းဖြတ်ခြင်း ခံရသော ဦးခေါင်း၏ဆံပင်များကို အလှဆွဲထား၏။ သူတို့ဦးခေါင်းဖြတ်၍ ရလျှင် ဤလွယ်ထားသော တောင်းငယ်တွင် ထည့်၍ ယူဆောင်လေ့ ရှိသည်။


တဖက်လက်မှ ဓားသည် ခေါင်းဖြတ်ရန် ဖြစ်ပြီး အောက်ခြေမှ အကာအကွယ်ယူရန် နာဂဒိုင်းဖြစ်သည်။ ၎င်းဒိုင်းအား နွားနောက်သားရေ၊ ကျွဲ သားရေတို့ဖြင့် ပြုလုပ်၍ စစ်ပွဲများတွင် အသုံးပြုသည်။

နာဂလူမျိုးတို့သည် ခေါင်းဖြတ်ခြင်းခံရသူက ဖြတ်သွားသူ၏အမျိုးလိုက် ဂလဲ့စား ပြန်လည်ချေပလေ့ ရှိသည်။ တရွာကတရွာအား ခေါင်းဖြတ်လျှင် အဖြတ်

www.facebook.com/NyisayEbookCreator
www.nyisay.com

ခံရသောရွာက အခဲမကြေသောအစွဲအလန်းတို့ဖြင့် အမှတ်ထား၍ မီး ရေ ဆန် ခေါင်ရည် စသည်တို့ကို လုံးဝယူဆောင် ဆက်သွယ်ခြင်းမပြုကြချေ။ ပြည်ထောင်စုခေတ်တွင် ခေါင်းဖြတ်ခြင်း မပြုကြစေဘဲ ပြုလုပ်မိသောအမှုကို လျှော်ကြေး ပေးခြင်းဖြင့် ကြေအေးစေ၏။

နာဂလူမျိုးတို့သည် စစ်ရန်ဖြစ်ခြင်းအား လူမျိုးပျောက်ဆုံးမှုမှလွဲ၍ ကောင်းကျိုးမပြုသောလုပ်ဆောင်မှုအနေဖြင့် သိမှတ်ကြကုန်၏။ သူတို့သည် တောတောင်ရေမြေများအသွင် တိတ်ဆိတ်ငြိမ်းချမ်းသာယာစွာ နေထိုင်လျက်ရှိသည်ကို တွေ့ခဲ့ရသည်။



နာဂပန်းချီမှတ်တမ်း အမှတ်စဉ် ၁၃
၅ ရက် အောက်တိုဘာလ ၁၉၅၈
ကြေးမုံသတင်းစာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ထန်ပါကွေ့ရွာ။ ။တောကြက်အပေါင်းတို့ ဘိတ်ခေါ်ခဲ့သော ရောင်ခြည်သည် အရှေ့ဘက် တောင်ပေါ်သို့ တက်လာသည့်နှင့်အတူ ကျနော်တို့ လေ့လာသူများသည် နေဝန်းတက်လာသည်နှင့်အပြိုင် ဆက်၍ ခရီးတက်ခဲ့ရသည်။ တောင်ပေါ်၌ နေအလွန်ပူလျက် ရှိ၏။ နေဝန်းသည် ထိပ်ဆုံးသို့ စိုးမိုးစွာ ရောက် ချိန်မှ ဤ 'ထန်ပါကွေ့' နာဂရွာသို့ ရောက်ရလေသည်။ နာဂလူမျိုးတို့၏ ယောင်ယာ စိုက် ပျိုးသော ရာသီ အချိန်ဖြစ်၏။ ထန်ပါကွေ့ ရွာသားများသည် သူတို့၏ ဝမ်းစာအတွက် အားပြုသည့် တောင်ယာတောသို့ သွားကြကုန်၏။ တောင်ယာစပါး စိုက်ပျိုးရာတွင် ဆူးတုတ်ထိုး၍ စိုက်လေ့ရှိသည်။ စပါးမစိုက်ပျိုးမီ ကြက်-ဝက်သတ်၍ နတ်တင် ပသလေ့ရှိ၏။ သူတို့၌ ယစ်နတ် ပူဇော်ခြင်း ရှိသော်လည်း၊ နတ်ရုပ်ထု တစုံတခုမျှမရှိ၊နတ်စင်ပြုလုပ်ခြင်းသာ တွေ့မြင်ခဲ့ရသည်။သူတို့သည် မိုးကြိုးပစ်သော သစ်ပင်ကို ကြောက်ရွံ့ရှောင်ကြဉ်ကြသည်။ ဤထန်ပါ

www.facebook.com/NyisayEbookCreator
www.nyisay.com

ကွေ့ရှာ၍ သူတို့၏ အမှတ် သင်္ကေတ အဖြစ် ထိုးထားသော အုန်းမောင်းသစ်တုံးသည် တွေ့ခဲ့ရသောနာဂရွာများကဲ့သို့သူတို့၏ အချစ်နှစ်သက်ဆုံး ကျွဲရုပ်ထု သဏ္ဍာန်အုန်းမောင်းတွင် မထုလုပ်ထားပေ။ ထန်ပါကွေ့ရွာသားတို့သည် အုံးမောင်းအား သစ်ပင်တပင်လုံး အခေါင်းဖေါက်ထွင်း၍ သုံးလက်မ ပတ်လည်အထူ၌ အပေါ်မှရှည်လျားသော အပေါက် ဖေါက်ထွင်းထားကြသည်။ ဤနာဂရွာမှာ 'ပါကွေ့' ဆိုသူ တည်သောရွာ ဖြစ်၍ 'ထန်' နာဂအမျိုးတို့နေထိုင်သောကြောင့် ထန်ပါကွေ့ဟု ခေါ်တွင်သည်။

ဝါဖတ်ဗိုင်းငင့်။ ။နာဂမယ် အိမ်သူအလှတို့ ဖြစ်သည်။ သူမတို့၏ 'ကြိုက်သူ'အဖြစ် အမှတ်ပြုထားသော နာဂ မောင်တော်သည် ဝမ်းစာ အတွက် တောင်ယာစိုက်ပျိုးသွားစဉ်၊ အိမ်၌ မောင်တော်အတွက် နွေးထွေးစေဘို့ စောင်ယက်လုပ်ရန် ဝါဂွမ်းများ ဖန်နေကြစဉ်ဖြစ်၏။ နာဂလူမျိုးတို့သည် တပေသော နံငယ်အပြင်သုံးရန် စောင်ယက်လုပ်ရန်ဝါဂွမ်းများဖန်ကြစဉ်ဖြစ်၏။ သူတို့ ဝါဂွမ်း ဖန်သောအခါ ကျောက်ပြားပေါ်သို့ညီသော ကျောက်လုံးနှင့် ရှေ့သို့ တွန်း၍ ဖိ၍ ကြိတ်ခြင်းဖြင့် ဝါစေ့ များစွာသည် ရှေ့ဆီမှ ထွက်လာစေပြီး ကျောက်လုံး၏ နောက်ကွယ်ဆီမှ ဝါဂွမ်း ဖန်ပြီးသားများ ထွက်ပေါ်ရရှိလေသည်။ သူမတို့ ဗိုင်းငင်သောအခါ ဒူးတဖက်ထောင်၍ တဘက်အချွန်ရှိ သေးငယ်သော တုတ်တန်အရှည်အား လည်စေအောင် လက်ဖမိုးဖြင့် ပွတ်လိမ့်ပေးစေသည်။ ပြီးလျှင် တဘက်လက်မှ ဝါဂွမ်းအစကို ပြန်လည်၍လည်နေသော တုတ်ဆီသို့ ဆွဲ၍ဆွဲ၍ ချည်မျှင်များအသွင် ရစ်လုပ်လေသည်။ ယက်လုပ်ရာတွင် ဂျပ်ခုတ် နှစ်ပေ အနံ တို့ဖြင့် ယက်၍ ဖျဉ်စကို ဆက်စပ်ယူလေသည်။ ချည်များအရောင်ဆိုးသောအခါ သစ်ခေါက် သစ်ရွက်တို့ဖြင့် အရောင်အသွေး ဖေါ်စေသည်။ သူတို့သည် ရေချိုးခြင်း အလေ့အထ မရှိကြပေ။ ပူလွန်းသောရာသီ၌ ခြေလက် ဆေးခြင်း မျှ သာပြု၏။ နာဂ အမျိုးသမီးတို့သည် များသောအားဖြင့် အေးသောရာသီ၌ စောင်သုံးလေ့ မတွေ့ခဲ့ရ။ ရာသီအလိုက် ချမ်းအေးမှု အပူအနွေးဒဏ်ကို မတုန်မလှုပ်ခံနိုင်စွမ်း ရှိပေသည်။

နာဂပန်းချီမှတ်တမ်း အမှတ်စဉ် ၁၄
၁၂ ရက် အောက်တိုဘာလ ၁၉၅၈
ကြေးမုံသတင်းစာ

www.facebook.com/NyisayEbookCreator
www.nyisay.com



www.facebook.com/NyisayEbookCreator
www.nyisay.com

ထညှုင်နန်းရွာ။ ။စောသောနံနက် ဖြစ်သည်။ နှင်းမှုံ နုနုံ သည် မြူမှိုင်း လျက် ရှိသော တောင်အပေါ်င်းတို့အား ယုယုယယ ဖုံးလွှမ်းထားသည်။

'ထညှုင်နန်း' နာဂရွာသို့ တောင်များကြားမှ မြင်ရကြလေပြီ။ ရွာသည် မြင့်သောတောင်၏ မြေပြန့်ပေါ်၌ တည်ထား၏။ ရွာပတ်လည်တွင် မတ် စောက် စောက် ရှိသော ဘောင်တန်း တောင်ခါးပန်းကြီးများ တည်နေပေသည်။

ဤထညှုင်နန်းရွာ သည် 'ထညှုင်နန်းချောင်း'အနီးတွင် တည်ရှိခြင်းကြောင့် 'ထညှုင်နန်း'ဟု အစွဲပြု ခေါ်သေသည်။ အချို့သော နာဂများက 'တန်မောင်' ဆိုသူ တည်ထောင်ထားသောကြောင့်'တန်မောင်ရွာ'ဟုလည်း ခေါ်ပြန်သည်။

နာဂရွာသူကြီး။ ။ထညှုင်နန်း ရွာ၏ ရွာသူကြီးသည် လှသော နာဂ ဦးထုပ်ကိုဆောင်းလျက် ဧည့်သည်ဖြစ်သော ကျနော်တို့အား ခေါင်ရည်တို့ဖြင့် ဧည့်ဝတ်ပြုလိုက်လေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



သူတို့၏ ထုံးစံဖြစ်သော ညှော့ဝတ်ပြုသည့် ခေါင်ရည်ကို မသောက်လျှင် ညှော့သည်မပီသသူအဖြစ် အမှတ်ပြု၍ စိတ်ဆိုးတတ်လေသည်။

ထို့ကြောင့် ချို၍မွှေးသော ခေါင်ရည်ကို ညှော့သည် ပီသစွာ စုတ်သောက်လိုက်ကြသည်။ ထည့်သွင်းထားသော၍ ဝါးခေါင်ရည်ဗူးအပြင် 'နွားနောက်ချို'ကို ခေါင်ရည်ဗူးအဖြစ် အသုံးပြုလေသည်။

ညှော့ခံသော ရွာသူကြီး၏ နာဂဦးထုပ်သည် တောဝက်စွယ်တစုံနှင့် နွယ်ကြိမ်များ ဖြင့် ယက်လုပ်၍ တောင်ငှက် အတောင် အလှစိုက်ထူပြီး မေးသိုင်းကြိုးတွင် ဝက်ဝံလက်သည်းများစွာကို ဖေါက်သီလျက် ဆင်ယင်ထား၏။ လည်ဆွဲတွင် သူတို့၏ 'သူကြီး'အဖြစ် အမှတ်ပြုကြကုန်သော သန္တာစေ့ ပုတီးကို ဆွဲထားလေသည်။


ထိုမှတဆင့် လက်မောင်းတွင်လည်း ဆင်စွယ်ကို တိရိစ္ဆာဖြတ်၍ လက်ကြပ်ဝတ်ဆင်ထားသေး၏၊ အချို့သော နာဂအမျိုးသားများသည် ဆင်စွယ် လက်ကြပ်ဝတ်နိုင်သူအား ချမ်းသာသူဟု သတ်မှတ်လေ့ရှိသည်။

နာဂ အမျိုးသမီးများ၌ကား လက်ကောက်ဝတ်လက်ကြပ်တန်ဆာ ပစ္စည်းများသည် သတ္တုကြေးခွေတို့

www.facebook.com/NyisayEbookCreator
www.nyisay.com

ဆင်ယင်ကြလျက်၊ သူမတို့၏ ဦးခေါင်း၌ ထူးခြားသော တန်ဆာဆင်ခြင်းမရှိ၊ ပန်းပန်ခြင်းလည်း မတွေ့ခဲ့ပေ။ ရိုးသားသူတို့၏ သဘာဝ လှပမှုဖြင့် နေထိုင်ကြသည်။

မီးလင်းဖို။ ။ဤထည့်ဆူငန်းရွာတွင် 'နောက်အော်' နာဂအမျိုးတို့သည် အိမ်ခြေ တရာကျော်ဖြင့် တည်ဆောက် နေထိုင်ကြ၏။ နာဂအမျိုးတို့၏နေအိမ်တဲများသည် ရှည်လျားစွာရှိလျက် သွေးသားတော်စပ်သော အိမ်သားများ စုပေါင်းနေထိုင်သည်။ ရှည်လျားသော သူတို့၏တဲအိမ်မှာ အလယ်တွင် မီးလင်းဖိုတဆောင်ကျ တည်ရှိလေသည်။ ထိုမီးလင်းဖိုအား နေ့စဉ် ညစဉ် မီးမငြိမ်းစေရန် ထင်းများ အမြဲထိုးစိုက်ထားသည်။ သူတို့သည် ညဥ့် တောင်ယာတောမှအပြန် ဤမီးလင်းဖို



www.facebook.com/NyisayEbookCreator
www.nyisay.com



အနီးတွင် အပန်းဖြေ ခေါင်ရေစုတ်ရင်း တောင်ယာအကြောင်း၊ ရွာအကြောင်း၊ သွေးသားတော်စပ်သူတို့၏အကြောင်းစုံကိုပြော၍ အိပ်တတ်ကြလေသည်။

နာဂပန်းချီမှတ်တမ်း အမှတ်စဉ် ၁၅
၂၀ ရက် အောက်တိုဘာလ ၁၉၅၈
ကြေးမုံသတင်းစာ

နန့်စလိမ်ချောင်းဆုံရွာ။ ။'မကွာရယ်' နာဂရွာအထက် တောင်ပေါ် ပေထောင်ပေါင်းများစွာ မြင့်လာသည်နှင့် ထင်းရှူးပင်တို့တည်ရှိနေလျက် ထင်းရှူးနံ့သင်းပျံ့ပျံ့ကလေးလည်း မောသော တောင်တက်ခြင်းအား အပန်းပြေစေရန် ဆီးကြိုနှင့်လေလည်။


ဤမကွာရယ် နာဂရွာသည် အိန္ဒိယနယ်စပ်နှင့် နီးကပ်စွာတည်ရှိ၏။ ရွာတွင် အိမ်ခြေတရာမျှနှင့် ရွာအတွက် လုံခြုံစေရန် သစ်တုံးများဖြင့် ကာရံလျက် အတွင်း၌ ဝါးစူချွန်များထိုးစိုက်ထားပြီး အတွင်းဆုံး၌ သစ်တုံးများ ထပ်မံကာရံထားသေး၏။ အိန္ဒိယဘက်နယ်စပ်ရှိ နာဂလူမျိုးတို့၏ ကျူးကျော်မှုရန်ကို ကာကွယ်ရန် ပြုလုပ်ထားခြင်းဖြစ်သည်ဟု သိရလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

ဤရွာ၏ ‘မကွာရယ်’ အမည်သည် ရှမ်းများ မှည့်ခေါ်ထားသော အမည်ဖြစ်သည်။ သူတို့ရွာ၏ ပတ်ဝန်းကျင် နာဂများက ‘ထွန်’ ဟု ခေါ်လေသည်။ ‘ထွန်’ သည် နန့်စလိမ်ချောင်းဖျားဆုံရာဒေသကို အစွဲပြု၍ ခေါ်တွင်ကြခြင်းဖြစ်သည်။

**နာဂလူငယ်။** ။မကွာရယ်ရွာရှိ အချို့အချို့သော နာဂ လူငယ် လူရွယ်များသည် သူတို့ ယက်လုပ်သော အဝတ်ကို ဤပုံ၌ ရေးမှတ်ထားသည့်အတိုင်း ဝတ်ဆင်ထားခြင်းကို တွေ့ခဲ့ရသည်။ လူကြီးများနှင့် အမျိုးသမီးများကား သူတို့၏ သဘာဝအတိုင်း နေမြဲလျက်ပင်ဖြစ်သည်။ ရောက်ခဲ့သော ‘အာရီကြိမ်’ ရွာမှ အစပြု၍ မကွာရယ်ရွာတွင် နာဂအမျိုးသားတို့၏နား၌ သူတို့၏ ထုံးစံဖြစ်သော ခေါင်းဖြတ်ခြင်းခံရသူ၏ ဆံပင်များကို ရဲသွေးတင် အောင်ပွဲခံသည့်အနေဖြင့် နားပန်ဆွဲထားလေ့ရှိသည်။ အချို့သောနာဂတို့သည် ခေါင်းဖြတ်ခံရသူ၏ ဆံပင်ကို နားပန်ဆွဲခြင်းအပြင် ခရုအခွံကို အရုပ်ရေးမှတ်၍ နားပန်ဆွဲထား၏။

**အောင်ပွဲပြန်။** ။ဤရွာရှိ အချို့သော နာဂလူကြီးများသည် လည်ပင်းတွင် ပုတီးစေ့ သန္တာစေ့များအပြင်





‘ကျားစွယ်တစုံ’ကို ဆွဲထားလေသည်။ နာဂလူမျိုးတို့သည် ကျားစွယ်ကို သစ္စာကတိပြုခြင်းကို ယုံကြည်မှုအဖြစ် ပစ္စည်းပြန်မပေးလျှင် ကျားကိုက်ခြင်းဖြင့် ကဘ်ပြုသစ္စာကျိန်လေ့ရှိ၏။ ဤမကွာရယ်နာဂရွာကား ကျွန်တော်တို့ လေ့လာသူများ နောက်ဆုံး ရောက်ခဲ့ရသောရွာဖြစ်၏။ဇင်းဂလိန်ခန္တီး၊ဆင်သေရွာ၊လောင်ဆောက်၊ဟတ္တိ၊လောင်ငေါက်၊နောက်လော်၊လန်းချိုင်၊ဟော့ကွန်၊စစ်ဖောင်၊အာရီကြိန်၊ကျောက်အဲ၊ထန်ပါကွေ့၊ ထညူငန်ရွာနှင့် ယခုရောက်ရသော မကွာရယ်ရွာသည် မိုင်ပေါင်း ၁၅၀ ကျော်မျှရှိခဲ့လေပြီ။

မကွာရယ်ရွာမှမြင်နိုင်သော အိန္ဒိယမြန်မာနယ်စပ်ရှိ စာရာမေရိတောင်သည် မြင့်စွာတည်လျက် နှင်းများ ဖုံးလွှမ်းနေလေသည်။ကျွန်တော်ရောက်ခဲ့သမျှ တောင်ပေါ်ရှိ နာဂလူမျိုးတို့၏ ရိုးရာဓလေ့ ထုံးစံများကို ရေးဆွဲမှတ်တမ်းတင်ခဲ့သည်။ နာဂပန်းချီမှတ်တမ်းသည် တဆယ့်ခြောက်ပုဒ် ဖော်ပြခဲ့ပြီး ဤနောက်ဆုံးရောက်သော မကွာရယ်ရွာတွင် အဆုံးသတ်လေသည်။


နာဂပန်းချီမှတ်တမ်း အမှတ်စဉ် ၁၆
၂၇ စက်တင်ဘာလ ၁၉၅၇
ကြေးမုံသတင်းစာ

www.facebook.com/NyisayEbookCreator
www.nyisay.com

# မြောက်ပိုင်းရှမ်းပြည်

ရေပူစမ်း။ ။မြောက်ပိုင်းရှမ်းပြည်၏ တောင်စဉ် တောင်တန်းတို့မှ ဖြတ်သန်းတိုက်ခတ်လာသော လေအေးသည် ချမ်းမြေ့သော အတွေ့ကို ဖြစ်စေလျက်စိတ်ရောကိုယ်ပါ လန်းဆန်းလာစေ၏။

လွယ်ဂျယ် ဘုရားဖူးသွားရန်ဖြစ်သော ခရီးသည်တို့သည် ရန်ကုန်မှ ကားလမ်းအတိုင်း မန္တလေး၊ မေမြို့၊ ဂုတ်တွင်း၊ ဘော်ကြို၊ သီပေါ၊ ကျောက်မဲ၊ လားရှိုး၊ ရေပူစမ်းသို့အရောက်တွင် အနားယူကြရ၏။ မန္တလေးမှ မိုင်တရာ့ငါးဆယ်ဝေးသော ဤရေပူစမ်းသို့ တဖြည်းဖြည်းငိုက်မျည်း၍ ကျလာသော အမှောင်ရိပ်နှင့်အတူ ရောက်လာကြသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com


ရေပူစမ်းကို ရှမ်းပြည်ထောင်စုသားတို့က 'နမ့်အွန်' ဟု မှည့်ခေါ်ထားကြလေသည်။ 'နမ့်'သည် 'ရေ'ဟု အဓိပ္ပာယ်ရ၍ 'အွန်'သည်'နွေး'သည်ဟု အဓိပ္ပာယ်ရ၏။ နမ့်အွန်ရေနွေးစမ်းသည် အနားယူ ကွန်းစခန်း၏ဘေးတွင် တသွင်သွင် စီးဆင်းလျက်ရှိနေ၏။ ထိုပူနွေးသောစမ်းရေကိုဆည်လျက် အုတ်ကန် ခုနစ်ဆင့်ဖြင့် ပြုလုပ်ထားသည်။ပူနွေးနွေးရေတို့သည် ထိုအုတ်ကန်ဆင့်ထဲသို့ အမြဲမပြတ်စီးဆင်းနေပြီး အုတ်ကန်နှစ်ဆင့်ပေါ်မှ အစဉ်သဖြင့် ဖိတ်လျှံကျနေကြသည်။

အုတ်ကန်ငယ်ထဲမှစမ်းရေသည် ပူလွန်းသောကြောင့် ဆယ်မိနစ်မျှ ကြက်ဥထည်းထားပါလျှင် ကျက်သွားနိုင်သည်ဟု ဆို၏။ ကန်ငယ်မှတဆင့် ကူးသွားရရှာသော အုတ်ကန်ကြီးထဲမှ ရေပူသည် ကြက်သီမ်းနွေးသာသာမျှ ဖြစ်လျက် ချိုးကောင်းလှ၏။ အငွေ့တထောင်းထောင်း ထနေသောရေတွင် ရေချိုးနေကြသူများ၏ ပျော်ရွှင်မှုသည် ကုန်းပေါ်၌ ချမ်းနေကြသောသူများကို ကူးစက်သွားကြသည်။ လွယ်ဂျယ် ဘုရားဖူး ခရီးသည်တို့သည် ဤနမ့်အွန်ရေးနွေးနှင့်သန့်စင်ပြီးမှ လွယ်ဂျယ်ဘုရားရှိရာသို့ ခရီးဆက်ကြလေသည်။

လွယ်ဂျယ်။ ။ ရှမ်း တောင်တန်းကြီး များသည် မှိုင်းမှိုင်းရီဝေလျက်ဖြင့် အလှမ်းဘက်ကို လုယူနေကြ၏။ တောင်တက်ကားလမ်း၏ ဝဲယာဘက်တွင် ငုရွှေဝါပွင့်များ၊ စိန်ပန်းပွင့်များကဲ့သို့ ပင်လုံးကျွတ် အပွင့်ကို ဆောင်သော ပန်းချယ်ရီပင်များ၊ မက်မွန်ပင်များသည် အအုပ်အုပ် အစုစုဖြင့် စွယ်တော်ပန်းဖြူပွင့်များနှင့် နယ်လုစွာ ပွင့်နေကြသည်။

အရွက်လဲသောကြောင့် ရိုးတံကျဲကျဲ ခြောက်မွဲမွဲနှင့် ကံနည်းခိုက်ကြုံနေရရှာသောတောပင်ကြီး ငယ်တို့သည် ရီဝေသည့် နှင်းမြူထဲတွင် အားခဲလျက် ရပ်တည်နေကြ၏။ရေပူစမ်းမှ ခရီးဆက်၍ သိန္နီ၊ ကွတ်ခိုင်၊ မိုင်းယူ၊ မူဆယ်၊ နမ့်ခမ်း၊ ဗန်းမော်၊ စိန်လုံကဘားမှ လွယ်ဂျယ်ဘုရားပွဲရှိရာသို့ မိုင်နှစ်ရာ့လေးဆယ်ကျော် ဝေး၏။ တောင်စဉ် တောင်တန်းကြီးများ၌ ရောင်စုံ ချယ်သထားသော သစ်ပန်းတောကြီးများသည် မိုးတိမ်နှင့် ရောယှက်သည်အထိ တဖြည်းဖြည်း မြင့်မားလာသောအခါ တောင်ပင်လယ်ကြီး အတွင်းသို့ နစ်မြုပ်သွားသည်နှင့် ခရီးစဉ်ရှေ့ဘက်မှ ပေါ်လာသော လွယ်ဂျယ်ရွာသို့ ရောက်လာကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဤလွယ်ဂျယ်ရွာသည် တောင်ပေါ်မြေပြန့်ပေါ်၌ အိမ်ခြေသုံးရာမျှဖြင့် ပြည်စောင့်စစ်တပ်နှင့်အတူ တရုပ်ဗမာနယ်စပ်တွင် တည်ရှိ၏။ ရွာနှင့်ဤမှာဘက် တမိုင်ကျော်တွင် ကြက်မြီးတောင်၊ ကြက်ဝမ်းတောင်၊ ကြက်ခေါင်းတောင် အမည်တွင်သော တောင်သုံးတောင် ရင်ဘောင်တန်းလျက် တည်နေ၏။ ထိုတောင်သုံးတောင်အနက် အမြင့်ဆုံးသော 'လွိုင်ဟိုးကိုယ်' ခေါ်သည့် ကြက်ခေါင်းတောင်ပေါ်တွင် ဖွေးဖွေးဖြူသော စေတီငယ်တဆူကို တည်ထား၏။ ထိုစေတီငယ်ကို လူအပေါင်းတို့က လွယ်ဂျယ်ရွာကိုအစွဲပြုသောကြောင့် 'လွယ်ဂျယ်ဘုရား' ဟု အသိအမှတ်ပြုကြသည်။

ဤလွယ်ဂျယ်အား ရှမ်းပြည်တောင်စုသားတို့က 'လွိယ်ကျယ်' ဟု ခေါ်သည်။ 'လွိယ်' သည် တောင်ဟု ပြန်ဆိုပြီး 'ကျယ်' သည် မြို့ဟု အဓိပ္ပာယ်ရ၏။


www.facebook.com/NyisayEbookCreator
www.nyisay.com

ပွဲခင်းဈေး။ ။ဤ 'တောင်မြို့' လွှယ်ဂျယ်ဘုရားပွဲတော်သည် ရက်သစ်လောင်းသည့် တပေါင်းလ ပထမပတ်တွင် ပြုလုပ်ကျင်းပလေ့ရှိ၏။ ပွဲတော်အချိန်၌ လွှယ်ဂျယ်ရွာ၏အနီး တောင်တန်းတလျှောက်တွင် နေထိုင်ကြကုန်သော လီရှော့လူမျိုး၊ ရှမ်းကြီးလူမျိုး၊ ဂျင်းဖောလူမျိုးများနှင့် တရုပ်နယ်စပ်ဘက်ရှိ ဗုဒ္ဓဘာသာ တောင်ပေါ်သားများသည် ဘုရားပွဲတော်ရက်မတိုင်မီ စားရေရိက္ခာအပြည့်အစုံကို သယ်ပိုးကာ တောအထပ်ထပ်၊ ချောင်းအတန်တန်၊ တောင်အဆင့်ဆင့်များကို ကျော်ဖြတ်လျက် ဘုရားကြည်ညိုရန် ရောက်လာတတ်ကြ၏။

ဘုရားပွဲခင်းတွင် ပွဲလာဘုရားဖူးများအတွက် အလွန်စီးပွားရှာကောင်းသော တရုပ်လူမျိုးတို့က ဟိုမှာဘက် တရုပ်ပြည်ထွက် ပစ္စည်းအသုံးအဆောင်များကို ရောင်းချလေသည်။ ဤမှာဘက် ရှမ်းပြည်ထောင်စုသားတို့သည်လည်း ပွဲလာ ဘုရားဖူး များ အတွက် အစားအသောက်များကို ရောင်းကြလေသည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



သကျမာရဇိန် အောင်တော်မူစေတီ။ ။ဤဘုရားပွဲတော်လာ ဘုရားဖူးတို့သည် အိမ်ထောင်စုများ၊ ဆွေမျိုးများ၊ခလေးငယ်များနှင့် ညအချိန် အဆိုအကတို့ဖြင့် ဖျော်ဖြေကြမည့် ကပွဲရုံ၏ပွဲခင်းအမိုးအောက်တွင် နေရာထိုင်ခင်းများ ယူထားကြလေသည်။ ရှမ်းကပွဲသည် လူငယ်ပိုင်းအတွက် ညလုံးပေါက် ကပြလေ့ ရှိ၏။ မနက်အရုဏ်ဦးတွင် ဆွမ်းပန်းကပ်ရန် ခဲဘွယ်စားဘွယ်များကို လူကြီးပိုင်းက ဗုဒ္ဓမြတ်စွာအား အလွန် ကြည်ညိုလေးစားစွာ ဆက်ကပ်၍ အလှူဒါနပြုကြသည်ကို တွေ့ခဲ့ရ၏။

ဆောင်းဦးတွင် ပိုးပံလူများမြူးကြွပျံ့ဘိသို့ လွယ်ဂျယ်ဘုရားပွဲတော်တွင် ပျားပန်းတော်မျှ လူးလာ တုံခေါက်

www.facebook.com/NyisayEbookCreator
www.nyisay.com

လျက်နေကြသော ရှမ်းကြီးလူမျိုးတို့ကို ပွဲလာ ဘုရားဖူးအဖြစ် အများဆုံး မြင်တွေ့နိုင်၏။ ဘုရားစေတီငယ်သည် ဖြူဖွေးလျက် ကြက်ခေါင်းတောင်ပေါ်၏ အမြင့်ဆုံး၌ တည်ရှိပြီး၊ ဤဘုရားစေတီအား ဘုရားဒါယကာဖြစ်သော ဗိုလ်ခင်မောင်ကလေး-ဒေါ်သိန်းနုတို့ တည်ထားလေ၏။ ဘုရားဘွဲ့တော်ကား 'သကျမာရဇိန် အောင်တော်မူ စေတီ' တည်း။

ပန်းပန်တပွင့်။ ။ဤလွယ်ဂျယ် ပွဲခင်းထဲ၌ ရှမ်းအမျိုးသမီးပျိုတို့အား ပို၍ စိတ်ဝင်စားစရာကောင်းနေ၏။ ရှမ်းအမျိုးသမီးတို့၏ ဆင်ယင် ထုံးဖွဲ့မှုသည် ဆံပင်နှင့် ခွဲမရသော အတွန့်ကလေးများ ပြုလုပ်ထားသည့် အနက်ရောင်ပိတ်နှင့် ဆံထုံး ပုံများကို ဦးခေါင်းတွင် ရစ်ပတ်ထားကြ၏။ ဝိုင်းသောမျက်နှာ၊ သန်မာသော မေးရိုး၊ ရှည်လျားသောမျက်ပေါက်၊ ပြည့်ဖောင်းနီမြန်း



www.facebook.com/NyisayEbookCreator
www.nyisay.com

သော နုတ်ခမ်းတို့ဖြင့် အရှေ့တိုင်းသူ ပီသစွာ တင့်တယ်လှပနေသည်။ ရှမ်းမပျိုကလေးတို့သည် သန်စွမ်းတောင့်တင်းသော ကိုယ်ဟန်ဖြင့် အစုလိုက်-အအုပ်လိုက် ဝိုင်းဖွဲ့စကားပြောနေတတ်ကြ၏။ သူမ ပျို တို့၏ အေးဆေးနွဲ့နှောင်းသော အသံ အနိမ့်အမြင့်မှာလည်း ချစ်ကြည်နူးစရာ ဖြစ်နေ၏။

ပွဲခင်းလာ ကာလသားတို့ သိထားသင့် သိထားအပ်သော သူမပျိုတို့အကြောင်းကား ဤသို့ဆို၏။ သူမပျိုတို့၏ ဆံထုံးသည် ပုံ့ပုံ့ ငယ်ငယ် ကလေးများ အဖြစ်ဆင်ယင်ထုံးဖွဲ့မှု ပြုထားပါလျှင်အပျိုကညာဟူ၍အမှတ်ပြုလျက်၊ ဆံထုံး မြင့်မြင့်မားမား ရှည်ထွားထွားကြီးများ ပြုလုပ်ထားပါမူ လောကအကြောင်းသိခကောင်းပြီး အိုသူဟု သတ်မှတ်ခြင်း ပြုခံရ၏။

‘မိန်းမကောင်းမှန် ပန်းပန်တပွင့်’ဟူသော စကားရပ်သည် ထိုလွယ်ဂျယ်အရပ်ရှိ ရှမ်းမ ပျိုချောကလေးများအတွက် ရည်ရွယ်ထားသော စကား ဖြစ်လေသလော၊ ပျိုသူသည် ယာဘက်ဆံစပ်တွင် တပွင့်တည်းသော ပန်းကလေးကို ပန်ဆင်ထားပါလျှင် ထိုပန်းပွင့်ရှင်မကလေးသည် ပိုင်ဆိုင်သူမဲ့သဖြင့် ချူလှဲ့ပါဟု စောင့်စားနေသူဖြစ်သောကြောင့် မည်သူမဆိုချူလိုကချူနိုင်ခွင့်ရှိသည်ဟူသော အဓိပ္ပါယ်ရှိသည်ဟု ဆို၏။ ပန်းပွင့်ငယ်မရှိသူ၊ ပန်းမဆင်မြန်းသူများက ပိုင်ရှင်ရှိပြီး အဆွတ်ချူခံပြီးဖြစ်၍ အနားမှ မသီလာကြလေနှင့် ဟူသော အဓိပ္ပါယ်ရှိသည်ဟု ဆို၏။

ပွဲခင်းထဲ၌ ပွဲကြည့်ကြရင်း ချစ်ရေးကြိုက်ရေးဆိုနိုင်ကြ၏။ ပျိုသူသည် ချစ်ဘတ်သည့်အရွယ်မို့ ချစ်စဘွယ်မျက်လုံးနှင့် ချစ်စရာကြီး ပြုံးနေသည်ကို တွေ့ရပါမူ၊ ထိုပျိုသူ၏ ခေါင်းပေါ်မှ တပွင့်သောပန်းကို ဖြုတ်ယူလိုက်နိုင်၏။ ထိုအခါ ပန်းပွင့်ရှင်မကလေးသည် အကိုကာလသားချော၏ မေတ္တာပန်းကို ဖြုတ်ယူသည် အထိကြည်ဖြူစွာ လက်ခံပါလျှင် ပျိုသူတို့အတူ ယှဉ်တွဲလျက်တထည်တည်းသောစောင်နှင့် နှစ်ယောက်အတူ လွှမ်းခြုံထွေးပိုက်ထားနိုင်သော အခွင့်အရေးကို ရရှိနိုင်သည်ဟုဆို၏။

ငါးရက်တဈေး။ ။နှင်းမှုန်နုနုသည် ပြာမှိုင်းလျက်ရှိသော တောတောင် အပေါင်းတို့အား ယုယုယယဖုံးလွှမ်းထား၏။ တောင်လေသည် အေး၍ လတ်ဆပ်

www.facebook.com/NyisayEbookCreator
www.nyisay.com



သောကြောင့် မွှေး၍ ဆန်းလန်းစေ၏။ မြင့်သော တောင်၏ ထိပ်ဆုံး၌ တည်ရှိသော ဘုရားပွဲတော်၏ ဒုတိယနေ့နှင့် လွယ်ဂျယ်ရွာမှ ငါးရက်တဈေးသည် တိုက်တိုက်ဆိုင်ဆိုင်ကြုံခဲ့ရ၏။

လွယ်ဂျယ်ရွာအတွက် ငါးရက်တဈေးသည် ဈေးဝယ်လာသူများက အပျော်ဆုံးနေ့ဟု သတ်မှတ်ကြ၏။ ပွဲခင်း၌ ဟင်းသီး ဟင်းရွက် စားသောက်ဖွယ်ရာများ အသုံး အဆောင်ပစ္စည်းများကို ဈေးပိတ်ရက်များအတွက် ကြိုတင်ဝယ်ခြမ်းနေကြသော ရှမ်း၊ လီရှော၊ ဂျင်းဖော၊ တောင်ပေါ်သူမျိုးစုံကို စည်ကားသိုက်မြိုက်စွာ တွေ့ခဲ့ရ၏။


တောင်ပေါ်သားတို့သည် ရိုးသား၏။ ဖော်ရွေ၏။ စိတ်သဘောသကာယ ကောင်းမွန်စွာရှိကြ၏။ သူတို့နှင့် ဦးစွာတွေ့ရသော မျက်နှာစိမ်း ဧည့်သည်များ အပေါ်တွင် ပထမ ကြောက်ရွံ့သလို တဖြည်းဖြည်း မျက်နှာကျက်မိလာသောအခါ၌ တောင်ပေါ်သားများ၏

www.facebook.com/NyisayEbookCreator
www.nyisay.com

ရင်းနှီးမှု၊ဖော်ရွေမှု၊ရိုးသားမှုအပြည့်ရှိသော ပေါင်းသင်းဆက်ဆံမှုများကို အလွန် ကျေနပ် နှစ်သိမ့်စွာ ခံယူခဲ့ရ၏။

အရက်ဈေး။ ။ထို ငါးရက် တဈေး အတွင်း၌ ဟင်းသီးဟင်းရွက် စားဘွယ်သုံးဆောင်ဘွယ်များထက် မြေပြန့်သားတို့အတွက် အထူးအဆန်းတရပ် အနေဖြင့် တွေ့မြင်နိုင်သောအရက်ဈေးတန်းကြီးကိုတွေ့ရသေး၏။ အရက်ရောင်းသူကား အမျိုးသမီးများဖြစ်၏။ အရက်သည် ချက်အရက်ဖြစ်သောကြောင့် ဤဆန်အရက်၏ သတ္တိမှာ မြေပေါ်သို့ ပက်ဖျန်းပြီး မီးရှို့လိုက်လျှင် ဓာတ်ဆီကဲ့သို့ တ မုဟုတ် ခြင်း ထ လောင် တတ်၏။ မီးတောက်အရက်ဟု ခေါ်ဆိုနိုင်သည်။

ဤ မီးတောက်အရက်ကို အမျိုးသားနှင့် တန်းတူ အသက်ကြီး၍ အိုသူ အမျိုးသမီးများက သောက်နိုင်လေ့ရှိသည်။ အရက်ဝယ်သူအမျိုးသမီးများက ပို၍များ



www.facebook.com/NyisayEbookCreator
www.nyisay.com

လှ၏။ တောင်ပေါ်သားတို့သည် တောင်အဆင့်ဆင့် တောအထပ်ထပ်တို့ ဖြတ်ကျော်၍လာသော အေးချမ်းသည့် တောင်လေ၏ စိုးမိုးစွာ အနိုင်ကျင့်မှုအပေါင်းကို ဤ'လောင်'ဟူသော ဆန်အရက်ဖြင့် ကာကွယ်နေကြဟန်ရှိ၏။

တောင်ပေါ်သား အပေါင်းတို့သည် ရာသီဥတု အမျိုးမျိုး၏ဒဏ်ကို မလှုပ်မယှက်ဖြင့် သဘောကောင်းစွာ စိုးမိုးခြင်း ခံရရှာသော တောင်တန်းကြီးများကဲ့သို့ ရိုးသားစွာရှိကြလေ၏။


ရှမ်းကြီး လူမျိုး ဖြစ်သော တောင်ပေါ်သားတို့၏ ဆင်ယင်ထုံးဖွဲ့မှုဓလေ့များနှင့် တောင်ပေါ်၏ ရာသီပန်းများကဲ့သို့ လန်းဆန်းအေးဆေးဟန်ရှိသော လှုပ်ရှားမှုများသည် ပန်းချီရေးဆွဲ မှတ်သားထားရန် အသစ်အဆန်းများဖြစ်စေ၏။

ဒို့သွေးသားများ
ဩဂုတ်လ ၁၉၆၀
ရှုမဝမဂ္ဂဇင်း

www.facebook.com/NyisayEbookCreator
www.nyisay.com

# မဟာရန်ကုန်

အမျိုးသားစီးပွားရေးသို့။ ။ပြည်ထောင်စုမြန်မာနိုင်ငံကြီး လွတ်လပ်ခဲ့သည်မှာ ၁၉ နှစ်တင်းတင်း ပြည့်ခဲ့ပြီ။ ပြည်ထောင်စုဘွား တိုင်းရင်းသားတို့လက်ဝယ်သို့ အချုပ်အချာအာဏာသည် ရောက်ခဲ့ပြီ။ လွတ်လပ်ရေးရချိန်မှစ၍ အမျိုးသားစီးပွားရေးကို ထူထောင်မည်ဟုကြွေးကြော်ခဲ့၏။ ကြွေးကြော်သံသည် တိမ်နစ် တိုးတိတ်သွားခဲ့၏။ အမျိုးသားစီးပွားရေးဟူသည် နိုင်ငံခြားနှင့် ပြည်တွင်းအရင်းရှင်တို့၏ လက်ခုပ်ဘွင်းမှ ရေပမာသာ ဖြစ်ခဲ့သည်။



www.facebook.com/NyisayEbookCreator
www.nyisay.com



တော်လှန်ရေး ကောင်စီက နိုင်ငံ အာဏာကို လွှဲပြောင်းယူလိုက်ပြီးသည်၏ နောက်တွင် အမျိုးသား စီးပွားရေးကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် ထူထောင်သည်။ ခေါင်းပုံဖြတ် အမြတ်ကြီးစားတို့၏ စီးပွားရေးစားကျက်ကို ဖျက်သိမ်းခဲ့သည်။ အရင်းရှင် စီးပွားရေးစနစ်သည် အခြေယိုင်နဲ့ပြိုကွဲခဲ့သည်။ သို့သော် အရင်းရှင်စီးပွားရေးစနစ်သည် မှောင်ခိုအသွင်ဖြင့် အသက်ငင်လျက် ရှိသေး၏။ မှောင်ခိုလုပ်ငန်းကို အသက်သွင်းနေသူများတွင် ပြည်တွင်းရှိ နိုင်ငံခြားသားမှာ အများစုလိုဖြစ်နေလေသည်။

ရန်ကုန်မြို့ လူစည်ကားသော တရုပ်တန်းတဝိုက်၊ မဂိုလမ်း သိမ်ကြီးဈေး တဝိုက်မှ မှောင်ခိုလုပ်ငန်းကို ကျွန်တော် ဤသို့တွေ့ခဲ့ရသည်။ ဤနိုင်ငံခြားသား စီးပွားရေးသမားတို့၏ မှောင်ခိုဈေးကို ဖြိုဖျက်ပစ်မှသာ အမျိုးသား စီးပွားရေးသည် ကြီးသည် ငယ်သည်မဟူ နိုင်ငံအစိုးရ၏ လက်ဝယ်သို့ ရောက်လာပေလိမ့်မည်။ ပြည်ထောင်စု တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်သို့ ရောက်လာပေလိမ့်မည်။

**ပန်းချီ မောင်ငွေထွန်း**

အမျိုးသားစီးပွားရေးသို့
(၁၉၆၇ လွတ်လပ်ရေးအထူးထုတ်)
ငွေကြေးမှုံသတင်းစာ

www.facebook.com/NyisayEbookCreator
www.nyisay.com

ပန်းချီဆရာ၏ အနုပညာမြောက် ပန်းချီကား ၁၀၂ ကား
ခရီးဆောင်းပါး ၉၉ ပုဒ်

**ဤပန်းချီဆရာ။** ။ပန်းချီမောင်ငွေထွန်းသည် မြန်မာနိုင်ငံ၏ လက်စွမ်းထက်သော ပန်းချီဆရာ တဦး ဖြစ်သည်။ ပန်းချီပညာဖြင့် အလှဗိသုကာကို ရှာဖွေခြင်း၊ အနုပညာကို စူးစမ်းခြင်း၊ ဘဝ တန်ဖိုးသဘောကို ပုံသရုပ်ဖော်ခြင်း၊ လူသားအားမာန်ကို ထင်ဟပ်ပြခြင်းတို့ဖြင့် ပျော်မွေ့တတ်သူ ဖြစ်သည်။ နိုင်ငံအနှံ့ သဘာဝအလှပန်းချီ ရှာဖွေမှုနောက်လိုက်သော ဆန္ဒဖြင့် ခရီးသွားခဲ့သည့် **မြန်မာပန်းချီခရီးသည်** တဦး ဖြစ်ပေသည်။

**ဤခရီး။** ။ရန်ကုန်မြို့မှ အထက်မြန်မာပြည်တခွင်၊ နာဂတောင်တန်း၊ မြောက်ပိုင်းရှမ်းပြည် ပူတာအို အထက် မချမ်းဘော ကချင်ပြည်နယ်အထိ မြန်မာပြည် တန်တလျှားရှိ ထူးခြားသောသခိုင်း ဖြစ်ရပ်၊ သဘာဝရှုခင်းမတူသော လူမှုဓလေ့နှစ်သက်စရာ ရှေးရိုးအစွဲအလန်း၊ တောင်တန်းနှင့် မြစ်ရေစီး၊ ဒေသထွက်ကုန်နှင့် သယံဇာတမြေ၊ ဤသည်တို့ကို အရုပ်ခံ ပန်းချီမျက်စိ၊ အမျိုးသားစိတ် အပြည့်ဖြင့် ရေးခြယ်ထားခြင်း ဖြစ်ရကား ဤပန်းချီပုံများကို ဆက်စပ်ယူတတ်လျှင် မြန်မာ့ လူမှုရေးသမိုင်းစဉ်ကို ကောက်ချက်ချနိုင်လာသည်အထိ ပြည့်စုံ လုံလောက်ပေသည်။

**ဤစာအုပ်။** ။ ယဉ်ကျေးမှု တိုးတက်သော နိုင်ငံတွင် ဤစာအုပ်မျိုးကို ရှားပါး၍ တန်ဖိုး **ကြီးသော စာအုပ်** အဖြစ် တမြတ်တနိုးလေ့လာ သိမ်းဆည်းကြသည်။ မြန်မာနိုင်ငံအတွက် ဤစာအုပ်မျိုး တကြိမ်မျှ မထုတ်ဝေဘူးသေးပေ။ မျက်မြင်အမြင်ကို ပန်းချီဖြင့်ဖော်၍ စိတ်အမြင် ကို စာဖြင့်ဖော်ထားခြင်းဖြစ်ရကား အခြား ခရီးသွား၊ ပညာပေး၊ အဖွဲ့ စာအုပ်တို့ထက် ဤစာအုပ်က အဆင့်မြင့်သည်။

ပန်းချီမောင်ငွေထွန်းနှင့်ပန်းချီရေးဖော်၊ ခရီးသွားဘက် စာရေးဆရာ ရန်ကုန် ဘဘေ့၏ 'ပန်းချီသည် စိတ်၏ အစာ' အမှာနှင့် ပန်းချီမောင်ငွေထွန်း၏ 'ပထမဦးဆုံးပန်းချီခရီးသည်' အမှာဝင်သည့် ပန်းချီခရီးသည် စာအုပ်အတွက် ပန်းချီဆန်စွာ ပါရှိထားပေသည်။

NYI SAY
MYANMAR EBOOK CREATOR

# ပန်းချီခရီးသည်

ပန်းချီမောင်ငွေထွန်း

